# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်၊ သောကြာနေ့ (26-6-2015) (၈၂၄၃)


## အေးစေ မြဲစေ မေတ္တာရေ

❁ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
❁ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
❁ မေတ္တာရနံ့၊ ကြိုင်လှိုင်နှံ့၊ သင်းပျံ့နယ်မဆုံး၊
❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှဲ့မမုန်း၊
❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား လျှို့ဝှက်ဆန္ဒမဲပေးဆုံးဖြတ်

## ပုဒ်မ ၅၉(ဃ)ပြင်ဆင်ရေးဆက်လက်ဆောင်ရွက်သွားရန်အတည်ပြု၊ ကျန်ပုဒ်မများ ပြင်ဆင်မှုအတွက် အတည်မပြု

**နေပြည်တော် ဇွန် ၂၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း [ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)အတွက်]နှင့်စပ်လျဉ်း၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးက မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပထမမူကြမ်း၊ ဒုတိယမူကြမ်း၊ တတိယမူကြမ်း ရေးဆွဲခဲ့မှုအခြေအနေများ၊ အချိန်အခါအလိုက် နိုင်ငံ၏အခြေအနေနှင့် အချိန်အခါပေါ် မူတည်ကာ ပြင်ဆင်ရေးဆွဲဆောင်ရွက်ခဲ့မှုအခြေအနေများ၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေဆိုင်ရာများ၊ အာဏာသုံးရပ်ကို အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်ကြရေးဆိုင်ရာများကိုလည်းကောင်း။


**စာမျက်နှာ ၈ ကော်လံ ၁ သို့●**




ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လျှို့ဝှက်ဆန္ဒမဲများ ရေတွက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)




အတွေးအမြင်

**ကြေးမုံ စာတည်း ရှုထောင့်** — **၂၆-၆-၂၀၁၅၊ သောကြာနေ့**

# နည်းပညာမြင့်မှတိုးတက်မည်

ဂလိုဘယ်လ်လိုက်ဖေးရှင်းခေတ်ကာလတွင် တိုးတက်သည့်နိုင်ငံတိုင်း၌ ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အလေးထား အသုံးပြုလာကြသည်။ နယ်ပယ်တိုင်း၌ ကွန်ပျူတာနည်းပညာကို ထိထိရောက်ရောက် အသုံးချနိုင်မှသာလျှင် အစိုးရလုပ်ငန်းများအပြင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွင်ပါ လုပ်ငန်းများ လျင်မြန်ချောမွေ့ပြီး သွက်လက်ထက်မြက်စွာဖြင့် အသုံးပြုလာနိုင်မည်ဖြစ်သည်။

အာဆီယံဒေသတွင်းနိုင်ငံများ၏ ၂၀၁၃ ခုနှစ် သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းအရ စင်ကာပူနိုင်ငံသည် အဆင့် ၁၆၊ ဘရူနိုင်းနိုင်ငံသည် အဆင့် ၆၆၊ မလေးရှားနိုင်ငံသည် အဆင့် ၇၁၊ ထိုင်းနိုင်ငံသည် အဆင့် ၈၁၊ ဗီယက်နမ်နိုင်ငံသည် အဆင့် ၁၀၁၊ ဖိလစ်ပိုင်နိုင်ငံသည် အဆင့် ၁၀၃၊ အင်ဒိုနီးရှားနိုင်ငံသည် အဆင့် ၁၀၆၊ ကမ္ဘောဒီးယားနိုင်ငံသည် အဆင့် ၁၂၇၊ လာအိုနိုင်ငံသည် အဆင့် ၁၃၅ ရှိပြီး မြန်မာနိုင်ငံသည် အဆင့် ၁၅၀ တွင်သာရှိနေကြောင်း သိရှိရပါသည်။

ထို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံသည် အိုင်စီတီကဏ္ဍ၌ နောက်ဆုံးအဆင့်တွင်သာ ရပ်တည်နေကြောင်း တွေ့ရမည်ဖြစ်သည်။ နည်းပညာခေတ်တွင် ကမ္ဘာ့နိုင်ငံများအားလုံး ခေတ်ကိုရင်ပေါင်တန်းကျော်လွှားနိုင်ရန် အိုင်စီတီနည်းပညာမြင့်မားရေးကို ကြိုးပမ်းအားထုတ်လျက်ရှိရာ ကြိုးစားလျှင် ကြိုးစားသလောက် နိုင်ငံများ၏ အိုင်စီတီနည်းပညာမြင့်မားလာရေး ပြိုင်ဆိုင်မှုအတက်အကျ ရှိနေပါသည်။

နည်းပညာမြင့်မားသော အရှေ့တောင်အာရှ၏ ထိပ်တန်းနိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံသည်ပင် ၂၀၁၂ ခုနှစ်က နည်းပညာအဆင့် ၁၅ ရှိရာမှ ၂၀၁၃ ခုနှစ်တွင် အဆင့် ၁၆ သို့ ပြန်ကျသွားသည်ကို တွေ့ရသည်။ တတိယလိုက်သည့် ထိုင်းနိုင်ငံကိုကြည့်မည်ဆိုလျှင် ၂၀၁၂ ခုနှစ်က နည်းပညာအဆင့် ၉၁ ရှိနေရာမှ ၂၀၁၃ ခုနှစ်တွင် အဆင့် ၈၁ ရအောင်ကြိုးစားအားထုတ်နိုင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့်မူ ကမ္ဘာပေါ်ရှိနည်းပညာမဖွံ့ဖြိုးသေးသည့် နိုင်ငံများအုပ်စုတွင်ပင် ရှိနေသေးသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနကို တည်ထောင်ဖွင့်လှစ်၍ ကွန်ပျူတာသုံး မြန်မာနိုင်ငံဖြစ်လာစေရေး မျှော်မှန်းချက် ၂၀၃၀ ကို ချမှတ်ခဲ့ပြီး (၂၀၂၁-၂၀၃၀)တွင် ပြီးမြောက်အောင်ဆောင်ရွက်ခြင်း၊ (၂၀၁၁-၂၀၂၀)တွင် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ခြင်း၊ (၂၀၀၅-၂၀၁၀)တွင် အခြေခံအုတ်မြစ်ချမှတ်ခြင်းတို့ကို ဆောင်ရွက်လာကြသည်။

လက်ရှိကာလတွင် အိုင်စီတီအခြေခံအဆောက်အအုံ တည်ဆောက်မှုတွင် ဈေးကွက်လိုအပ်ချက်ကိုရှေးရှု၍ မြို့ပြနှင့်ကျေးလက်များတွင် တယ်လီဖုန်းနှင့် မိုဘိုင်းနယ်အဝေးဆက်သွယ်ရေးစနစ်များကို အော်ပရေတာများနှင့် ပူးပေါင်းကာ တည်ဆောက်လျက်ရှိနေသဖြင့် ပြည်သူများအကြား ဆက်သွယ်ရေးကွန်ရက်မြင့်မားမှုမှာ တစ်နေ့တခြား သိသာမြင့်မားလာသည်ကို တွေ့ရပါသည်။

သို့သော် ကွန်ပျူတာနည်းပညာပိုင်းတွင်မူ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေသည်မှာ အမှန်ဖြစ်ပါသည်။ ထို့ကြောင့် အိုင်စီတီအဆောက်အအုံ၊ အိုင်စီတီလုပ်ငန်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ကွန်ပျူတာသုံးအစိုးရ၊ ကွန်ပျူတာသုံးပညာရေး၊ ကွန်ပျူတာသုံးကုန်သွယ်ရေးနှင့် သတင်းအချက်အလက်ရရှိရေး၊ အိုင်စီတီဥပဒေဆိုင်ရာ မူဘောင်ရေးဆွဲရေး၊ စံနှုန်းတစ်ခုတည်း ပြုလုပ်ရေးနှင့် လွတ်လပ်စွာဆောင်ရွက်နိုင်ရေးတို့သည် အရေးတကြီး လုပ်ကိုင်ရမည့် အနေအထားရှိလာပါသည်။

အခြေခံကွန်ရက်နှင့် နည်းပညာပစ္စည်းမြင့်မားမှုအတွက် ရင်းနှီးမြှုပ်နှံမှု အင်အားကောင်းရန်လိုပြီး ကွန်ပျူတာသုံးပညာရေးရှိမှသာလျှင် အိုင်စီတီ အသုံးပြုမှုစွမ်းရည်မြင့်လာနိုင်ပါသည်။ အိုင်စီတီဥပဒေမူဘောင်ရှိမှလည်း စံနှုန်းတစ်ခုတည်းရှိသော အိုင်စီတီကို လွတ်လပ်စွာရရှိမည်ဖြစ်ပါသည်။ လက်ရှိတွင် အချို့နယ်ပယ်ဌာနများ၌ ကွန်ပျူတာသုံးနည်းပညာကို ဦးစားပေးရန်ကြိုးစားအားထုတ်နေသော်လည်း ကွန်ပျူတာသုံးပညာရေးစနစ်ကို ခြေခြေမြစ်မြစ်မသိရှိသည့်အပြင် ပြုပြင်ပြောင်းလဲအားထုတ်ရန်မကြိုးစားဘဲ ရှေးရိုးစွဲလုပ်မြဲလုပ်လိုကြသောကြောင့် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ရပ်တန့်နေသည်ကို တွေ့ရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရန်အတွက် အိုင်စီတီနည်းပညာ ကွန်ပျူတာအသုံးပြုမှုကို နယ်ပယ်တိုင်း၌ မဖြစ်မနေကြိုးပမ်းအားထုတ်ကြရန် လိုအပ်နေပါသည်။ ။

# ရေဝတီမြစ်ရေတိုးလာသဖြင့် မြစ်ကြောင်းသွားရေယာဉ်များအတွက် ရေလမ်းသတိပေးချက်ထုတ်ပြန်



**မန္တလေး ဇွန် ၂၅**

မြန်မာပြည်အထက်ပိုင်းတွင် မိုးရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေမြင့်တက်လာသဖြင့် မြစ်ကြောင်းသွားရေယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသ(၅)မှ သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

"မုတ်သုံရာသီအစ မိုးဦးကာလမှာ မြစ်ရေတက်လာပြီဖြစ်လို့ ရေယာဉ်တွေ အန္တရာယ်ကင်းကင်းမောင်းနှင်နိုင်အောင် ဌာနကသတိပေးချက်ထုတ်ပြန်ပါတယ်။ ရေလမ်းပြအမှတ်အသားတွေ စိုက်ထူချထားပေးထားပေမယ့် တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် ပျက်စီးသွားတာမျိုးရှိလို့ ရေယာဉ်တွေ ဂရုတစိုက်မောင်းနှင်ဖို့လိုပါတယ်"ဟု ရေကြောင်းလမ်းညွှန်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါသတိပေးချက်တွင် ရေများချိန်၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် ရေနက်မလုံလောက်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်း မပြုရန်၊ မြစ်ကူးတံတားများဖြတ်သန်းလျှင် ဝင်ပေါက်/ထွက်ပေါက်များနှင့် မဝင်ရသည့် အပေါက်များတွင် အမှတ်အသားများ ပြသထားကြောင်း၊ မြစ်ကူးတံတားရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေခြင်းကြောင့် ယင်းတိုင်များအကြား ရေစီးသန်သဖြင့် ရေယာဉ်၏ စက်အား/ဝန်အားနှင့် ရေစီးနှုန်းတို့ကို ချင့်ချိန်မောင်းနှင်ရန်လိုကြောင်း ပါရှိသည်။

"မြစ်ရေက အထက်ပိုင်းမှာ မိုးကောင်းတဲ့အတွက် ဇွန် ၅ ရက်မှာ ၄၇၀ စင်တီမီတာရှိနေပြီး ဇွန် ၁၂ ရက်မှာ ၆၁၇ စင်တီမီတာကနေ ဇွန် ၂၅ရက် တိုင်းတာချက်အရ ၉၂၂ စင်တီမီတာအထိမြင့်တက်လာနေပါတယ်။ ရေနည်းချိန် ၆ လနဲ့ ရေများချိန် ၆ လရှိတဲ့အတွက် အခါအားလျော်စွာ သတိပေးချက်တွေထုတ်ပြန်ပေးနေပါတယ်"ဟု ၎င်းက ပြောသည်။

သို့ဖြစ်၍ ရေယာဉ်အားလုံးအနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးမှောင်ကျခြင်းများဖြစ်ပေါ်လာလျှင် အန္တရာယ်မဖြစ်စေရန် အထူးဂရုစိုက် မောင်းနှင်ရန်နှင့် လေပြင်းတိုက်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေအတိုင်း ထိန်းသိမ်းမောင်းနှင်ကြရန် ယင်းဌာနမှ ရေလမ်းသတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၅**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၄၅၀၀ - ၇၃၇၀၀၀ | |
| မန္တလေး | ရွှေဈေး | ၇၃၄၀၀၀ - ၇၃၆၃၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၁၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၅၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၁၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၄၃.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၈.၈၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂.၈၅၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၄.၇၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇.၄၆၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၉၅.၉၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၀.၀၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၅၆.၇၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၂၆.၀၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**







# အရေးပေါ်လူနာတင်ယာဉ်စနစ် ပေါ်ပေါက်ရေးသည် အလွန်အရေးကြီးပြီး အထူးလိုအပ်နေသည့် လုပ်ငန်းဖြစ်




**နေပြည်တော် ဇွန် ၂၅**

မြန်မာနိုင်ငံ အရေးပေါ်လူနာတင်ယာဉ်စနစ်ပေါ်ပေါက်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်မက်စ်၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အရေးပေါ်လူနာတင်ယာဉ်စနစ် အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသည် အရေးပေါ်လူနာတင်ယာဉ်စနစ်နှင့် သက်ဆိုင်သည့် ကျွမ်းကျင်သူပညာရှင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံကြပြီး လူနာများ ဆေးရုံမရောက်မီကြားကာလတွင် ပြုစုသယ်ပို့ရေး Pre-hospital Care အပိုင်းကို ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အထွေထွေကျန်းမာရေးစောင့်ရှောက်မှုအတွက် အရေးကြီးသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် ထိခိုက်မှုအန္တရာယ် ကာကွယ်တားဆီးရေး သုတေသနပြုချက်အရ ဆေးရုံသို့ အရေးပေါ်ရောက်လာကြသော လူနာများ၏ ၃ ရာခိုင်နှုန်း မှ ၅ ရာခိုင်နှုန်းအထိသာ လူနာတင်ယာဉ်ဖြင့် ရောက်လာကြပါကြောင်း၊ ၎င်းမှာ လူနာတင်ယာဉ် နည်းပါးမှုနှင့် လူနာတင်ယာဉ်စနစ် မဖွံ့ဖြိုးမှုကြောင့် ဖြစ်ပါကြောင်း။

အရေးပေါ်ဌာနသို့ ရောက်ရှိလာသည့် လူနာများ၏ ၈၉ ရာခိုင်နှုန်းသည် ဆေးရုံမရောက်မီတွင် စနစ်တကျပြုစုကုသမှု မရရှိခဲ့ကြကြောင်းနှင့် ကျန်သော ၁၁ ရာခိုင်နှုန်းသည် ဆေးရုံရောက်မှသာ ကုသမှုစတင်ရရှိသည်ဟု သိရပါကြောင်း၊ အကယ်၍သာ အခင်းဖြစ်ပွားသည့်နေရာတွင် သက်ဆိုင်ရာရောဂါအလိုက် ရှေးဦးသူနာပြုစုကုသမှုရရှိပြီး စနစ်တကျအမြန်ဆုံး ဆေးရုံပို့ပေးနိုင်ကြမည်ဆိုပါက ထိခိုက်ဒဏ်ရာနှင့် အခြားအရေးပေါ် ရောဂါများကြောင့် သေဆုံးမှုကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အရေးပေါ်ဆေးကုသမှုအဆင့်ကို ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပခဲ့သည့် အချိန်ကစပြီး ရန်ကုန်၊ နေပြည်တော်၊ မန္တလေး စသည့် ပြည်သူ့ဆေးရုံကြီးများ၏ အရေးပေါ်ဌာနများကို စတင်အဆင့်မြှင့်တင်ထားခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါအရေးပေါ်ဌာနများတွင် လိုအပ်သည့် ဆေးဝါးနှင့် ခေတ်မီပစ္စည်းကိရိယာများနှင့်အတူ အရေးပေါ်အထူးကုဆရာဝန်များလည်း တွဲဖက်တာဝန်ချထားပေးပြီးဖြစ်သည်ကို သိရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အလားတူ အဆင့်မြှင့်ပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရန်ကုန်ဆေးတက္ကသိုလ် (၁)တွင် ဩစတြေးလျနိုင်ငံမှ Australian College of Emergency Medicine(ACEM)နှင့် ပူးပေါင်းပြီး မဟာဘွဲ့ဆိုင်ရာသင်တန်းကိုပါ ဖွင့်လှစ်ထားသည့်အတွက် နိုင်ငံတကာဆေးရုံများ၏ အရေးပေါ်ကုသမှု အရည်အသွေးကိုလည်း ရရှိလာမည်ဖြစ်ပါကြောင်း၊ အခြေအနေအရပ်ရပ်ကြောင့် အရေးပေါ်လူနာများ ဆေးရုံသို့ နောက်ကျပြီးရောက်လာပါက ပြုစုကုသမှု ပိုမိုခက်ခဲစေပြီး ဆုံးရှုံးမှုပိုမိုများပြားစေမည်ဖြစ်ပါကြောင်း။

လူနာတင်ယာဉ်များ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူနာပြုစုကုသမှု နည်းလမ်းများအတွက် သင်တန်းများ လိုအပ်နေမည် ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှနေ၍ မြန်မာနိုင်ငံ ရေမြေသဘာဝနှင့် သင့်လျော်မည့် **အရေးပေါ်ဆေးကုသမှု လူနာတင်ယာဉ်စနစ်** တစ်ခု ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း၊ အရေးပေါ်လူနာတင်ယာဉ်စနစ်ဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အောင်မြင်အောင် အရေးပေါ်ကျန်းမာရေးဆိုင်ရာ ဥပဒေရှိရန် လိုအပ်ပါကြောင်း။

၎င်းအရေးပေါ်ကျန်းမာရေးဆိုင်ရာ ဥပဒေအောက်တွင် လူနာ၏ရပိုင်ခွင့်၊ ပြုစုကုသသယ်ပို့ပေးသည့် စေတနာ့ဝန်ထမ်း၊ အစိုးရဝန်ထမ်း၏ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကိုလည်း ရှင်းလင်းပြတ်သားအောင် အကျေအလည် ဆွေးနွေးသတ်မှတ်ပေးရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးကလည်း ယခုဥပဒေပေါ်ပေါက်ရေးကို ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒေသတွင်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက လက်ရှိမြန်မာနိုင်ငံ၏ ပျမ်းမျှလူ့သက်တမ်းနိမ့်ကျမှု တစ်နှစ်အောက်၊ ငါးနှစ်အောက် ကလေးနှင့် မိခင် သေဆုံးမှုနှုန်းမြင့်မားနေမှု၊ မော်တော်ယာဉ်ကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုမြင့်မားလာမှုသည် အရေးပေါ်လူနာတင်ယာဉ်စနစ် ရှိ၊ မရှိအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်နွှယ်နေပါကြောင်း။

ထို့ကြောင့် အရေးပေါ်လူနာတင်ယာဉ်စနစ် ပေါ်ပေါက်ရေးသည် အလွန်အရေးကြီးပြီး မွန်မြတ်သောလုပ်ငန်းသည်လည်း အထူးလိုအပ်နေသည့် လုပ်ငန်းဖြစ်သည့်အတွက် ကြွရောက်လာကြသူ ပုဂ္ဂိုလ်များက ဘက်စုံထောင့်စုံမှ ဆွေးနွေးကြိုးပမ်းကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံ အရေးပေါ်လူနာတင်ယာဉ်စနစ်ပေါ်ပေါက်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော အရေးပေါ်ထိခိုက်ဒဏ်ရာရရှိမှု၊ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ အရေးပေါ်လူနာတင်ယာဉ်စနစ်အတွက် ဗဟိုကွပ်ကဲရေးဌာန ထူထောင်မည့် နည်းလမ်းများ၊ ၁၉၂ အရေးပေါ်ဖုန်းနံပါတ် သို့မဟုတ် Call Center ထူထောင်နိုင်မည့်အခြေအနေ၊ လူနာတင်ယာဉ်များအား အရေးပေါ်ဖြတ်သန်းမောင်းနှင်နိုင်မည့် နည်းလမ်းများ၊ လူနာတင်ယာဉ် လိုအပ်မှု၊ ယာဉ်မောင်းများနှင့် ဆေးအဖွဲ့များ လေ့ကျင့်ပျိုးထောင်မှုများကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အငြိမ့်သဘင်ငှားရမ်းမှု စိတ်ဝင်စားသူ နည်းပါး



**မန္တလေး ဇွန် ၂၅**

မြန်မာ့ရုပ်မြင်သံကြား စတင်ထုတ်လွှင့်ခဲ့သည့်နေ့က ၎င်းပါဝင်ကပြခဲ့သည့် မိုးနတ်သူဇာအငြိမ့် ထုတ်လွှင့်ပြသခဲ့သဖြင့် ဇာဂနာ(ခ) ဦးသူရက မိခင်အား ပြန်လည်ကျေးဇူးဆပ်နေရသကဲ့သို့ ခံစားမိပါကြောင်း မန္တလေးမြို့တွင် မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း အစီအစဉ် စတင်ရိုက်ကူးနေခိုက် ပြောကြားသည်။

အဆိုပါ အစီအစဉ်မှာ အငြိမ့်သဘင်တစ်ခေတ် ထွန်းကားခဲ့စဉ်က ပါဝင်ကပြဖျော်ဖြေခဲ့ကြသော အနုပညာရှင်ကြီးများ၏ ဖြတ်သန်းကျော်ဖြတ်ခဲ့ရသော အခြေအနေများ၊ အငြိမ့်သဘင်အပေါ်တွင် ထားရှိကြသော အနုပညာရှင်များ၏ သဘောထားများ၊ ယနေ့ အငြိမ့်သဘင်တွင် ပါဝင်ကပြနေသော မျိုးဆက်သစ်များအပေါ် လမ်းညွှန်မှာကြားမှုများနှင့် ၎င်းတို့ ကျော်ကြားခဲ့သော တေးသီချင်းများကို ကနည်းကဟန် စုံလင်စွာဖြင့် ရိုက်ကူးတင်ပြသွားမည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း ရိုက်ကူးမှုအစီအစဉ်တွင် မန္တလေး အငြိမ့်သဘင်လောက၌ ထင်ရှားကျော်ကြားခဲ့ကြသည့် မင်းသမီးကြီး ထိပ်သီး ဒေါ်သန်းသန်းက ၎င်းတို့အငြိမ့်ပညာ သင်ကြားစဉ်က တွေ့ကြုံခဲ့ရသည်များ၊ ခေတ်များပြောင်းလဲလာသကဲ့သို့ မင်းသမီးများ၏ ကကြိုးကကွက်များ ပြောင်းလဲကပြ တင်ဆက်မှုအခြေအနေများကို ပြန်ပြောင်းပြောပြသည်။

လူရွှင်တော်ကြီး ဦးဂျာအေးက မန္တလေးမြို့တွင် ၁၉၆၀ ခုနှစ်ကျော်မှ ၁၉၈၈ ခုနှစ်ထိ အငြိမ့်သဘင်ခေတ်ကို ထူထောင်နိုင်ခဲ့ကြောင်း၊ ယခုအခါတွင် အငြိမ့်သုံးဖွဲ့၊ လေးဖွဲ့သာ ရှိတော့၍ များစွာနည်းပါးသွားပြီဖြစ်ကြောင်း၊ အငြိမ့်သဘင်များ၏ နိမ့်ကျခြင်း အဓိကအကြောင်းအရင်းကို သုံးသပ်မည်ဆိုပါက အငြိမ့်သဘင်၏ အထွေထွေကုန်ကျမှုစရိတ်မှာ ဇာတ်သဘင်အဖွဲ့တစ်ဖွဲ့၏ ကုန်ကျစရိတ်နီးပါးရှိကြောင်း၊ နောက်သဘင်တွင် လင်းစင်ရောင်းချ၊ ပန်းကြဲစင်ရောင်းချ ရငွေများသည် ဇာတ်သဘင်ငှားရမ်းခကိုများစွာ အထောက်အကူပြုသည်ဖြစ်၍ ပွဲငှားရမ်းသူအများစုမှာ ဇာတ်သဘင်ကိုသာ ပိုမိုစိတ်ဝင်စားလာကြခြင်းဖြစ်ကြောင်း၊ ပွဲငှားရမ်းသူအများစုမှာ အငြိမ့်သဘင်ငှားရမ်းမှုကို စိတ်ဝင်စားမှုနည်းပါးလာခြင်းကြောင့် ယခုကဲ့သို့ အငြိမ့်သဘင်နည်းပါးလာခြင်းဖြစ်ကြောင်း ပြောသည်။

ယခုရိုက်ကူးမှု အစီအစဉ်တွင် ယခင်ခေတ်အနုပညာရှင်ကြီးများ၏ အနုပညာဖြတ်သန်းမှုများ၊ ၎င်းတို့ အောင်မြင်ကျော်ကြားခဲ့သော တေးသီချင်းများနှင့် ကကြိုးကကွက်များကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရိုက်ကူးတင်ဆက်မည့် အစီအစဉ်ဖြစ်ကြောင်းကို ရိုက်ကူးရေးမန်နေဂျာက ပြောပြသည်။

**တင်မောင်-အောင်သူရ**
**(မန်းကိုယ်ပွား)**



**ဇွန် ၂၅ ရက်က ပြည်တွင်း ပြည်ပ ကျောက်မျက်ရတနာကုန်သည်များ ကျောက်စိမ်းတွဲများနှင့် ကျောက်မျက်များအား လွတ်လပ်စွာကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)

# ပြည်သူတို့၏ လူမှုစီးပွားဦးစားပေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရမည့်တာဝန်များ ထိရောက်အောင် ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဇွန် ၂၅**

အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ (၂/၂၀၁၅) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသား မြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

ရှေးဦးစွာ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာ၌ အမျိုးသား မြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီမှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၃)ရပ်ဖြစ်သည့် ရေရှည်တည်တံ့သော အနာဂတ်အခြေခံအုတ်မြစ် ဖြစ်တည်စေမည့် မြေအရင်းအမြစ် စီမံခန့်ခွဲမှု မူဝါဒဆိုင်ရာ အခြေခံမူများကို အများပါဝင်မှုဖြင့် ချမှတ်ခြင်း၊ အဖွဲ့အစည်းများအကြား ဆက်စပ်ညှိနှိုင်း၍ မြေအရင်းအမြစ် စီမံမှုဆိုင်ရာ အနာဂတ်အခြေခံအုတ်မြစ်အတွက် ပြင်ဆင်ခြင်းနှင့် ပြည်သူကိုဗဟိုပြု ဖွံ့ဖြိုးမှုရလဒ်များ ဖော်ဆောင်ရေးကို ရှေးရှုသော စမ်းသပ်စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်းတို့ကို သတ်မှတ်အချိန်ဇယားများအတိုင်း အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်း။


မြေအရင်းအမြစ်စီမံခန့်ခွဲမှု မူဝါဒကို အများပါဝင်မှုဖြင့် ချမှတ်နိုင်ရန် ရေးဆွဲပြုစုလျက်ရှိရာ ယခုအခါ မြေအသုံးချမှုမူဝါဒ (ဆဋ္ဌမ)မူကြမ်းကို ကျွမ်းကျင်သူပညာရှင်များနှင့် ပြည်သူများ၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ ရေးဆွဲပြီးစီးသည့် အမျိုးသားမြေအသုံးချမှုမူဝါဒ (ဆဋ္ဌမ)မူကြမ်းကို ပိုမိုပြည့်စုံကောင်းမွန်စေရန် ထပ်မံအကြံပြုဆွေးနွေးသွားရန် ဖြစ်ကြောင်း။

မြေအရင်းအမြစ်စီမံအုပ်ချုပ်မှု လေ့လာသုံးသပ်ချက်မူဘောင် (Land Governance Assessment Framework)ကို ကျွမ်းကျင်သူများ အကူအညီဖြင့် ချမှတ်ပြီး အစိုးရ၏ ပွင့်လင်းမြင်သာမှုကို မှန်ကန်စွာ တည်ဆောက်လျက် လူထု၏ယုံကြည်မှုကို ရယူသွားရန်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရသက်တမ်းတစ်လျှောက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြောင်းလဲခဲ့ပြီး ကျန်ရှိသည့်ကာလအတွင်း ဒီမိုကရေစီနိုင်ငံသစ် ထူထောင်ရေးတွင် ခိုင်မာသည့် အခြေခံအုတ်မြစ်များ ချမှတ်ပေးနိုင်ရေး တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရမည့်တာဝန်များကို ထိထိရောက်ရောက်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အစိုးရက တာဝန်ယူသည့်ကာလအတွင်း ပြီးမြောက်နိုင်မှုမရှိသည့်တိုင် ရှေ့လုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက် ခရီးဆက်နိုင်ရန် ကောင်းမွန်မှန်ကန်သည့် ချဉ်းကပ်မှုပုံစံနှင့် လမ်းကြောင်းများ ချမှတ်ပေးရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝင်းထွန်းနှင့် ဗဟိုကော်မတီအဖွဲ့ဝင်များက လယ်ယာမြေ၊ မြေလွတ်မြေရိုင်း စီမံခန့်ခွဲမှုကိစ္စရပ်များ၊ ဆိပ်ကမ်းများနှင့် မြစ်၊ ချောင်း၊ ကမ်းရိုးတန်းဒေသများဆိုင်ရာ မြေအရင်းအမြစ်အသုံးချရေးကိစ္စများ၊ မြို့ပြများဖွံ့ဖြိုးတိုးတက်အောင် ရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်နေမှုများ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ်းခြေဒေသများ သာယာလှပရေး ကွင်းဆင်းဆောင်ရွက်နေမှုများ၊ မြေယာနှင့်ပတ်သက်သည့် ဥပဒေကြမ်းများ ရေးဆွဲဆောင်ရွက်နေမှုများ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းမူဝါဒများ၊ မြို့ကြီးများတွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား နယ်စပ်ဒေသတွင် လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လုပ်ဆောင်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya အား ယနေ့နံနက် ၉ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Gaurav Sharma တို့တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား နယ်စပ်ဒေသတွင် လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လုပ်ဆောင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်ရှိဆောင်ရွက်နေသည့် ကုန်ထုတ် လုပ်ရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေး စသည့်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။ **(မြဝတီ)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

# ပထမပြန်စာမေးပွဲအောင်စာရင်း ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲတွင် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ၊ လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၁၁၈၂၅ ဦးအနက် ၁၈၅၉ ဦးအောင်မြင်၍၁၅ ဒသမ ၇၂ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၁၁၆၁၂ ဦးအနက် ၄၁၅၆ ဦးအောင်မြင်၍ ၃၅ ဒသမ ၇၉ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၂၂၅၃၅ ဦးအနက် ၆၃၁၅ ဦးအောင်မြင်၍ ၂၈ ဒသမ ၀၂ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲအောင်မြင်ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များတွင် အတန်းအသီးသီး၌ နိုင်ငံတစ်ဝန်းလုံး ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် (ပထမ) ရရှိကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပထမကြီးတန်း**

| | | |
|---|---|---|
| (၁) | ပထမ (ပထမကျော်ဘွဲ့ရ) | ခုံအမှတ်-စက/၂၅၀၊ ဦးပညာသာမိလင်္ကာရ၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| (၂) | ဒုတိယ | ခုံအမှတ်-မန်းခသ/၂၆၆၊ ရှင်ပဏ္ဍဝါလင်္ကာရ၊ ဦးညာဏောဘာသကျောင်း၊ ဘုရားကြီးတိုက်၊ မန္တလေးမြို့။ |
| (၃) | တတိယ | ခုံအမှတ်-စက/၂၄၆၊ ဦးသုစာရိန္ဒာလင်္ကာရ၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| (၁) | သီလရှင် ပထမ | ခုံအမှတ် စက/၆၇၅၊ မညာဏထေရီ၊ သကျဓိတာချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |

**ပထမလတ်တန်း**

| | | |
|---|---|---|
| (၁) | ပထမ | ခုံအမှတ်-စက/၁၅၉၊ ဦးညာဏိကာလင်္ကာရ၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| (၂) | ဒုတိယ | ခုံအမှတ်-စက/၁၅၅၊ ဦးပညာစာရာလင်္ကာရ၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| (၃) | တတိယ | ခုံအမှတ်-စက/၁၅၈၊ ဦးရာဇဓမ္မာလင်္ကာရ၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| (၁) | သီလရှင် ပထမ | ခုံအမှတ်-စက/၆၅၄၊ မသုမနစာရီ၊ သကျဓိတာချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |

**ပထမငယ်တန်း**

| | | |
|---|---|---|
| (၁) | ပထမ | ခုံအမှတ်-မြ/၇၃၊ ရှင်ဩဒါတ(ပါဠိ)၊ တိုက်သစ်ပဇ္ဇောတာရုံ၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |
| (၂) | ဒုတိယ | ခုံအမှတ်-စိန်/၆၈၊ ဦးနန္ဒောဘာသ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (၃) | တတိယ | ခုံအမှတ်-ဗဟ/၃၄၊ ရှင်နန္ဒိယ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်း၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (၁) | သီလရှင် ပထမ | ခုံအမှတ်-စက/၁၀၂၈၊ မထေရီမာ၊ သမိဒ္ဓေါဒယချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |

၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ အောင်စာရင်းများကို တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များ၌ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ ပထမပြန်စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးများ၌လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၅၁ မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားအတွက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုထံမှ ပေးပို့သည့် သဝဏ်လွှာ**

**(၂၀၁၅ ခုနှစ် ဇွန်လ ၂၆ ရက်)**

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများ ကျင်းပနေကြမည်ဖြစ်ပါသည်။

၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို ကမ္ဘာ့မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးနည်းတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များသည် ယနေ့တွင် (၂၈)ကြိမ်မြောက် အဖြစ် အခမ်းအနားများ ကျယ်ကျယ်ပြန့်ပြန့်ကျင်းပနေမည်ဟု ယုံကြည်ပါသည်။

အလားတူ ရန်ကုန်၊ မန္တလေးနှင့်တောင်ကြီးမြို့များတွင်လည်း ယခင်နှစ်များနည်းတူ မူးယစ်ဆေးဝါးမီးရှို့ဖျက်ဆီးပွဲများကို တစ်ပြိုင်တည်း ကျင်းပနေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ကမ္ဘာ့မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းသုံးခုဖြစ်သည့် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုး၍ ကွန်ဗင်းရှင်းများပါပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပြီး အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့ရာတွင် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများဥပဒေ၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

၁၉၇၆ ခုနှစ်တွင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေရှိစေရန် နောက်ဆုံးအကြိမ်အဖြစ် ၂၀၁၂ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း ၂၀၁၁ ခုနှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ အဆင့်ဆင့် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက် အစိုးရများမှ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ပြည်သူလူထုကလည်း ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မဟာဗျူဟာ(၂)ရပ်ဖြစ်သော **“မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး”၊ “နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဘဝတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး”**ကို ချမှတ်ပြီး ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်ထိ မြို့နယ်ပေါင်း ၅၁ မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးမှုအပြင် စိတ်ကြွရူးသွပ်ဆေးဝါး ထုတ်လုပ်မှု၊ သုံးစွဲမှုစသော စိန်ခေါ်မှုများနှင့် ထပ်မံရင်ဆိုင်လာရခြင်းအပေါ် ၂၀၁၅ ခုနှစ် အာဆီယံဒေသ မူးယစ်ဆေးဝါးကင်းစင်ရေးရည်မှန်းချက်နှင့် ၂၀၁၅ ခုနှစ်အလွန် မူးယစ်ဆေးဝါးလျှော့ချရေး လုပ်ငန်းစဉ်များနှင့်အညီ စတုတ္ထမူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်ထိ တိုးမြှင့်၍ ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဘိန်းစိုက်ပျိုးမှုလျှော့ချရေးကို အလေးထားဆောင်ရွက်ခဲ့သည့်အတွက် ၂၀၀၇ ခုနှစ်မှ ခုနှစ်နှစ်ဆက်တိုက် မြင့်တက်ခဲ့သော ဘိန်းစိုက်ပျိုးမှုသည် ၂၀၁၄ ခုနှစ်တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဘိန်းစိုက်ပျိုးမှုကျဆင်းခြင်းဘက်သို့ ဦးတည်လာခဲ့ကြောင်း UNODC ၏ ၂၀၁၄ ခုနှစ် ဘိန်းစိုက်ပျိုးမှု အစီရင်ခံစာအရ တွေ့ရှိရပါသည်။

ထိုသို့ ဘိန်းစိုက်ပျိုးမှုကို ထိန်းချုပ်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကဏ္ဍတွင် ထူးခြားသော ရလဒ်ကောင်းတစ်ခုဖြစ်ပြီး ထိုအောင်မြင်မှုအား ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ပါသည်။

ယနေ့ UNODC, UNDP အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများသည် မူးယစ်ဆေးဝါးမူဝါဒများနှင့် ပတ်သက်၍ လေ့လာသုံးသပ်မှု သုတေသနလုပ်ငန်းများ ဆောင်ရွက်လာကြသည်ကို တွေ့ရှိရပါသည်။

လေ့လာဆန်းစစ်ချက်များအရ မူးယစ်ဆေးဝါးအမျိုးအစားအသစ်များ ပေါ်ထွက်လာမှုအပါအဝင် ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းလုံခြုံရေးဆိုင်ရာ ကဏ္ဍများတွင် သက်ရောက်မှုများစွာဖြင့် အခြေအနေကို ပိုမိုပါဝင် ပတ်သက်မှုဖြစ်စေကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်မှုပပျောက်ရေးလုပ်ငန်းစဉ်အောက်တွင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးရေး၊ မွေးမြူရေး၊ သီးနှံအစားထိုး စိုက်ပျိုးရေးနှင့် အစပျိုးဓာတုပစ္စည်းများ ထိန်းချုပ်ကြီးကြပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်အောက်တွင်လည်း ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေး၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲမှုအပိုင်းတွင် မူးယစ်ဆေးဝါးဆိုင်ရာ မှုခင်းများအား ထိရောက်စွာ ဖော်ထုတ်နိုင်ရန် မူးယစ်ဆေးဝါးပပျောက်ရေးဌာနကို ၂၀၁၃ ခုနှစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်း စစ်ဆင်ရေးနှစ်ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့၌ ငါးကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း စစ်ဆင်ရေးသုံးကြိမ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေးဟောပြောပွဲများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ဖွံ့ဖြိုးမှုနောက်ကျပြီး ဝေးလံခေါင်းပါးသောဒေသများ၌ တရားမဝင်လုပ်ငန်းများနှင့် ဘိန်းစိုက်ပျိုးခြင်းကို ၎င်းတို့၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်များအတွက် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မှုအပိုင်း၌ နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားဆင်းရဲမွဲတေမှု လျှော့ချရေးအစီအစဉ်အောက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘိန်းစိုက်ပျိုးရာဒေသများ၌ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမြေဖော်ထုတ်ရေး၊ ရေရရှိရေး၊ စွမ်းအင်၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခြင်းနှင့် သာသနာရေးအဆောက်အအုံများ တည်ဆောက်ပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အတူ မွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ဝင်ငွေရရှိနိုင်ရေး မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒေသနှင့်ကိုက်ညီသော တစ်နိုင်မွေးမြူရေးလုပ်ငန်း၊ မွေးမြူရေးဘဏ်များ၊ ငါးသားပေါက်များဖြန့်ဖြူးခြင်း၊ တိရစ္ဆာန်မျိုးများ ဖြန့်ဖြူးခြင်းတို့အပြင် ဆေးဝါးကုသပေးခြင်းနှင့် နည်းပညာများဖြန့်ဝေခြင်းများကိုပါ ဆောင်ရွက်လျက်ရှိပါသည်။

ဘိန်းစိုက်ပျိုးမှုကို မှီခိုခြင်းမှကင်းဝေးပြီး အစားထိုးသီးနှံများ စိုက်ပျိုးနိုင်စေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှစ်ရှည်ပျိုးပင်နှင့် နှစ်ချင်းသီးနှံမျိုးစေ့များ ဖြန့်ဖြူးခြင်း၊ ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးများ ပံ့ပိုးခြင်း၊ နည်းပညာများဖြန့်ဖြူးခြင်း၊ စံပြစမ်းသပ်ကွက်များ စိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်းလုပ်ငန်းများကိုဒေသခံတောင်သူများအတွက် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အဓိကလိုအပ်သော အစပျိုးဓာတုပစ္စည်းများ လမ်းလွဲရောက်မှုမရှိစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် လိုအပ်ချက်အတိုင်း သုံးစွဲနိုင်စေရန် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မူးယစ်ဗဟိုအဖွဲ့၏ အောက်တွင် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းပြီး ပြည်ပမှတင်သွင်းလာသော ဓာတုဗေဒပစ္စည်းများနှင့်ပတ်သက်၍ သိုလှောင်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုသည် ရုပ်ပိုင်း၊စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုများ၏ တွန်းအားပေးမှုများကြောင့် သုံးစွဲမှုအများဆုံးဖြစ်သည်ကို တွေ့ရှိရပြီး မူးယစ်ဆေးဝါးသုံးစွဲမှုကို စနစ်တကျကုသနိုင်ရေး၊ ဆေးကုသရေးလုပ်ငန်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ မူးယစ်ဆေးစွဲ ကုသရေးဌာနကြီး ၂၆ ခုနှင့် ဌာနငယ် ၄၇ ခုကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မူးယစ်ဆေးစွဲသူများအား မက်သာဒုန်းအစားထိုးတိုက်ကျွေးမှုအစီအစဉ်အရ မက်သာဒုန်း တိုက်ကျွေးသည့် ဌာန ၄၁ ခုကို မူးယစ်ဆေးဝါးသုံးစွဲမှုများသည့် မြို့နယ်များ၌ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

ဌာနအခြေပြု ဆေးကုသရေးလုပ်ငန်းများအပြင် ပြည်သူလူထုအခြေပြု ဆေးကုသရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ဆေးစွဲလူနာများအတွက် တစ်နေရာတည်း၌ ကုသရေးဝန်ဆောင်မှုအားလုံးရရှိစေရန် One Stop Service လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မူးယစ်ဆေးဝါး အကြောတွင်းထိုးသွင်းခြင်းကြောင့် ကူးစက်တတ်သော HIV၊ အသည်းရောင်အသားဝါရောဂါပိုး ဘီ၊ စီနှင့် သွေးမှတစ်ဆင့် ကူးစက်တတ်သောရောဂါများအန္တရာယ်လျှော့ချရေးအတွက်လည်း UNAIDS နှင့် ပူးပေါင်း၍ အန္တရာယ်လျှော့ချရေး လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါသည်။

ကုသရေးဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြင့်တက်စေရန် ပြည်တွင်းသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့ စေလွှတ်ပြီး ဆေးကုသရေးအတွေ့အကြုံနှင့် သင်ခန်းစာများဖလှယ်သည့် ဆွေးနွေးပွဲများသို့လည်း စေလွှတ်တက်ရောက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုသည် နာတာရှည်ရောဂါတစ်မျိုးဖြစ်သည့်အတွက် ကုသရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းများကို တစ်ပေါင်းတည်း ဆောင်ရွက်မှသာ မူးယစ်ဆေးဝါးသုံးစွဲမှုမှ လွတ်ကင်းနိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် မူးယစ်ဆေးစွဲကုသပြီးသူများအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များသင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စခန်းအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြန်လည်ထူထောင်ရေးစခန်း ၁၂ ခုကို ဖွင့်လှစ်ထားရှိပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရန် ပြင်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြန်လည်ထူထောင်ပြီးသူများအား လူ့အသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ရောက်ရှိပြီး ဆေးဝါးပြန်လည်သုံးစွဲမှုမရှိစေရန် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းများ ဖွဲ့စည်း၍ နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေရန် ကြိုတင်အသိပညာပေးခြင်းသည် ထိရောက်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်နှင့်အညီ ကျောင်းသားလူငယ်ဘဝမှ စတင်၍ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သည့် အသိပညာဗဟုသုတများ နားလည်သိရှိထားရန် လိုအပ်မည်ဖြစ်ပါသည်။

ကျောင်းသားလူငယ်များအား အသိပညာပေးရာတွင် တိုက်ရိုက်အသိပညာပေးခြင်း၊ သွယ်ဝိုက်အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းအဆင့် မူးယစ်ဆေးဝါးအသိပညာပေးရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ နံရံကပ်စာစောင်၊ ဆောင်ပုဒ်များဖြန့်ဝေခြင်း၊ ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားခြင်း၊ မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခြင်းနှင့် ဆရာ ဆရာမများအတွက် ပညာရေးဝန်ကြီးဌာနက အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအား အသိပညာပေးရေးကဏ္ဍကလည်း မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် အရေးပါသည့်အလျောက် ပြန်ကြားရေးဝန်ကြီးဌာနမှ နယ်လှည့်စာကြည့်တိုက်များ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါး အန္တရာယ်အသိပညာများ တိုက်ရိုက်ရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့်လည်း မူးယစ်ဆေးဝါး ဆန့်ကျင်ရေးနှင့်ပတ်သက်သည့် သတင်း၊ တေးသီချင်းနှင့် ဇာတ်လမ်းများကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တိုင်းရင်းသားဘာသာ အစီအစဉ်များတွင် ထုတ်လွှင့်ပေးလျက်ရှိပါသည်။ ထို့အပြင် ပြည်သူ လူထုနှင့် လူငယ်ထုအကြား မူးယစ်ဆေးဝါးအသိပညာပေးလုပ်ငန်းများကို စာစောင်၊ ဂျာနယ်တို့မှတစ်ဆင့် ပညာပေးဇာတ်လမ်းများ၊ ဆောင်းပါးများ၊ ကာတွန်းများ ထည့်သွင်းဖော်ပြ အသိပညာပေးလျက်ရှိပါ သည်။

မူးယစ်ဆေးဝါးမှုခင်းများသည် နယ်စပ်ဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်မှုခင်းများ၏ သဘောသဘာဝဖြစ်သည့်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှစ်နိုင်ငံ သဘောတူညီချက် MoU များ လက်မှတ်ရေးထိုးပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ၁၉၉၃ ခုနှစ်တွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများဖြစ်သော မဲခေါင်ဒေသခွဲ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံနိုင်ငံများအကြား မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

အလားတူ ဘင်းစတက် (BIMSTEC) အဖွဲ့ဝင်နိုင်ငံများအဖြစ်လည်း မူးယစ်ဆေးဝါးနှင့် အစပျိုးဓာတုပစ္စည်းများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB)၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့ (DEA)၊ ဩစတြေးလျနိုင်ငံရဲတပ်ဖွဲ့ (AFP) တို့နှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင် ရွက်လျက်ရှိပါသည်။ ထို့အတူ UNODC နှင့်လည်း ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပေါ်တတ်သော နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများအနေဖြင့် မြန်မာ၊ တရုတ်၊ ထိုင်း၊ လာအို လေးနိုင်ငံပူးပေါင်း၍ မဲခေါင်မြစ်ကြောင်းလုံခြုံရေး (Safe Mekong) အပိုင်း(၁)နှင့်(၂)ကို ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိပါသည်။

နှစ်နိုင်ငံအစားထိုးဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများအဖြစ် တာချီလိတ်၊ မိုင်းဆတ်ဒေသ၌ ထိုင်းနိုင်ငံနှင့်ပူးပေါင်း၍ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ထိုင်းဘတ်ငွေ သန်း ၃၅၀ ဖြင့် ကျေးရွာပေါင်း ၅၆ ရွာတွင် အကောင်အထည်ဖော်လျက်ရှိပါသည်။

အလားတူ UNODC နှင့်ပူးပေါင်းပြီး ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုန်း၊ ပင်လုံ၊ လွိုင်လင်မြို့နယ်များ၌ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းသုံးခုကို အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ သန်းဖြင့် ၂၀၁၀ ခုနှစ်မှ ယနေ့ထိ ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဗဟိုအဖွဲ့အနေဖြင့် အစိုးရသစ်လက်ထက်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစစ်ဆင်ရေးများ ဆောင်ရွက်လျက်ရှိသကဲ့သို့ မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းပပျောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှု မြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ် လျော့ကျရေးနှင့် ဘိန်းစိုက်တောင်သူများ၏ အစားထိုးဝင်ငွေရလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းအထူးစီမံချက်ကို ဇုန်သုံးဇုန် သတ်မှတ်၍ ၂၀၁၅ ခုနှစ်မေ ၂၆ ရက်မှဇွန် ၂၆ ရက်ထိဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ စီမံချက်ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများစသည့် လူမှုရေးကွန်ရက်များအား အပြည့်အဝ ပူးပေါင်းပါဝင်လာရေး ဖိတ်ခေါ် ဆောင်ရွက်ခဲ့ပါသည်။

အလားတူ စီမံချက်များကိုလည်း တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို အခြေခံ၍ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော “LET’S DEVELOP OUR LIVES,OUR COMMUNITIES,OUR IDENTITIES WITHOUT DRUGS” “မူးယစ်ကင်းစင် ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုး ကြိုးပမ်းစို့”ဟု ဆိုသည့်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**အမိန့်ကြော်ငြာစာအမှတ်၊ ( ၃ / ၂၀၁၅ )**

**၁၃၇၇ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၉ ရက်**
**( ၂၀၁၅ ခုနှစ် ၊ ဇွန်လ ၂၅ ရက် )**

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေ ၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည် -

(က) မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ် ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းကို ထည့်သွင်းပြုစုရမည်။"

၃။ နည်းဥပဒေ ၁၁ (က) တွင်ပါရှိသော "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း" ဆိုသည့် စကားရပ်ကို "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နည်းဥပဒေ ၁၁ (င) (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ (င) (၂) အသက် ၁၈ နှစ်ပြည့်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကို လည်းကောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို လည်းကောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်ကိုလည်းကောင်း တင်ပြစေခြင်း။"

၅။ နည်းဥပဒေ ၄၄ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၄။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က)၊ (ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)၊ (ဆ)တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေများနှင့်အညီ အောက်ပါနည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည် -

(က) ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅(ခ)၊ (ဂ)နှင့် နည်းဥပဒေ ၅၄(ဃ)တို့ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်၌ ဆန္ဒပြုရာတွင် နည်းဥပဒေ ၄၁(ခ) ပါအတိုင်း တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုရမည်။

(ခ) ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၅(က)ပါသက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့ တက်ရောက်ကုသနေသူများနှင့် ရွေးကောက်ပွဲ နည်းဥပဒေ ၅၄(ဆ)ပါ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေအရ ကြိုတင်ဆန္ဒမဲပေးရာ၌ လွယ်ကူချောမွေ့စေရန်အတွက် ကြိုတင်ဆန္ဒမဲ လက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသည့် လေးထောင့်ကွက်အတွင်း၌ အမှန်( ✔ ) အမှတ်အသားပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုမည့်အစား အမှန်( ✔ ) အမှတ်အသားရေးခြစ်၍ ဆန္ဒပြုရမည်။"

၆။ နည်းဥပဒေတွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နည်းဥပဒေပါ ပုံစံ(၁)၊ ပုံစံ(၁-က) ပုံစံ(၁-၁)၊ ပုံစံ(၁-၂)နှင့် ပုံစံ(၁-၃) တို့၏ ရှင်းလင်းချက်အပိုဒ်(၃)တွင် ပါရှိသော " ယာယီသက်သေခံလက်မှတ်အမှတ်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ နည်းဥပဒေ ပုံစံ(၃)နှင့် ပုံစံ(၃-က)တို့တွင် ပါဝင်သော "ယာယီသက်သေခံ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

**(ပုံ) တင်အေး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံတော်သမ္မတ(ဟောင်း)ဒေါက်တာမောင်မောင်၏ အမှတ်တရပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံတော်သမ္မတ(ဟောင်း)ဒေါက်တာမောင်မောင်၏ ကျန်ရစ်သော အမှတ်တရပစ္စည်းများဖြစ်သည့် ပါရဂူဘွဲ့ဝတ်စုံတစ်စုံနှင့် အင်္ဂလိပ်လက်နှိပ်စက်တစ်လုံးတို့အား သားဖြစ်သူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမျိုးသားပြတိုက်(နေပြည်တော်)သို့ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၃ ရက်က အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ထို့နောက် ပြည်ထောင်စုရာထူးဝန်က ဖခင်နိုင်ငံတော်သမ္မတ(ဟောင်း) ဒေါက်တာမောင်မောင်၏ အသုံးအဆောင်ပစ္စည်း လှူဒါန်းရခြင်းအကြောင်းနှင့်ပတ်သက်၍ ဒေါက်တာမောင်မောင် (နိုင်ငံတော်သမ္မတ၊ အငြိမ်းစား)၏ (၂၀)နှစ်မြောက် ကွယ်လွန်ခြင်း အထိမ်းအမှတ်အဖြစ် ၎င်းသက်ရှိထင်ရှားရှိစဉ် ပထမအကြိမ် Doctorate in International Law(ILD),Utrecht University, The Hague, Netherlands နှင့် ဒုတိယအကြိမ် Doctor of Juridical Science(JSD),Yale University, New Haven,Connecticut,U.S.A တို့အတွက် ပါရဂူဘွဲ့နှစ်ကြိမ် ဆွတ်ခူးရယူနိုင်ရန် ပညာဆည်းပူးသင်ယူခဲ့သည့်ကာလက လည်းကောင်း၊ ဥပဒေပညာနှင့် ပတ်သက်၍ အမိမြန်မာနိုင်ငံတော်အတွက် ရာထူးအဆင့်ဆင့်ဖြင့် နိုင်ငံ့တာဝန်များကို ထမ်းရွက်ခဲ့ရာတွင် လည်းကောင်း ဝတ်ဆင်ခဲ့သည့်ဝတ်စုံနှင့် ဒေါက်တာမောင်မောင်သည် စာရေးဆရာတစ်ဦးဖြစ်သည်နှင့်အညီ စာမူများကို ကိုယ်တိုင်ရေးသားရိုက်နှိပ်ရာတွင် အသုံးပြုခဲ့သော အင်္ဂလိပ်လက်နှိပ်စက်တစ်လုံးတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ အမျိုးသားပြတိုက်တွင် မှတ်တမ်းတင်ထားရှိနိုင်ရန်အလို့ငှာ သက်ရှိထင်ရှား ကျန်ရစ်သူဇနီး ဒေါ်ခင်မြင့်၏ကိုယ်စား လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက လှူဒါန်းသည့် ပစ္စည်းများကို ပေးအပ်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံ၍ ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ကြောင်းသိရသည်။

အမျိုးသားပြတိုက်(နေပြည်တော်)ကို တည်ဆောက်ဆဲဖြစ်ပြီး မကြာမီအချိန်တွင် ပထမအဆင့်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ပြတိုက်တွင် မှတ်တမ်းတင် ပြသထားရှိနိုင်ရန် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သည့် သမ္မတများ၏ လွတ်လပ်ရေးကြိုးပမ်းမှု အမှတ်တရပစ္စည်းများ၊ ဘုရင်၊ မိဖုရားအသုံးအဆောင်ပစ္စည်းများ၊ သမိုင်းထင်ရှားပုဂ္ဂိုလ်များ၏ အမှတ်တရပစ္စည်းများအား(ပုဂ္ဂိုလ်၏ ဆောင်ရွက်မှုနှင့်တကွ) ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရုံးအမှတ်(၃၅)သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရွှေလရောင်ပရဟိတအသင်း(နေပြည်တော်) အဖေများနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

ရွှေလရောင် ပရဟိတအသင်း (နေပြည်တော်)မှ အဖေများနေ့ကို ဂုဏ်ပြုသောအားဖြင့် သက်ကြီးရွယ်အိုဘိုးဘွားများအား ပူးဇော်ကန်တော့ ဂုဏ်ပြုခြင်းအခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၈ နာရီက အသင်းရုံးခန်း တည်ရှိရာ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် အမှတ်(၆)၌ ကျင်းပခဲ့သည်။

အခမ်းအနားကို အသင်း၏အမှုဆောင်ဦးမင်းမင်းလတ်(နေပြည်တော် သတင်းထောက်)က "အဖေ့ဂုဏ်ရည်" ကဗျာကို ရွတ်ဆို၍ ဖွင့်လှစ်ပြီး အသင်းဥက္ကဋ္ဌ ဦးနေလင်းအောင်က အဖေ များနေ့ဂုဏ်ပြုပွဲ ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားကာ အောင်ဇမ္ဗူရပ်ကွက်အတွင်းရှိ အသက် (၈၀)နှင့် အထက် အဘိုးလေးဦး၊ အဘွား ၁၀ ဦးအား ကန်တော့ငွေနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခဲ့သည်။ ဆက်လက်၍ သက်ကြီးကန်တော့ခံများကိုယ်စား အသက်(၉၅)နှစ်ရှိ ဦးရိုးဖေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(ကိုကိုရှုပ)**

# ရေပြင်အသက်ကယ်လေ့ကျင့်ရေးပြုလုပ်

**မကွေး ဇွန် ၂၅**

မကွေးခရိုင် မကွေးမြို့နယ်တွင် သဘာဝဘေး အန္တရာယ်နှင့် အခြားမတော်တဆ ဖြစ်ပွားသော ဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မကွေးမြို့နယ် မီးသတ်တပ်ဖွဲ့မှ ရေပြင်အသက်ကယ်လေ့ကျင့်ရေးကို ဇွန် ၂၂ ရက်က မကွေးမြို့ ဧရာဝတီမြစ်အတွင်း၌ ပြုလုပ်သည်။

မကွေးမြို့နယ် မီးသတ်တပ်ဖွဲ့မှ အသက်ကယ်အင်္ကျီများ၊ ရေစီးဗောကွင်းများ၊ အသက်ကယ်ကြိုးများ၊ မီးသတ်ရေယာဉ်(Speed Boat)ဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးစိုးညွန့်ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ စုစုပေါင်း ၃၅ ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် စုဖွဲ့လေ့ကျင့်ဆောင်ရွက်မှုများအား ဧရာဝတီမြစ်အတွင်း မီးသတ်ရေယာဉ်ဖြင့် လေ့ကျင့်ခဲ့သည်။ ယင်းသို့ လေ့ကျင့်ခြင်းမှာ သဘာဝဘေးများ ကျရောက်လာပါက အချိန်မီကယ်တင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်ကြောင်း မကွေးမြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ခင်မာလာ(မကွေး)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ယခုအခါ မိုးရာသီ ကျရောက်လာပြီဖြစ်သဖြင့် အများပြည်သူတို့အား ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးထားသော ဓာတ်အားလိုင်းများသည် လေပြင်းတိုက်ခတ်ခြင်း၊ သစ်ပင်ပြိုလဲခြင်း၊ ဓာတ်တိုင်ယိုင်လဲခြင်း စသည့် သဘာဝဘေးအန္တရာယ်ကြောင့် ဓာတ်အားလိုင်းကြိုးပြတ်ကျခြင်းများ တွေ့ရှိပါက လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် မိမိသဘောအလျောက် ကိုင်တွယ်ဖယ်ရှားခြင်းမပြုဘဲ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး(အရေးပေါ်လျှပ်စစ်ပြုပြင်ရေးဌာန)သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် အသိပေးအကြောင်းကြားပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့။**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာစိုးလွင်ငြိမ်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ရောဂါနှိမ်နင်းရေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ပါမောက္ခဒေါက်တာဝင်းဌေးအောင် ပါမောက္ခချုပ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်(တောင်ကြီး)<br>ဆေးဘက်ဆိုင်ရာ လူ့စွမ်းအား<br>အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်<br>ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## ၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်အားကစားရွာ (Gold Camp) ရှိ Gold Medal Hall၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ဦးသန့်ရှင်း၊ ဦးသောင်းတင်၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း အကြံပေးပညာရှင် ဒေါက်တာသန်းဦး၊ အထူးဖိတ်ကြားထားသော အကြံပေးပညာရှင်များ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့တို့မှ ပညာရှင်များ၊ စာတမ်းရှင်များ၊ ဥပဒေပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာကြီးဒေါက်တာသန်းဦးက ယခင်က မရှိခဲ့ဖူးသော ပညာရေးကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် အမျိုးသားပညာရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပြီဖြစ်၍ ဝမ်းမြောက်ပါကြောင်း၊ ယခုအချိန်တွင် ခိုင်မာသည့်အမျိုးသားပညာရေးမူဝါဒများနှင့် ရည်မှန်းချက်များ တိတိကျကျပြဋ္ဌာန်းပေးနိုင်ပြီဖြစ်ရာ အမျိုးသားပညာရေး ဥပဒေနှင့်အညီ အမျိုးသားပညာရေးမူဝါဒများ နှင့် ရည်မှန်းချက်များကို ဝိုင်းဝန်းအကောင်အထည်ဖော်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲတိုးတက်အရှယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်၊ သူငယ်တန်းကို သင်ရိုးသစ်ဖြင့် အကောင်အထည်ဖော်ရေးလုပ်ငန်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်မည့် အမျိုးသားပညာရေး စီမံကိန်း (မူကြမ်း)၊ အမျိုးသားသင်ရိုးညွှန်းတမ်းမူဘောင် နှင့် သင်ရိုးညွှန်းတမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပညာရေးဆိုင်ရာ အုပ်ချုပ်မှု အခြေခံလိုအပ်ချက်များ စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဆွေးနွေးပွဲများမှ အကြံဉာဏ်များကို ကျယ်ကျယ်ပြန့်ပြန့် ရယူသွားမည်ဖြစ်သည်။ ထိုဆွေးနွေးပွဲများမှ ဆွေးနွေးရယူချက်များအရ အများသဘောတူရာအချက်များကို ညှိနှိုင်းပြင်ဆင်ပြီး ဥပဒေပြုရေးဆိုင်ရာဆောင်ရွက်သည့် လွှတ်တော်အသီးသီးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် နည်းပညာနှင့်သက်မွေးပညာရေး ဥပဒေ (မူကြမ်း)၊ ပုဂ္ဂလိက ပညာရေးဥပဒေ (မူကြမ်း)၊ အခြေခံပညာရေးဥပဒေ (မူကြမ်း)တို့အား လွန်ခဲ့သည့် လေးလ




မှုအတွက် အမြင်ချင်းဖလှယ်ပြီး မျက်မှောက်ခေတ်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အကောင်အထည်ဖော်ရမည့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်းအပေါ် မူတည်ပြီး ရေးဆွဲပြုစုထားသည့် မူဝါဒများနှင့် အမျိုးသားပညာရေးဥပဒေတို့နှင့်အညီ လက်တွေ့အကောင်အထည်ဖော်ရမည့် လုပ်ငန်းဆိုင်ရာတို့ကို အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဆရာလုပ်ငန်းသည် အလွန်တရာ လေးစားမြတ်နိုး ဂုဏ်ယူဖွယ်ရာကောင်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အလုံးစုံအတွက် ပညာသည်အရေးကြီးကြောင်း၊ ပညာကိုသင်ကြားပေးကြရသော ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ကျောင်းနေဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့်ဦးသန့်ရှင်းတို့က တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် ပညာရေးမြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ၊ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဥပဒေပညာရှင်များ အဆိုပြုရေးဆွဲပြီး လွှတ်တော်အသီးသီးသို့ တင်ပြမည့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အမျိုးသားပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေများဖြစ်သည့် နည်းပညာနှင့်သက်မွေးပညာရေးဥပဒေ(မူကြမ်း)၊ ပုဂ္ဂလိက ဥပဒေ(မူကြမ်း)၊ အခြေခံပညာရေးဥပဒေ(မူကြမ်း)တို့ကို ချပြပြီး တက်ရောက်လာကြသူများ၏ အကြံဉာဏ်များ၊ဆွေးနွေးချက်များကို ရယူကြသည်။

အဆိုပါ ဥပဒေ(မူကြမ်း)များကို တိုင်းဒေသကြီး/ ပြည်နယ်များ၌ ဇွန် (၂၇၊ ၂၈) ရက်တို့တွင် ဆက်လက်ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ပြီး ထိုခန့်မှစ၍ Stakeholders များနှင့် ဆွေးနွေးညှိနှိုင်းပြင်ဆင်ထားခဲ့ပြီးနောက် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ပြဋ္ဌာန်းသည့် အမျိုးသားပညာရေးဥပဒေ ပုဒ်မ(၄) ပုဒ်ခွဲ(ခ) နှင့်အညီ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာများ၊ ကျောင်းသားများ၏ ကိုယ်စားလှယ်များ၏ အကြံပြုချက်များရယူနိုင်ရန် ပညာရေးဝန်ကြီးဌာန Website www.moemyanmar.net.com တွင် ဇွန် ၂၆ ရက်မှစ၍ တင်ထားမည်ဖြစ်ရာ အကြံပြုချက်ပေးပို့လိုသူများသည် ပညာရေးဝန်ကြီးဌာန ဥပဒေကြမ်းပြုစုရေးအဖွဲ့ email လိပ်စာ lawwg.djh@gmail.com သို့လည်းကောင်း၊ စာဖြင့် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ထံ လိပ်မူ၍လည်းကောင်း အကြံပြုချက်များပေးပို့နိုင်ကြောင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဆွေးနွေးပွဲများတွင် ဒေသခံအဖွဲ့အစည်းများ တက်ရောက်ဆွေးနွေး အကြံပြုနိုင်ကြောင်းကို သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧည့်မထ/ဧယာ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၂၂၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၄၀၀၀ |
| ၉ | ဆွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၁၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၁၀၀၀ မှ ၈၂၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀၀ |
| ၁၃ | ပဲလွန်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၃၀၀၀ မှ ၈၂၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၂၀၀၀ မှ ၅၅၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၀၀၀၀ မှ ၁၉၂၀၀၀ |
| ၁၆ | နှမ်းနက် | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၈၀၀၀ မှ ၁၃၀၀၀၀ |
| ၁၇ | နှမ်းညို (နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၃၀၀၀ မှ ၈၄၀၀၀ |
| ၁၈ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၂၀၀၀ |
| ၁၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၀၀၀၀ မှ ၁၀၀၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ ပျော်ဘွယ်၊ မြင်းခြံ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၈၅ မှ ၆၅၀ |
| ၂၁ | ကြက်သွန်ဖြူ | ကျူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၀၅၀ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၄၆၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၈၀၀၀ မှ ၄၉၀၀၀ |
| ၂၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၁၀ |
| | လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။ | | | | |

## ပြည်တွင်းရေးရာ

●ရှေ့ဖုံးမှ

သာပေါင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် ပြုပြင်ပြောင်းလဲရေးနှင့် ပြန်လည်ပေါင်းစည်းရေး ပြုလုပ်ရာ၌ အစွန်းတရားများ ကင်းလွတ်စွာ ဆောင်ရွက်ကြရန် လိုအပ်မှုအခြေအနေများ၊ ကမ္ဘာ့သမိုင်းစဉ်တွင် ထင်ရှားခဲ့သည့်နိုင်ငံများ၏ သမိုင်းဆိုင်ရာ အားနည်းချက်/ အားသာချက်များ၊ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်ဆိုင်ရာများကိုလည်းကောင်း။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းထိုက်က ပုဒ်မ (၆၀) ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၄၁၈ ပုဒ်မခွဲ (ခ) တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ပွင့်ဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်မိုးညိုက မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လည်းကောင်း။

မြစ်ကြီးနားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်းကောင်း အသီးသီး ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အထက်ပါ ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို လွှတ်တော်ကိုယ်စားလှယ်များက



မြစ်ကြီးနားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် ဆွေးနွေးစဉ်။

(သတင်းစဉ်)



ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြစဉ်။

(သတင်းစဉ်)

လျှို့ဝှက်ဆန္ဒမဲဖြင့် ရယူသည်။

ယနေ့အစည်းအဝေးသို့ နံနက်ပိုင်း၌ လွှတ်တော်ကိုယ်စားလှယ်(၅၈၄) ဦး တက်ရောက်ခဲ့ကြပြီး မွန်းလွဲပိုင်း လျှို့ဝှက်ဆန္ဒမဲပေးချိန်တွင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက နေ့ဝက်ခွင့်တောင်းခံခဲ့သဖြင့် မဲပေးချိန်၌ လွှတ်တော်ကိုယ်စားလှယ် (၅၈၃) ဦးဖြင့် လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

အစည်းအဝေးတွင် ပုဒ်မ ၅၉(ဃ)နှင့်စပ်လျဉ်း၍ အစည်းအဝေးတက်ရောက်သူ (၅၈၃) ဦးတွင် ထောက်ခံမဲ (၅၅၆)မဲ၊ ရာခိုင်နှုန်းအားဖြင့် (၉၅ ဒသမ ၃၇) ရာခိုင်နှုန်းဖြစ်၍ ပြင်ဆင်ရေးဆောင်ရွက်ရန် အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ပုဒ်မ ၅၉ (စ) နှင့် စပ်လျဉ်း၍ ထောက်ခံမဲ (၃၂၁) မဲ ၊ ရာခိုင်နှုန်းအားဖြင့် (၅၅ ဒသမ ၀၆) ရာခိုင်နှုန်း၊ ပုဒ်မ(၆၀) (ဂ)နှင့်စပ်လျဉ်း၍ ထောက်ခံမဲ (၃၈၆) မဲ၊ ရာခိုင်နှုန်းအားဖြင့် (၆၆ ဒသမ ၂၁) ရာခိုင်နှုန်း၊ ပုဒ်မ ၄၁၈ (ခ)နှင့် စပ်လျဉ်း၍ ထောက်ခံမဲ (၃၈၆)မဲ၊ ရာခိုင်နှုန်းအားဖြင့် (၆၆ ဒသမ ၂၁) ရာခိုင်နှုန်း၊ ပုဒ်မ ၄၃၆ (က)နှင့်စပ်လျဉ်း၍ ထောက်ခံမဲ (၃၈၈) မဲ၊ ရာခိုင်နှုန်းအားဖြင့် (၆၆ ဒသမ ၅၅) ရာခိုင်နှုန်း ၊ ပုဒ်မ ၄၃၆ (ခ) နှင့်စပ်လျဉ်း၍ ထောက်ခံမဲ (၃၈၈)မဲ၊ ရာခိုင်နှုန်းအားဖြင့် (၆၆ ဒသမ ၅၅) ရာခိုင်နှုန်းဖြစ်၍ (၇၅ ရာခိုင်နှုန်း ) မပြည့်မီသောကြောင့် ပြင်ဆင်မှုအတွက် အတည်မပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း [ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)အတွက်]နှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်လျာထားချက်ကို ပြည်ထောင်စုလွှတ်တော် နာယက က အသိပေးကြေညာသည်။

**(သတင်းစဉ်)**

❒

## ဖူဆယ်ဘောလုံးကွင်းနှင့် ကလေးကစားကွင်းပါသော ကား ၂၈၂ စီး ရပ်နားနိုင်မည့် ကားပါကင်နှစ်ခုဖွင့်လှစ်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ရတနာလမ်းနှင့် သုမင်္ဂလာလမ်း ယာဉ်ကြောကျပ်တည်းမှုလျှော့ချနိုင်ရန် အတွက် ခေတ်မီဖူဆယ်ဘောလုံးကွင်းနှင့် ကလေးကစားကွင်း၊ ပန်းခြံငယ်များပါဝင်တည်ဆောက်ထားသော ကားအစီးရေ ၂၈၂ စီး ရပ်နားနိုင်မည့် အဆောက်အအုံနှစ်လုံးဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ရတနာလမ်းနှင့် သုမင်္ဂလာလမ်းထောင့် (၁၁)ရပ်ကွက် မြသီတာပန်းခြံမြေနေရာတွင် ဖူဆယ်ဘောလုံးကွင်းနှင့် ကား ၁၄၁ စီး ရပ်နားနိုင်သော ယာဉ်ရပ်စခန်းတစ်ခု၊ ရတနာလမ်းနှင့် သုမင်္ဂလာလမ်း (၁၂)ရပ်ကွက် ရတနာပန်းခြံမြေနေရာတွင် ကလေးကစားကွင်း၊ပန်းခြံနှင့် ကား၁၄၁ စီး ရပ်နားနိုင်သော ယာဉ်ရပ်စခန်းတစ်ခုတို့ကို ခေတ်စနစ်နှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

"အရင်က ဒီနားပတ်ဝန်းကျင်မှာ ကားအလွန်ရှုပ်ထွေးမှုရှိတဲ့အတွက် လမ်းအသုံးပြုသူတွေ ယာဉ်အန္တရာယ်ကင်းရှင်းဖို့ ခက်ခက်ခဲခဲနဲ့ သွားလာနေရတဲ့နေရာလို့ ပြောရမှာဖြစ်တယ်။ လမ်းဘေးမှာလုံလောက်တဲ့ CAR PARKING မရှိတဲ့အတွက် လမ်းဘေးဝဲ၊ယာနှစ်ဖက်လုံးမှာ စည်းကမ်းမဲ့ယာဉ်ရပ်နားမှုတွေကြောင့် ယာဉ်ကြောပိတ်ဆို့မှုလည်း အမြဲလိုဖြစ်နေပါတယ်။ အဲဒီလိုယာဉ်ရှုပ်ထွေးမှုတွေကို အထိုက်အလျောက် လျှော့ချပေးနိုင်ဖို့ အခုလိုတည်ဆောက် အကောင်အထည်ဖော်ပေးခြင်းဖြစ်ပါတယ်"ဟု YCDC မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယာဉ်ရပ်နားစခန်းနှစ်ခု၏ CAR PARKING အကျယ်အဝန်းမှာ အလျား ပေ ၁၃၀၊ အနံ ၁၁၄ ပေ၊ အမြင့် ၄၅ ပေ ၊ ယာဉ်အတက်၊အဆင်းလမ်းအကျယ် ၂၇ ပေ ၆ လက်မ၊ ပတ်လမ်းအကျယ် ပေ ၂၀၊ ကားတစ်စီး ရပ်နားအကျယ်အဝန်းမှာ ၈ ပေ ၉ လက်မ၊ ၁၆ ပေ အကျယ်ရှိသည်။ မီးဘေးအန္တရာယ်မဖြစ်စေရန် ရေဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန်နှစ်လုံး၊ (၁၈ × ၁၀) ပေရှိ ဘေးလှေကားနှစ်စင်း၊ အကျယ် ၄ ပေ ၆ လက်မရှိ အလယ်လှေကားတစ်စင်းတို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားပြီးအဆောက်အအုံနှစ်လုံးတွင် သန့်စင်ခန်း ၁၀ ခန်း ပါဝင်ကြောင်း သိရသည်။

ယာဉ်ရပ်နားစခန်းတစ်ခုစီ၏ ခေါင်းမိုးထပ်တွင် တည်ဆောက်ထားသော ကလေးကစားကွင်းနှင့် ဖူဆယ်ဘောလုံးကစားကွင်းအကျယ်(၁၀၀× ၆၆) ပေနှင့် ကလေးကစားကွင်းနှင့် ပန်းခြံအကျယ် (၁၁၄ × ၁၁၀) ပေရှိ Steel Stracture Pile Foundation အဆောက်အအုံ အမျိုးအစားဖြစ်ပြီး ယာဉ်လမ်းကင်းလွတ်အမြင့် ခုနစ်ပေရှိကြောင်း သိရသည်။

**(စောသိန်းဝင်း)**

## ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ပြန်လည်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြန်မာ့ပိုင်နက်အတွင်းသို့ ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်က ကျူးကျော်ဝင်ရောက်လာပြီး ယင်းတို့ဘက်မှ စတင်ပစ်ခတ်သဖြင့် မြန်မာ့နယ်ခြားစောင့် ရဲတပ်ဖွဲ့မှ ဖမ်းဆီးစစ်မေးခဲ့သည့် ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသမှုအပေါ် အခြေခံ၍ မြန်မာနိုင်ငံ ဒေသဆိုင်ရာအာဏာပိုင်များက ဘင်္ဂလားဒေ့ရှ်ဘက်သို့ ယနေ့ နံနက် ၁၁ နာရီတွင် နှစ်နိုင်ငံအလံတင်အစည်းအဝေးကျင်းပ၍ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံအကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှု တိုးမြှင့်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဟု မျှော်လင့်ကြောင်းဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

❒❒

## နည်းပညာလိုအပ်ချက်ကို ဖြည့်ဆည်း၍ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ ပူးပေါင်းပြီး အရည်အသွေးမြင့် ထရန်စဖော်မာများ ပြည်တွင်း၌ ထုတ်လုပ်မည်

မြန်မာနိုင်ငံအတွက် ထရန်စဖော်မာလိုအပ်ချက်ကို မြန်ဆန်စွာ ထုတ်လုပ်ပေးနိုင်ခြင်းဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အားကို လျင်မြန်စွာအသုံးပြုနိုင်ပြီး လူနေမှုဘဝ ကုန်ထုတ်မှုများကို တိုးတက်ထုတ်လုပ်နိုင်ကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ Asia General Transformer Co.,Ltd, Asia General Electric Co.,Ltd. နှင့် Mitsubishi Electric Corporation တို့အကြား နည်းပညာသဘောတူညီချက် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဇွန် ၂၅ ရက် ညနေပိုင်းတွင် နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သည်။

"ကျွန်မတို့ မြန်မာနိုင်ငံမှာ ၁၉၆၀ ခုနှစ်အစပိုင်းကစပြီး ၂၃၀ ကေဗွီစနစ် ထရန်စဖော်များကို စတင်အသုံးပြုခဲ့ပါတယ်။ယနေ့အချိန်ထိလည်း ပြည်ပစက်ရုံတွေကနေ ထုတ်လုပ်တာကိုပဲ ဝယ်ယူအသုံးပြုခဲ့ရပါတယ်။ လက်ရှိကျွန်မတို့နိုင်ငံမှာ ဓာတ်အားစနစ်ကနေ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်မရသေးတဲ့ပြည်သူလူထုအတွက် ဓာတ်အားခွဲစက်ရုံနဲ့ ဓာတ်အားလိုင်းအသစ် တည်ဆောက်ခြင်းတွေ၊ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းတွေအတွက် ၂၃၀ ကေဗွီနဲ့ ၁၃၂ ကေဗွီ ထရွှန်စဖော်မာအလုံးရေများစွာ လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ရှေ့လမ်းစဉ်မှာ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်နေတဲ့ထရန်စဖော်မာတွေကို ကိုယ့်ပြည်တွင်းမှာပင် ထုတ်လုပ်ပေးနိုင်ရန် ရည်ရွယ်ပြီး ကျွန်မတို့ လိုအပ်တဲ့နည်းပညာနဲ့ ထုတ်လုပ်မှုနည်းစနစ်တို့ကို မီဆူဘီရှီထံကနေ ရယူနိုင်ရန်အတွက် မြန်မာနိုင်ငံမှ အင်ဂျင်နီယာတွေကို ဂျပန်ကိုစေလွှတ်ပြီး လေ့ကျင့်သင်ကြားနိုင်ရန်၊ ဂျပန်အင်ဂျင်နီယာများကို ကျွန်မတို့ဆီမှာ ထရန်စဖော်မာ ထုတ်လုပ်ရန်စတဲ့အချက်တွေပါဝင်တဲ့ နည်းပညာလွှဲပြောင်းသဘောတူညီမှု TTA ကို အခုလို လက်မှတ်ရေးထိုးရခြင်းပဲဖြစ်ပါတယ်" ဟု AGE မှ အထွေထွေမန်နေဂျာ ဒေါ်ခင်အေးယုက ပြောသည်။

အဆိုပါ ထရန်စဖော်မာများကို AGT Co.,Ltd စက်ရုံ၌ ၂၀၁၅ ခုနှစ်အတွင်း စတင်ထုတ်လုပ်နိုင်ရန်စီစဉ်လျက်ရှိပြီး ထုတ်လုပ်ပြီးပါက အနာဂတ်ကာလတွင် ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ပြည်ပထုတ်ကုန်များ၏ အရည်အသွေးနှင့်ဈေးနှုန်းကို ယှဉ်ပြိုင်နိုင်သည့်အပြင် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားလာခြင်း၊ နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲမှု ခြိုးခြံချွေတာနိုင်ခြင်း ပြည်တွင်းနည်းပညာ အဆင့်အတန်းများ မြင့်မားလာခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ဇာလီ**


### ❍ မြန်မာ့လက်ရွေးစင်မှ


နယူးဇီလန်လက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ခြေစမ်းကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့သည် ၂၀၁၄ ခုနှစ်ကတည်းက ခြေစမ်းရန် စီစဉ်ခဲ့သော်လည်း ပျက်ပြယ်ခဲ့ရပြီး ယခုမှသာ ပြန်လည်ကစားခြင်းဖြစ်သည်။


ဆက်လက်ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများအတွက် မြန်မာ့လက်ရွေးစင်အသင်းကို ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခဲ့သည့် မြန်မာယူ-၂၀ အသင်းနှင့် ဆီးဂိမ်းငွေဆုရ မြန်မာ ယူ-၂၃ အသင်းတို့မှ ကစားသမားများကို အားဖြည့်ရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာလက်ရွေးစင်အသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော်လည်း အိမ်ကွင်းပိတ်ခံထားရသောကြောင့် အိမ်ကွင်းပွဲစဉ်များကို ထိုင်းနိုင်ငံ၌ ကစားရလျက်ရှိသည်။


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လျှို့ဝှက်ဆန္ဒမဲပေးဆုံးဖြတ်မှုအခြေအနေ


| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| ၁ | **ပုဒ်မ ၅၉ (ဃ)**<br>နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ **စစ်ရေး** စသည့် အမြင်များ ရှိရမည်။ | **ပုဒ်မ ၅၉ (ဃ)**<br>နိုင်ငံတော်အရေးအရာများ ဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ **ကာကွယ်ရေး** စသည့် အမြင်များ ရှိရမည်။ | ရှိရင်း- ၆၃၃<br>ပျက်ကွက်- ၅၀<br>တက်ရောက် ၅၈၃<br>ထောက်ခံမဲ ၅၅၆<br>ရာခိုင်နှုန်း ၉၅. ၃၇<br>(ပြင်ဆင်သွားရေး ဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုသည်) |
| ၂ | **ပုဒ်မ ၅၉ ( စ )**<br>မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘ တစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီး တစ်ဦးဦးသော်လည်းကောင်း၊ **ထိုတရားဝင် သားသမီး တစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း** နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာ**တော်**ကို ခံယူစောင့်ရှောက် ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများမဖြစ်စေရ။ | **ပုဒ်မ ၅၉ ( စ )**<br>မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘ တစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီး တစ်ဦးဦးသော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေရ။ | ထောက်ခံမဲ ၃၂၁<br>ရာခိုင်နှုန်း ၅၅. ၀၆<br>(ပြင်ဆင်မှုအတွက် အတည်မပြုပါ) |
| ၃ | **ပုဒ်မ ၆၀ (ဂ)**<br>ယင်းအစုအဖွဲ့ တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို **လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲမှဖြစ်စေ** ရွေးချယ်တင်မြှောက်ရမည်။ | **ပုဒ်မ ၆၀ (ဂ)**<br>ယင်းအစုအဖွဲ့ တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို **ပြည်ထောင်စုလွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ** ရွေးချယ်တင်မြှောက်ရမည်။ | ထောက်ခံမဲ ၃၈၆<br>ရာခိုင်နှုန်း ၆၆. ၂၁<br>(ပြင်ဆင်မှုအတွက် အတည်မပြုပါ) |
| ၄ | **ပုဒ်မ ၄၁၈ ( ခ )**<br>ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ **ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ** နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ | **ပုဒ်မ ၄၁၈ ( ခ )**<br>ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ **ထူးခြားသောအခြေအနေကို ဖြေရှင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြွင်းချက်ပြုပြီး** နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ | ထောက်ခံမဲ ၃၈၆<br>ရာခိုင်နှုန်း ၆၆. ၂၁<br>(ပြင်ဆင်မှုအတွက် အတည်မပြုပါ) |
| ၅ | **ပုဒ်မ ၄၃၆ (က)**<br>ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅)ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် **ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်**က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏** ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ | **ပုဒ်မ ၄၃၆ (က)**<br>ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅)ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် **ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ် ရာခိုင်နှုန်းအောက် မလျော့သော လွှတ်တော်ကိုယ်စားလှယ်များ**က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ **ဆန္ဒမဲပေးသူအားလုံး၏** ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ | ထောက်ခံမဲ ၃၈၈<br>ရာခိုင်နှုန်း ၆၆. ၅၅<br>(ပြင်ဆင်မှုအတွက် အတည်မပြုပါ) |
| ၆ | **ပုဒ်မ ၄၃၆ ( ခ )**<br>ပုဒ်မခွဲ (က) တွင် ဖော်ပြထား**သည့်** ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို **ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်** ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ | **ပုဒ်မ ၄၃၆ ( ခ )**<br>ပုဒ်မခွဲ (က) တွင် ဖော်ပြထား**သော** ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို **ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဆယ်ရာခိုင်နှုန်းအောက် မလျော့သော လွှတ်တော်ကိုယ်စားလှယ်များ၏** ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ | ထောက်ခံမဲ ၃၈၈<br>ရာခိုင်နှုန်း ၆၆. ၅၅<br>(ပြင်ဆင်မှုအတွက် အတည်မပြုပါ) |




# ၂၀၁၅ ခုနှစ်ခရီးသွားရာသီတွင် နိုင်ငံခြားခရီးသွားဧည့်သည် ငါးသိန်းကျော်ဝင်ရောက်မည်ဟု ခန့်မှန်း

**မန္တလေး ဇွန် ၂၅**

၂၀၁၅ ခုနှစ် ခရီးသွားရာသီတွင် မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ငါးသိန်းကျော်ဝင်ရောက်လာမည်ဟု ခန့်မှန်းထားပြီး ၂၀၁၄ ခုနှစ်က ခန့်မှန်းထားသည့် အရေအတွက်ထက်ကျော်လွန်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(မန္တလေးတိုင်းဒေသကြီး)မှ သိရသည်။

"နိုင်ငံတကာက ခရီးသွားတွေအနေနဲ့ ၂၀၁၃ ခုနှစ် နောက်ပိုင်းကစပြီး မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုပိုမိုမြင့်တက်လာခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံတွေ၊ တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်တွေအပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကြောင့် နိုင်ငံခြားခရီးသွားဝင်ရောက်မှုက တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ခရီးသွားရာသီမှာလည်း ကျွန်တော်တို့ ခန့်မှန်းထားတဲ့ ခရီးသွားဧည့်သည် သုံးသိန်းထက်ကို ကျော်လွန်ခဲ့တယ်။ ဒီနှစ်မှာလည်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ခန့်မှန်းထားတာက ငါးသန်းပါ။ ဒါပေမယ့် တိုင်းဒေသကြီးအနေနဲ့ ငါးသိန်းလို့ ခန့်မှန်းပေမယ့် ကျော်သွားမယ့် အနေအထားမျိုးဖြစ်လာနိုင်ပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟိုတယ်တည်ဆောက်ရန်အတွက် ဟိုတယ်လုပ်ငန်းလိုင်စင်ချထားပေးမှုကိုလည်း ကန့်သတ်ချုပ်ချယ်ထားမှုများ မရှိကြောင်း၊ ယခုခန့်မှန်းထားသည့် နိုင်ငံခြားခရီးသွားဧည့်သည် ငါးသိန်းကျော်အတွက် ဟိုတယ်နှင့် အခန်းအရေအတွက်များမှာ လိုအပ်နေသေးကြောင်း၊ ယခုနှစ်ဝင်ရောက်လာမည့် နိုင်ငံခြားခရီးသွားဧည့်သည်များအတွက် ဟိုတယ်အခန်းအရေအတွက် ၇၀၀၀ နီးပါးရှိမှသာလျှင် လုံလောက်မှုရှိမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးဇုန်သို့ ခရီးသွားရာသီခြောက်လအတွင်း နိုင်ငံခြားခရီးသွားဧည့်သည် အများဆုံးဝင်ရောက်ခဲ့ပြီး ယင်းတို့အနက် ထိုင်း၊ တရုတ်၊ ဂျာမနီနှင့် ပြင်သစ်တို့မှ ဝင်ရောက်မှုများပြားခဲ့သည်။ မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့် ၂၀၁၃ ခုနှစ်က ၂၁၉၅၁၈ ဦးရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၃၁၃၆၅၅ ဦးရှိခဲ့ကာ ယခုနှစ် မေလအထိ နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်သူဦးရေမှာ ၁၆၁၈၄ ဦးရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မော်တော်ယာဉ် အမည်ပြောင်းနှင့် နယ်ပြောင်းများ ဝန်ဆောင်မှုတိုးမြှင့်ကာ အခွန်ပြေလျှော့မှုနှုန်းထားဖြင့် ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်တွင်းအကောက်ခွန်ဦးစီးဌာနတို့ပူးပေါင်းကာ မော်တော်ယာဉ်များ အမည်ပြောင်းနှင့် နယ်ပြောင်းများအား လုပ်ငန်းဝန်ဆောင်မှုတိုးမြှင့်ကာ အခွန်ပြေလျှော့မှု နှုန်းထားဖြင့် အမြန်ပြီးစီးရေးဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေလင်းက ပြောသည်။

မော်တော်ယာဉ် အမည်ပြောင်းနှင့် နယ်ပြောင်းများသည် ယခင်ကတည်းက ဆောင်ရွက်ပေးနေသော်လည်း လုပ်ငန်းများကို အစိုးရချောစာစနစ်ဖြင့် လုပ်ကိုင်နေသောကြောင့် အချိန် ကြာမြင့်စွာစောင့်ကြရသည်။ မန္တလေးတိုင်းဒေသကြီး အစိုးရ၏ မြို့ဝင်ကြေး ကောက်ခံမှုပြုလုပ်မည့် စီမံချက်ဖြင့် မော်တော်ယာဉ် အမည်ပြောင်းနှင့် နယ်ပြောင်းများကို အချိန်တစ်လပေးကာ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းကြောင့် မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် အချိန်တစ်ပတ်သာ စောင့်ခဲ့ကြကြောင်း သိရသည်။ တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် နယ်ပြောင်း၊ အမည်ပြောင်းများကို စီမံချက်ဖြင့် မေ ၅ ရက်မှ စတင်ကာ လုပ်ငန်းများ မြန်ဆန်ရေးအတွက် လုပ်ငန်းအဆင့် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခကြေးငွေများကို လျှော့ချခြင်းမပြုဘဲ လုပ်ငန်းဝန်ဆောင်မှုကိုသာ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ယခင်က နယ်ပြောင်းများအတွက် ထွက်စာလိုအပ်ပြီး ယခုအချိန်တွင် ထွက်စာမပါသော်လည်း သတ်မှတ်ဒဏ်ကြေးပေးဆောင်စေပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ လုပ်ငန်းမြန်ဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရုံးအသီးသီးကို အကူအညီတောင်းပြီး ဆောင်ရွက်နေပါတယ်။ ကျွန်တော့်ဆီကို အမည်ပြောင်း၊ နယ်ပြောင်းလာလုပ်တဲ့ သက်ဆိုင်ရာရုံးတွေကို အမြန်ဆုံးကူညီဆောင်ရွက်ပေးဖို့၊ သူတို့ဆီကအလည်း ချက်ချင်း Fax နဲ့ အကြောင်းပြန်ပါတယ်။ အကြောင်းကြားစာရောက်တဲ့အချိန် ဒီဘက်က ချက်ချင်း ဆောင်ရွက်ပေးပါတယ်"ဟု တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေလင်းက ပြောသည်။

ယခု ဇွန် ၃ ရက်မှ စတင်ကာ မန္တလေး၌ နံပါတ်ပြားစက်ရုံတည်ထောင်၍ အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ စီမံချက်ကာလ စတင်သည့် အချိန်က ၂၀၁၄ ပြည်ထောင်စု၏ အကောက်ခွန်ဥပဒေအရ တန်ဖိုး၏တစ်ဝက် ၁၅ ရာခိုင်နှုန်းဖြင့် ကောက်ခံခဲ့ပြီး ယခုအချိန်တွင် ၂၀၁၅ ပြည်ထောင်စု၏ အကောက်ခွန်ဥပဒေအရ တစ်ကျပ်မှ သိန်း ၁၀၀၀ အထိ သုံးရာခိုင်နှုန်း ကောက်ယူလျက်ရှိသည်။ သိန်း ၁၀၀၀ မှ သိန်း ၅၀၀၀ ထိ ငါးရာခိုင်နှုန်း ကောက်ခံလျက်ရှိသည်။

"၂၀၁၄ ဥပဒေနဲ့တုန်းက ဥပမာ ကားတစ်စီး သိန်း ၂၀၀ ရှိတယ်ဆိုပါစို့။ တန်ဖိုးရဲ့ တစ်ဝက်သိန်း ၁၀၀ရဲ့ ၁၅ ရာခိုင်နှုန်းဆိုတော့ ၁၅ သိန်း အခွန်သွင်းရတယ်။ အခု၂၀၁၅ အခွန်ဥပဒေနဲ့က တန်ဖိုးရဲ့ သုံးရာခိုင်နှုန်းဆိုတော့ သိန်း ၂၀၀ တန်တဲ့ ကားတစ်စီးက ခြောက်သိန်းပဲ အခွန်သွင်းရတော့တယ်။ ဝင်ငွေရလမ်း ဖော်ပြနိုင်ရင်တော့ အခွန်သွင်းစရာ မလိုပါဘူး"ဟု ၎င်းက ထပ်မံရှင်းပြသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ဥတုရာသီ တောကိုမှီ၏

# အရိပ်ရသစ်ပင်များ ခုတ်လှဲမှု ပွင့်လင်းမြင်သာမှုရှိစေလို

**ရန်ကုန် ဇွန် ၂၅**

မိုးရာသီအစပိုင်း မြန်မာပြည်တစ်ဝန်း သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်နေကြသည်။ သို့သော် စိုက်ပျိုးပြီးအရိပ်ရနေသော သစ်ပင်အချို့အား ညအချိန်ခုတ်လှဲနေမှုအပေါ် ယင်းနေရာဝန်းကျင်ရှိ အလုပ်လုပ်ကိုင်နေသူများက အထင်အမြင်မှားမှုရှိနေရာ ပွင့်လင်းမြင်သာမှုရှိစေလိုသည်ဟု သစ်ပင်ခုတ်လှဲခံရသည့်နေရာအနီးတွင် နေထိုင်သူတစ်ဦးက ပြောသည်။

လမ်းမတော်မြို့နယ်အတွင်း လမ်းသစ်လမ်း၊ ဘုန်းကြီးလမ်း ဝဲ၊ ယာ တစ်လျှောက်တွင် အရိပ်ရသစ်ပင်တန်းများဖြင့် စိမ်းလန်းစိုပြည်နေသည်။ နေပူဒဏ်မှ ရှောင်လွှဲ၍ လမ်းသွားလမ်းလာများ သွားလာနိုင်သည်။ လမ်းသစ်လမ်း ဝဲ/ယာ နှစ်ဖက်သာမက လမ်းလယ်တွင်ပါ အုတ်ခုံများဖြင့် အရိပ်ရပင်များကို စီတန်းစွာမြင်တွေ့နေရဆဲဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် သစ်ပင်ပြိုလဲ၊ လမ်းလယ်အုတ်ခုံပျက်စီးမှုများရှိရာ ပြန်လည်စိုက်ပျိုးခြင်း၊ အုတ်ခုံအသစ်ပြုလုပ်ခြင်းများဆောင်ရွက်ထားသည်ကို မြင်တွေ့ရသည်ဟု လမ်းသစ်လမ်းတွင်နေထိုင်သူ ကိုလင်းကပြောသည်။

ရန်ကုန်မြို့တွင်း အရိပ်ရသစ်ပင်များ လျှပ်စစ်ခတ်ကြိုး၊ ဖုန်းကြိုးများဖြင့် မလွတ်ကင်း၍ ခုတ်လှဲရာတွင် သစ်ပင် အကိုင်းအခက်များသာ ခုတ်လှဲမှုရှိသည်။ သဘာဝဘေးဒဏ်ကြောင့် လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် မလွတ်ကင်းခြင်းကြောင့် လည်းကောင်း သစ်ပင်များကို ခုတ်လှဲခြင်းများရှိသည်။ မိမိအိမ်ရှေ့ရှိ သစ်ပင်ကိုပင် မိမိ သဘောအတိုင်းခုတ်လှဲပိုင်ခွင့်မရှိဟု သိရသည်။

ကမ်းနားလမ်းသစ် ကွန်ကရစ်လမ်းဖောက်လုပ်စဉ် ကမ်းနားလမ်းဟောင်းဘေးရှိ အရိပ်ရသက်တမ်းရင့် သစ်ပင်အများအပြား လမ်းမတော်လမ်းမှ သခင်မြပန်းခြံရှေ့ရှိ အပိုင်းတွင် ခုတ်လှဲခံရသည်။ ယနေ့တိုင်သက်တမ်းရင့် သစ်ပင်များ၏ အောက်ခြေများ သခင်မြပန်းခြံရှေ့ ကမ်းနားလမ်းဟောင်းနှင့် လမ်းသစ်ကြားတွင် မြင်တွေ့ရဆဲဖြစ်သည်။

ယင်းသို့ ခုတ်လှဲမှုကြောင့် ကွန်ကရစ်လမ်းဘေးတွင် သစ်ပင်ငယ်များ နွေကာလပြန်လည်ပြုစုပျိုးထောင်ခဲ့သည်။ သို့သော် ခုတ်လှဲခံသစ်ပင်ကြီးများကဲ့သို့ လူသားများအား အရိပ်အာဝါသ၊ ကာဗွန်စုပ်ယူပေးမှု အကျိုးပြုနိုင်ရန် နှစ်ပေါင်းများစွာ စောင့်ဆိုင်းရမည်ဟု သာကေတမြို့နယ်တွင် နေထိုင်သည့် သစ်ပင်ချစ်မြတ်နိုးသူ ဦးကျော်ဝေက ပြောသည်။

ဇွန် ၂၀ ရက် ည ၁၀ နာရီဝန်းကျင်က မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့်လမ်းဆုံအနီး ဘုန်းကြီးလမ်း အောက်လမ်းထိပ်ရှိ အရိပ်ရသစ်ပင်နှစ်ပင်အား မော်တော်ယာဉ်ဖြင့် လာရောက်ခုတ်လှဲရှင်းလင်းသွားသည်ကို မြင်တွေ့ရသည်ဟု မဟာဗန္ဓုလလမ်းတွင်နေထိုင်သူ ဦးဘုန်းက ပြောသည်။

အရိပ်ရသစ်ပင်တန်းများသည် မြင်ကွင်းကွယ်သည်ဟု ဆိုနိုင်သော်လည်း လက်ရှိရာသီဥတုဆိုးရွားလာသည့် ကာလတွင် လူသားများအား အကျိုးပြုနေသည့်အတွက် သစ်ပင်များကို အဆောက်အအုံများကဲ့သို့ငွေကြေးပြည့်စုံရုံဖြင့် ဖန်တီး၍မရဘဲ အချိန်ကာလ၊ ရာသီဥတု၊ စောင့်ရှောက်မှု၊ သဘာဝနှင့် လူသားတို့၏ ဘေးအန္တရာယ်တို့ပေါ် မူတည်၍ ပြုစုပျိုးထောင်နေရသည်ဟု သစ်ပင်စိုက်ပျိုးရာတွင် ဝါသနာပါသူများက ပြောသည်။

ဇွန် ၂၀ ရက်ကကဲ့သို့ အရိပ်ရသစ်ပင်တန်းများအား ညပိုင်းတွင် ခုတ်လှဲနေမှုမျိုးမှာ ပွင့်လင်းမြင်သာမှုရှိသင့်ကြောင်း၊ ဇွန် ၂၁ ရက်မှစ၍ ယင်းသစ်ပင်ရိပ်အောက် အရိပ်ခိုကာ အနေးယာဉ်ဂိတ်သဖွယ် အသုံးချနေမှု ဆုံးရှုံးခဲ့ရကြောင်း အနေးယာဉ်လုပ်သားကိုကရင်က ပြောသည်။

လမ်းများပေါ်ရှိ အရိပ်ရသစ်ပင်များသည် အနီးရှိအဆောက်အအုံကို မြင်ကွင်းကွယ်စေသည်ဟု ဆိုသော်လည်း လူသားများကို လက်တွေ့အကျိုးပြုနေသည်ကို သတိပြုသင့်သည်။ ရုပ်ဝတ္ထုပစ္စည်းများကို ငွေကြေး အကုန်အကျခံကာ လွယ်လင့်တကူ တည်ဆောက်၍မရသည်ကို ယနေ့ကာလတွေ့ကြုံနေရသော ဒီရေတောများ ပြန်လည်ပြုစုပျိုးထောင်သည့် စိုက်ပျိုးရေးလုပ်ငန်းများမှ သိနိုင်သည်။ သစ်ပင်ခုတ်လှဲခြင်းမှရရှိသော ငွေကြေးပမာဏထက် ဖောက်ပြန်နေသော ရာသီဥတုဘေးဒဏ်မှ အကာအကွယ်ပေးမှု၊ ကာဗွန်ဓာတ်ငွေ့စုပ်ယူပေးမှုစသည့် အကျိုးတရားများကို အလေးထားသင့်ပေသည်။ သစ်ပင်များ လွယ်လင့်တကူ ခုတ်လှဲခြင်းများ လျော့နည်းလာမှုရှိသည်နှင့်အမျှ နွေကာလ ရန်ကုန်မြို့တွင်း နေထိုင်သူများသဘာဝဘေးအန္တရာယ်ဖြစ်သော အပူဒဏ်ပြင်းထန်မှုအပေါ် အကာအကွယ်အဖြစ် ရရှိလာနိုင်သည်ဟု လမ်းမတော်မြို့နယ်တွင် လုပ်ငန်းလုပ်ကိုင်နေသည့် ကိုဇော်က ဆိုသည်။

**(မောင်စေအောင်)**



# ရေယာဉ်စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ် မရရှိသေးသော်လည်း ရေယာဉ်အချို့ပြေးဆွဲနေ

**ရန်ကုန် ဇွန် ၂၅**

သက်ဆိုင်ရာမှ ထုတ်ပေးသော ပြည်တွင်းခုတ်မောင်းသည့် စက်ရေယာဉ်အား စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ်မရရှိသေးခင် ရေလမ်းခရီးတွင် ပြေးဆွဲနေသည့် လူစီး-ကုန်တင်နှစ်ထပ်ရေယာဉ်အချို့ ရန်ကုန်ဆိပ်ကမ်းတွင် ဆန်ချနေသည်**(ယာအောက်ပုံ)**ကို ဇွန်လနောက်ဆုံးပတ် အစပိုင်းရက်များတွင် မြင်တွေ့ရသည်ဟု ရန်ကုန်-မော်ကျွန်းခရီးစဉ်ပြေးဆွဲနေသော ရေယာဉ်ဝန်ထမ်းတစ်ဦးက ပြောသည်။

ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် နှစ်ထပ်ရေယာဉ်တစ်စင်းမှာ မော်ကျွန်းသို့ ပြန်လည်ထွက်ခွာသွားကြောင်း၊ အခြားတစ်စင်းမှာ ဆန်ဆက်ချနေသည်ကိုမြင်တွေ့ရကြောင်း ယင်းခရီးစဉ်တွင် ပြေးဆွဲနေသော လူစီးကုန်တင်နှစ်ထပ်ရေယာဉ်မှ တွဲဖက်တက်မကိုင်ကိုစိုးက ဆိုသည်။

၂၀၁၅ ခုနှစ်တွင် ရေလမ်းသွားရေယာဉ်များကြံ့ခိုင်မှုကို အထူးအလေးပေးစစ်ဆေးလာသည်။ ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် ရိုးရိုးလူစီး-ကုန်တင်နှစ်ထပ်ရေယာဉ် ၁၁ စင်းရှိသည့်အနက် သုံးစင်းမှာ အကြီးစားပြင်ဆင်မှုရှိခဲ့သည်။ တစ်စင်းမှာ သံပြားအချပ်ရေ ၁၀၀ ကျော် အသစ်လဲလှယ်ပြုပြင်ခဲ့ကြောင်း ယင်းရေယာဉ်ပိုင်ရှင် ဦးထွန်းရှိန်က ပြောသည်။ အကြီးစားပြင်ဆင်ခဲ့သော ရေယာဉ်သုံးစင်းမှာ ဇွန် ၂၃ ရက်အထိ ရေယာဉ်စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ် မရရှိသေးကြောင်း သိရသည်။

ယင်းသက်သေခံလက်မှတ်ကို ရေယာဉ်ကြံ့ခိုင်မှုအတွက် ကုန်း-ရေနှစ်မျိုးစလုံးတွင်စစ်ဆေးပြီး သက်ဆိုင်ရာမှ ထုတ်ပေးသည်။ ယင်းလက်မှတ်ပေါ်တွင် သက်တမ်းကုန်ဆုံးသည့်ရက်ကို ထင်ရှားစွာ ဘောင်ခတ်ဖော်ပြထားသည်။ ရေယာဉ်ပေါ်၌ အများမြင်သာသောနေရာတွင် အမြဲတမ်းပြသထားရမည်ဟု ပါရှိသည်။ ယင်းလက်မှတ်ရရှိပြီးနောက် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ လုပ်ငန်းလိုင်စင်ယူပြေးဆွဲမှသာလျှင် အတည်ဖြစ်သည်ဟု ထပ်မံပါရှိသည်ကို ရေယာဉ်တစ်စင်းတွင် ချိတ်ဆွဲထားသည်ကိုလည်း တွေ့ရသည်။

၂၀၁၅ ခုနှစ်အတွင်း ရေယာဉ်ကြံ့ခိုင်မှုအလေးထားစစ်ဆေးမှုကြောင့် သံပြားအသစ်လဲလှယ်မှုတွင် ငွေကြေး ကုန်ကျမှုကြုံတွေ့ရသော်လည်း ရေယာဉ်များ၏ ကာလတန်ဖိုးမှာ မပြင်ဆင်ရသေးသည့်အချိန်ထက်များစွာမြင့်တက်လာသည်။ ရေလမ်းသွားလာရာတွင်လည်း ဘေးကင်းလုံခြုံမှုပိုမိုရရှိလာသည်ဟု အခြားရေယာဉ်တစ်စင်းမှ ရေယာဉ် စက်ခန်းအုပ် ဦးမောင်ကြည်က ပြောသည်။

ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော နှစ်ထပ်ရေယာဉ်အချို့တွင်သက်ဆိုင်ရာမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို လိုက်နာမှုအားနည်းစွာဖြင့် ပြေးဆွဲနေခြင်းကို မြင်တွေ့နေရသည်။ ရေယာဉ်စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ် မရရှိသေးဘဲ ရေလမ်းခရီးတွင် ပြေးဆွဲနေခြင်းမျိုး မရှိရန် သက်ဆိုင်ရာမှကြီးကြပ်ပေးစေလိုသည်ဟု ရေလမ်းခရီးတွင် သွားလာသူများက ပြောသည်။

မိုးရာသီကာလတွင် မကြာခဏ မိုးသည်းထန်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရေစီးသန်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်တတ်ရာ ရေလမ်းခရီးတွင် စည်းကမ်းတကျ ပြေးဆွဲမှုရှိရန် ပိုမိုအရေးကြီးလာသည်ဟု ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။ **(ဝ၂၈)**






## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဟောပြော

### လှည်းကူးမြို့နယ်

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှည်းကူးမြို့နယ်ရုံးမှ ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ဆားတလင်းကျေးရွာအထက(ခွဲ)ကျောင်းခန်းမ၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် သနပ်ပြင်ကျေးရွာ ကျောင်းခန်းမ၌ လည်းကောင်း ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကျော်ရွှေဝင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးရဲမြိုင်ဦး၊ စာရေးဆရာ ကျော်မင်းညွန့်၊ ခရိုင်မူးယစ်အထူးတပ်စု(၄၀)မှ ဒုရဲအုပ် အောင်ဆန်းလင်းနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်ရီတို့ကအသိပညာပေး ဟောပြောကြသည်။

**လှကြွယ်(ပြန်ကြားရေး)**

### ကသာမြို့နယ်

မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာ အထက်တန်းကျောင်းခန်းမ၌ ဇွန် ၂၄ ရက်နံနက် ၁၀ နာရီတွင် ကျင်းပရာ ကျောင်းသား ကျောင်းသူအင်အား ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ အဆိုပါ အသိပညာပေးအခမ်းအနားတွင် ကျောက်ထုံးကြီးကျေးရွာ(အထက)ကျောင်းအုပ်ကြီး ဦးဝင်းမြင့်၊ ကျောက်ထုံးကြီးကျေးရွာ ရဲစခန်းမှူး ဒုရဲအုပ် ဦးမြတ်စိုးတို့က မူးယစ်ဆေး၏ဆိုးကျိုးအန္တရာယ်များ အကြောင်းကို အကျယ်တဝင့် ဟောပြောပို့ချပေးခဲ့ကြောင်း သိရသည်။

**(မင်းနိုင်)**

### ကော့သောင်းမြို့နယ်

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကိုကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ဘုရင့်နောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ခန်းမ၌ ကျင်းပရာ မူးယစ်ဆေးဝါး အန္တရာယ်ကြိုတင်ကာကွယ်နိုင်ကြစေရေး ဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် နံရံကပ်ဓာတ်ပုံပြပွဲကို ခင်းကျင်းပြသအသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

### ဇဟာန်းမြို့နယ်

အပြည်ပြည်ဆိုင်ရာမူးယစ်ဇဟိုမှကြီးမှူး၍ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အဌမအကြိမ် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဇဟာန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာအုပ်စာစောင်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဇွန် ၁၉ ရက်နံနက် ၁၀ နာရီက ဇဟာန်းမြို့နယ် ကျောက်ဆည်ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင် အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ မြန်မာဘာသာဖြင့်ကျပန်း စကားပြော ၄၃ ဦး၊ အင်္ဂလိပ်ဘာသာဖြင့် ၂၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သန္တာမေ(IPRD)**

### မိုးကုတ်မြို့နယ်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မူးယစ်ဆေးဝါးတိုက်ဖျက်မှုလှုံ့ဆော်ရေး ဆိုင်းဘုတ်ဖွင့်ပွဲကို ဇွန် ၂၂ ရက်နံနက်ပိုင်းက မိုးကုတ်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးအနီး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဥက္ကာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်တင့်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းရွှေတို့က မူးယစ်ဆေးဝါးတိုက်ဖျက်မှုလှုံ့ဆော်ရေးစာတန်းပါ ပိုစတာဆိုင်းဘုတ်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **နေဝါ(မိုးကုတ်)**

# ဖုန်း၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများဆောင်ရွက်

**ကလေး ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှု လျော့နည်းစေရေးအတွက် ဖုန်း၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် တောင်ဇလပ်ရပ်ကွက်နှင့် စမ်းမြို့ရပ်ကွက်များတွင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် နယ်မြေမှူးများပူးပေါင်းကာ တစ်အိမ်တက်ဆင်းလိုက်လံဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"အခုက သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်းလျော့ကျဖို့ဆိုရင် ကျွန်မတို့က ပညာပေးလုပ်ငန်းတွေ ဟောပြောပေးတယ်။ ဒါကို ပြည်သူက ဟောပြောတာနားထောင်ရုံတင်မဟုတ်ဘဲ လိုက်ပါဆောင်ရွက်ဖို့လိုတယ်။ ကျွန်မတို့က တစ်ပတ်တစ်ခါပြုလုပ်ကြဖို့ ဖုန်း၊ သွန်၊ လဲ၊ စစ်လုပ်ငန်းကို လုပ်ပြတယ်။ ဒါကို ကျွန်မတို့ လုပ်ပြတဲ့အတိုင်း တစ်ပတ်တစ်ခါလုပ်ဖို့ လိုအပ်တယ်။နောက်ပြီး ရေကန်ကြီးတွေဆိုရင် အဘိတ်ဆေးခတ်ကြရတယ်။ ဒီဆေးကိုလည်း ကျွန်မတို့ဌာနမှာ လာယူနိုင်တယ်။ သွေးလွန်တုပ်ကွေးဖြစ်တာက အခုက ခြင်ကျားသေးသေးလေးတွေကြောင့်ဖြစ်တာ။ ခြင်ပုန်းလို့လည်း ခေါ်တယ်။ သူက နေ့ခင်းဘက်နေရောက်ရှိချိန်မှာပဲ ကိုက်တယ်။ အဲဒီကနေဖြစ်တာပါ"ဟု ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဂိုခမ့်နွမ်က ရှင်းပြသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်စေသော ခြင်ကျားများသည် ပေါက်ပွားရန် ရေသန့်ရေကြည်များကို ကြိုက်နှစ်သက်ကြပြီး အခုက မိုးရေကို ကြိုက်နှစ်သက်ကာ မိုးရေအနည်းငယ်မှာပင် ပေါက်ပွားနိုင်သောကြောင့် မိုးရာသီတွင်အဖြစ်များခြင်းဖြစ်ကြောင်း သိရသည်။ကလေးမြို့ဆေးရုံကြီးသို့သွေးလွန်တုပ်ကွေးရောဂါလာရောက်ကုသမှုခံယူသူများအနေဖြင့်၂၀၁၃ ခုနှစ်တွင် ၆၈၈ ဦးရှိခဲ့ပြီး ငါးဦး သေဆုံးခဲ့ကာ ၂၀၁၄ ခုနှစ်တွင် ၇၆၄ ဦးရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ **(လင်းလက်ကြယ်စင်)**

# ရေနံချောင်းမြို့ ဗိုလ်ချုပ်ကြေးရုပ်အနီးတွင် အပန်းဖြေကျန်းမာရေးလိုက်စားသူများနှင့်စည်ကားလျက်ရှိ



**ရေနံချောင်း ဇွန် ၂၅**

ရေနံချောင်းမြို့ရှိ ဗိုလ်ချုပ်ကြေးရုပ်အနီးတွင် နေ့စဉ်အပန်းဖြေသူများ၊ ကျန်းမာရေးလိုက်စားသူများ၊ ပျော်ရွှင်စွာကစားနေကြသော ကလေးများဖြင့် စည်ကားလျက်ရှိသည်။**(ဓာတ်ပုံ)**

ကျန်းမာရေးလေ့ကျင့်ရန် ပစ္စည်းများကို ရေနံချောင်းမြို့ Gold Petrol ရေနံကုမ္ပဏီက လှူဒါန်းထားခြင်းဖြစ်ကြောင်းသိရပြီး ယခုအခါတွင် နေ့စဉ် နံနက်နှင့် ညနေပိုင်းတို့တွင် ရေနံချောင်းမြို့ရှိ ပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**(ငြိမ်းငြိမ်း)**

# ကမ္ဘာစစ်ပြီးဆုံးမှု အထိမ်းအမှတ်အခမ်းအနား ရုရှားနှင့် မွန်ဂိုလီးယား တပ်ဖွဲ့ဝင်များ တက်ရောက်မည်

**ပေကျင်း ဇွန် ၂၅**

ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကို တရုတ်နိုင်ငံပေကျင်းမြို့၌ စက်တင်ဘာလတွင် ကျင်းပသည့်အခါ ရုရှားနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ တပ်ဖွဲ့ဝင်များက တရုတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း တရုတ်အစိုးရတာဝန်ရှိသူများက ဇွန် ၂၅ ရက်တွင် အတည်ပြုပြောကြားကြသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်မည့် ပင်လယ်ရပ်ခြားတိုင်းပြည်များနှင့် ပတ်သက်၍ အတည်ပြုပြောကြားခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း တရုတ်နိုင်ငံနှင့်အတူ တိုက်ပွဲဝင်ခဲ့ကြသော အနောက်အုပ်စု မဟာမိတ်နိုင်ငံများမှ ကိုယ်စားလှယ်များကိုလည်း စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်ဖိတ်ခေါ်ထားကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဥရောပ၌ ကမ္ဘာစစ်ပြီးဆုံးမှု နှစ်၇၀ ပြည့် အထိမ်းအမှတ်အဖြစ်မော်စကိုမြို့၌ ကျင်းပခဲ့သော စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါ စစ်ရေးပြအခမ်းအနားကို အနောက်အုပ်စုခေါင်းဆောင်များက တက်ရောက်ခြင်းမရှိဘဲ သပိတ်မှောက်ခဲ့ကြသည်။ ယူကရိန်း ပဋိပက္ခနှင့် ပတ်သက်၍ ရုရှားနှင့် အနောက်အုပ်စုနိုင်ငံများအကြား တင်းမာမှုများဖြစ်ပွားခဲ့မှု၏ အကျိုးရလဒ်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလတွင် ပေကျင်းမြို့ရှိ တိန်အန်မင်ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

**ရိုက်တာ။**




# ကိုလံဘီယာတောအုပ်အတွင်း လေယာဉ်ပျက်ကျ ငါးရက်အကြာတွင် သေကံမရောက် အသက်ရှင်သူသားအမိ တွေ့ရှိ

**ကိုလံဘီယာ ဇွန် ၂၅**

ကိုလံဘီယာနိုင်ငံ အနောက်ပိုင်းတောအုပ်အတွင်းသို့ လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ ယင်းလေယာဉ်ပေါ်လိုက်ပါသည့် သားအမိနှစ်ဦးကို ငါးရက်အကြာတွင် အသက်ရှင်လျက်တွေ့ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ကိုလံဘီယာလေတပ် အကြီးအကဲက ၎င်းတို့နှစ်ဦး အသက်မသေဘဲလွတ်မြောက်လာခြင်းမှာ အံ့ဖွယ်တစ်ပါးဖြစ်ပေသည်ဟု ဆိုခဲ့သည်။ အသက် ၁၈ နှစ်ရှိ မိခင် မာရီယာနဲလ်လီ မူရီလိုနှင့် ၎င်း၏ တစ်နှစ်အရွယ်သားငယ် ယူရိုယာ မိုရီနိုတို့ကို ချိုကိုပြည်နယ်အတွင်း ၎င်းတို့၏ ဆက်စနာလေယာဉ်ငယ် ပျက်ကျခဲ့ရာ နေရာနှင့် မနီးမဝေးတွင် ကယ်ဆယ်ရေးသမားများက တွေ့ရှိခဲ့သည်။

မိခင် မူရီလိုမှာ မီးလောင်ဒဏ်ရာနှင့် အခြားဒဏ်ရာ အနည်းငယ်ရရှိထားပြီး သားငယ်မှာ မည်သည့်ထိခိုက်မှုမျှ မရရှိခဲ့ပေ။

၎င်းတို့ လေယာဉ်ငယ်သည် ချိုကို ပြည်နယ်မြို့တော် ကွစ်ဒိုမှ ပစိဖိတ်ကမ်းခြေ နူကွီမြို့သို့ ပျံသန်းလာစဉ် ဘာအူဒိုဒေသ၌ ဇွန် ၂၀ ရက်တွင် ပျက်ကျခဲ့ခြင်း ဖြစ်သည်။ ပျက်ကျရခြင်း၏အကြောင်းရင်းကို ယခုအချိန်အထိ မသိရသေးပေ။

ကယ်ဆယ်ရေးသမားများသည် ဇွန် ၂၂ ရက်တွင် လေယာဉ်ပျက်ကို ရှာဖွေတွေ့ရှိရပြီး လေယာဉ်မှူး ကားလို့(စ်)မာရီယို စီဘောလ် လို့(စ်)အား ၎င်း၏ထိုင်ခုံတွင် သေဆုံးလျက်တွေ့ရသည်။

လေယာဉ်တံခါးများကို ပွင့်လျက်အနေအထားဖြင့် တွေ့ရသော်လည်း မိစ်မူရီလိုတို့သားအမိကိုမူ မတွေ့ရပေ။ ၁၄ ဦးပါ ကယ်ဆယ်ရေးအဖွဲ့သည် ၎င်းတို့ကို တောအုပ်အတွင်းတစ်နေရာ၌ တွေ့ရှိခဲ့သည်။

အဆိုပါ တောအုပ်မှာ တောရိုင်းတိရစ္ဆာန်များ ကျက်စားရာ အရပ်ဖြစ်ပြီး ရုတ်တရက် ကျရောက်လာသော ဘေးဒုက္ခကြီးမှ ၎င်းတို့နှစ်ဦး အသက်ရှင်လွတ်မြောက်လာခြင်းသည် အံ့သြဖွယ်ရာဖြစ်ကြောင်း ကိုလံဘီယာလေတပ်အကြီးအကဲ ဗိုလ်မှူးကြီး ဂက်ဖ်ပီက ပြောကြားခဲ့သည်။

**ရိုက်တာ။**

# တရုတ်ပြည်တွင်း လေကြောင်းစီမံကိန်းများအတွက် ယခုနှစ်တွင် ဒေါ်လာ ဘီလီယံ ၇၀ ရင်းနှီးမြှုပ်နှံမည်

**ပေကျင်း ဇွန် ၂၅**

တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း ပြည်တွင်းမြို့ပြလေကြောင်း လုပ်ငန်းဆိုင်ရာ စီမံကိန်းများအတွက် ယွမ် ဘီလီယံ ၅၀၀ (အမေရိကန်ဒေါ်လာ ဘီလီယံ ၈၀) ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲက ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

ပြည်တွင်း လေကြောင်းခရီးသွားလာသူ ဦးရေများပြားလာခြင်းကြောင့် မြို့ပြလေကြောင်း စီမံကိန်း ၁၉၃ ခုတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ အကြီးအကဲ လီကျန်ရှန်းက ပြောကြားသည်။ သို့ရာတွင် စီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်ပြောကြားခြင်းမရှိပေ။

ကမ္ဘာပေါ်တွင် ဒုတိယအင်အားအကြီးဆုံး စီးပွားရေးတည်ရှိရာ တရုတ်နိုင်ငံသည် ယခုနှစ် ပထမသုံးလပတ်တွင် စီးပွားရေး တိုးတက်မှုနှုန်း နှေးကွေးသွားခဲ့သည်။ ခြောက်နှစ်တာ ကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းခဲ့ခြင်းဖြစ်ပြီး အမျိုးသားစီးပွားရေးတိုးတက်မှု ပြန်လည်ဖြစ်ပေါ်လာရေးအတွက် သယ်ယူပို့ဆောင်ရေး စီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်လျက်ရှိသည်။

တရုတ်နိုင်ငံ၌ လူလတ်တန်းစားအလွှာ ပေါ်ထွန်းလာခြင်း၏ အကျိုးဆက်အဖြစ် ပြည်တွင်း ခရီးသွားလာမှုများပြားလာသဖြင့် မကြာသေးမီနှစ်များမှစ၍ မြို့ပြလေကြောင်းကဏ္ဍမှာ လျင်မြန်စွာတိုးတက်လာခဲ့သည်။

**ရိုက်တာ။**



# ရွှေများတရားမဝင် ခိုးထုတ်သည့် အိန္ဒိယနိုင်ငံသားရှစ်ဦးအား သီရိလင်္ကာအကောက်ခွန်အဖွဲ့ ဖမ်းဆီး

**ကိုလံဘို ဇွန် ၂၅**

အလေးချိန် ၉၀၃ ဂရမ်ရှိ ရွှေများအား တရားမဝင်ခိုးထုတ်သည့် အိန္ဒိယနိုင်ငံသားရှစ်ဦးကို သီရိလင်္ကာနိုင်ငံက ဖမ်းဆီးလိုက်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ကိုးဦးဖမ်းဆီးခံရသည့်အနက် ရှစ်ဦးမှာ အိန္ဒိယနိုင်ငံသားများဖြစ်ကြောင်း၊ ၎င်းတို့ကို ဘန်ဒြာနိုက်ကေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဖမ်းဆီးခဲ့ကြောင်း သီရိလင်္ကာအကောက်ခွန်ဌာနက ပြောကြားသည်။

ဖမ်းဆီးရမိသည့် အိန္ဒိယနိုင်ငံသား ရှစ်ဦးထဲမှ ခုနစ်ဦးမှာ ရွှေများကို ၎င်းတို့၏ စအိုအင်္ဂါထဲ၌ ထည့်သွင်းသယ်ဆောင်လာကြောင်း၊ ၎င်းတို့အားလုံးမှာ အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့သို့ ထွက်ခွာမည့် လေယာဉ်ဖြင့် လိုက်ပါကြမည့်သူများဖြစ်ကြောင်း သီရိလင်္ကာအကောက်ခွန်ဌာန ပြောရေးဆိုခွင့်ရှိသူ လက်စလေဂျာမနီက ပြောကြားသည်။ ၎င်းတို့အား သီရိလင်္ကာအကောက်ခွန်ဌာနက စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# ယဉ်ကျေးမှုမြို့တော် ပါလ်မိုင်ရာရှိ ရှေးဟောင်းဂူသင်္ချိုင်းများကို အိုင်အက်စ်စစ်သွေးကြွများ စတင်ဖျက်ဆီးနေ



**ဒမတ်စကပ် ဇွန် ၂၅**

ဆီးရီးယား ရှေးဟောင်းပစ္စည်းများနှင့်ပြတိုက်များဌာနမှ ညွှန်ကြားရေးမှူးချုပ် မာမွမ်အဗ္ဗဒူလ်ကာရင်က အိုင်အက်စ်စစ်သွေးကြွများသည် ဆီးရီးယားနိုင်ငံအလယ်ပိုင်း ရှေးဟောင်းမြို့တော် ပါလ်မိုင်ရာရှိ ဂူသင်္ချိုင်းများ ဖျက်ဆီးမှုကို စတင်ပြုလုပ်ခဲ့ကြောင်း ဇွန် ၂၄ ရက်က ပြောကြားသည်။

အိုင်အက်စ်စစ်သွေးကြွများက ဆီးရီးယားနိုင်ငံအလယ်ပိုင်း ဟွမ်းစ်ပြည်နယ်အရှေ့ပိုင်း ထောင်စုနှစ်ချီရှိနေပြီဖြစ်သော အိုအေစစ်မြို့တော် ပါလ်မိုင်ရာရှိ အစ္စလာမ့်ဂူသင်္ချိုင်းများနှင့် ရုပ်တုတစ်ခုကို ဖောက်ခွဲပစ်ခဲ့ကြောင်း၊ ပထမဂူဗိမာန်မှာ တမန်တော်မိုဟာမက်၏သမက် အစ္စလာမ်ဘာသာရေး ဆရာ အလီဘင်အဘီတာလက်ဘ်၏ သားစဉ်မြေးဆက်တစ်ဦးဖြစ်သူ မိုဟာမက်ဘင်အလီ ပိုင်ဆိုင်သော ပါလ်မိုင်ရာမြို့တော်ကို အထက်စီးမှမြင်တွေ့နိုင်သည့် တောင်တစ်ခု၏ထိပ်တွင် တည်ရှိကြောင်း၊ နောက်တစ်ခုမှာ အဘူဘာဟာအတ်ဒီရန်ဟု လူသိများသော ကျော်ကြားသည့် အစ္စလာမ်ဘာသာရေးဆရာများအနက် တစ်ဦးပိုင်ဆိုင်သည့် နှစ် ၅၀၀ သက်တမ်းရှိ ဂူဗိမာန်ဖြစ်ကြောင်း သူကဆိုသည်။

အိုင်အက်စ်စစ်သွေးကြွများက ပါလ်မိုင်ရာပြတိုက်ဝင်ပေါက်ရှိ ကြီးမားသော မတ်တတ်ရပ်ခြင်္သေ့ရုပ်တုတစ်ခုကိုလည်း ဖျက်ဆီးပစ်လိုက်ကြောင်း သိရသည်။ အိုင်အက်စ်စစ်သွေးကြွများက ပါလ်မိုင်ရာမြို့ကို ဖောက်ခွဲရေးပစ္စည်းများဖြင့် တပ်ဆင်ထားခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ဇွန် ၂၁ ရက်တွင် ပြောကြားခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွများက နှစ် ၂၀၀၀ သက်တမ်းရှိသော သမိုင်းဝင်အဆောက်အအုံများနှင့် ဘုရားကျောင်းများတည်ရှိသည့် ရှေးဟောင်းမြို့ဟောင်းပါလ်မိုင်ရာတွင် မိုင်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားကြောင်း ယူကေအခြေစိုက် စောင့်ကြည့်ရေးအုပ်စုက ပြောကြားသည်။ ယူနက်စကိုကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပါလ်မိုင်ရာမြို့တွင် ရှေးအခါက အရေးပါဆုံးသော ယဉ်ကျေးမှုဆိုင်ရာ ဌာနများအနက် တစ်ခုဖြစ်သည့် အလွန်ခံ့ညားထည်ဝါသော မြို့တော်ပျက်တစ်ခုကို ထိန်းသိမ်းထားသည်။

**ဆင်ဟွာ။**

# ဒီမာရီယာအားဘာစီလိုနာတွင် လာရောက်ကစားရန် မက်ဆီဆန္ဒရှိ

မက်ဆီက အာဂျင်တီးနားအသင်းကစားဖော် ဒီမာရီယာအား မန်ယူမှထွက်ခွာကာ ဘာစီလိုနာတွင် လာရောက်ကစားရန်ဆန္ဒရှိနေပြီး ဘာစီလိုနာအသင်းတာဝန်ရှိသူများကို ခေါ်ယူပေးရန်တောင်းဆိုခဲ့သည်။စပိန်မှလာသော သတင်းများတွင် ဒီမာရီယာမှာ မန်ယူ၌ မပျော်မရွှင်ဖြစ်နေကာ ဘာစီလိုနာနည်းပြအန်းနရစ်ကလည်း လာမည့်ရာသီတွင် ဘာကာကွင်းလယ်ကစားကွက်ကို ပြောင်းလဲလိုသည့်အတွက် ဒီမာရီယာအားခေါ်ယူလိုနေသည်။

သို့ရာတွင် လာမည့်ဘောလုံးရာသီ၌ ဘာစီလိုနာဥက္ကဋ္ဌသစ်မည်သူပင် ဖြစ်လာသည်ဖြစ်စေ ဘာကာအနေဖြင့် ဒီမာရီယာထက် ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာကိုသာ ဦးစားပေးနံပါတ်(၁)ကစားသမားအဖြစ်ခေါ်ယူလိုနေသည်။

ပေါ့ဘာကလည်းမန်စီးတီး၊ချယ်လ်ဆီးနှင့် ပီအက်စ်ဂျီတို့ထက် ဘာစီလိုနာသို့သာ ပြောင်းရွှေ့လိုသော်လည်း ဖီဖာက ဘာစီလိုနာ အားကစားသမားဝယ်ယူခွင့် ပိတ်ပင်ထားရာ လာမည့်ဆောင်းရာသီ အပြောင်းအရွှေ့ကာလမှသာ ကစားသစ်ဝယ်ယူနိုင်မည်ဖြစ်၍ ပေါ့ဘာ၏ အပြောင်းအရွှေ့မှာ လိပ်ခဲတည်းလည်းဖြစ်နေခြင်းဖြစ်နေသည်။

မက်ဆီသည် ယခင်ကလည်း ဘာစီလိုနာတိုက်စစ်တွင် အာဂျင်တီးနားတိုက်စစ်အတွဲအဖြစ် တိုက်စစ်မှူး အဂူရိုနှင့် အတူတကွ တွဲဖက်ကစားခွင့်ရရန် ဆန္ဒရှိခဲ့သော်လည်း ကလပ်အသင်းက ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်ကိုသာ မျက်စိကျကာ အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

သို့သော်မက်ဆီနှင့် ဒီမာရီယာတို့၏ ရင်းနှီးသောဆက်ဆံရေးက အပြောင်းအရွှေ့ဖြစ်မြောက်ရန်လုံလောက်နေပြီး မန်ယူနှင့် ဘာစီလိုနာအကြား အကြိုသဘောတူညီချက်တစ်ရပ်ပြုလုပ်ရန်လည်း အလားအလာရှိနေသည်။ မန်ယူနည်းပြဗန်ဟားလ်ကလည်း အသင်းကစားကွက်နှင့် အံမဝင်ဖြစ်နေသော ဒီမာရီယာအား ရောင်းထုတ်ကာ ဘိုင်ယန်တိုက်စစ်မှူးမူလာအား ခေါ်ယူရန် စိတ်အားထက်သန်နေသည်။ [မေလွဲ့သင်း]



# ဂျက်ဆန်မာတီနက်ဇ်အား ခေါ်ယူရန် အက်သလက်တီကို သဘောတူညီမှုရရှိ

စပိန်ထိပ်သီးကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်း အသင်း၏ တိုက်စစ်ကိုအားဖြည့်ရန်အတွက် ပေါ်တိုအသင်းမှထွက်ခွာရန် ရေပန်းစားနေသည့် ကိုလံဘီယာတိုက်စစ်မှူး ဂျက်ဆန်မာတီနက်ဇ် အားခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။

ဂျက်ဆန်မာတီနက်ဇ်မှာ လာမည့်ကာလအနည်းငယ်အတွင်း ပေါ်တိုအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး ပြီးခဲ့သည့် ဇန်နဝါရီက အာဆင်နယ်၊ လီဗာပူးစသည့် ပရီမီယာလိဂ်ကလပ်အသင်းများနှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း အပြောင်းအရွှေ့မှာဖြစ်မြောက်ခဲ့ခြင်းမရှိပေ။

ထို့ပြင် မာတီနက်ဇ်မှာ ပြီးခဲ့သည့်ရက်ပိုင်းက ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားလိုသော်လည်း မည်သည့်အသင်းထံကမျှတရားဝင်ကမ်းလှမ်းမှုမျိုး မရရှိခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ထို့ကြောင့် အက်သလက်တီကို အသင်းအနေဖြင့် ၎င်းအား ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး ကစားသမားနှင့် အကြိုသဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ [ကိုရဲ]



# နာဒဲလ်အတွက် ခက်ခဲတော့မည့် ဝင်ဘယ်လ်ဒန်

လာမည့်ဇွန် ၂၉ရက်တွင် စတင်ယှဉ်ပြိုင်မည့် ဂရင်းစလင်းပြိုင်ပွဲကြီးတစ်ခုဖြစ်သော ဝင်ဘယ်လ်ဒန်အိုးပင်း၌ တင်းနစ်လောက၏ ထိပ်တန်းကြယ်ပွင့် ကစားသမား ရာဖေးလ်နာဒဲလ်မှာ လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ ဦးစားပေးအဆင့်(၁၀)သာ သတ်မှတ်ခံခဲ့ရသည်။ နာဒဲလ်မှာ ဒဏ်ရာပြဿနာများကြောင့် ပုံမှန်လက်စွမ်းရရန် ရုန်းကန်နေခဲ့ရပြီး ၁၀ စုနှစ်အတွင်း ၎င်းအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အနိမ့်ဆုံးသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ဦးစားပေးအဆင့်ကျဆင်းမှုက နာဒဲလ်အနေဖြင့် စတုတ္ထအဆင့်မှာပင် ထိပ်တန်းကစားသမားတစ်ဦးနှင့်လည်းကောင်း၊ ကွာတားဖိုင်နယ်တွင် ထိပ်တန်းကစားသမားလေးဦးထဲမှတစ်ဦးနှင့်လည်းကောင်း စောစီးစွာပင် ရင်ဆိုင်တွေ့ဆုံရတော့မည်ဖြစ်သည်။

နာဒဲလ်အတွက် ၂၀၁၃ ၌ ဦးစားပေး အဆင့်(၅) သတ်မှတ်ခံရမှုမှာ ယခုပွဲမတိုင်မီ ဝင်ဘယ်လ်ဒန်တွင်အနိမ့်ဆုံးအဆင့် သတ်မှတ်ခံရမှုဖြစ်ခဲ့ပြီး ၎င်းဝင်ဘယ်လ်ဒန်ဖလားစတင်ယှဉ်ပြိုင်သည့် ၂၀၀၃ခုနှစ် တစ်နှစ်မှလွဲ၍ ကျန်နှစ်များတွင် ထိပ်တန်းဦးစားပေးအဆင့်လေးနေရာအတွင်း ဝင်ရောက်ခဲ့သည်။

နာဒဲလ်သည် လွန်ခဲ့သည့် သီတင်းပတ်ကယှဉ်ပြိုင်ခဲ့သော ကွင်းကလပ်တင်းနစ်ပြိုင်ပွဲတွင်လည်း ပထမအဆင့်မှပင် ထွက်ခွာခဲ့ရပြီး မြက်ခင်းကွင်းပြိုင်ပွဲ အမျိုးအစားများတွင် ရလဒ်ပြန်လည်ကောင်းမွန်လာအောင် ရုန်းကန်နေရဆဲဖြစ်သည်။ စပိန်တင်းနစ်အကျော်အမော် နာဒဲလ်မှာ ဝင်ဘယ်လ်ဒန်ဖလားကို၂၀၀၈နှင့် ၂၀၁၀တို့တွင် ရရှိခဲ့ပြီး ဂရင်းစလင်းချန်ပီယံဆုကို (၁၄)ကြိမ်အထိဆွတ်ခူးနိုင်ခဲ့ကာ လက်ရှိ တင်းနစ်ကစားသမားများထဲတွင် ဖက်ဒရာ၏နောက် ဒုတိယအများဆုံး ဂရင်းစလင်းဆုရှင်ဖြစ်သည်။[ [မေလွဲ့သင်း]



# ဘရာဇီးတိုက်စစ်မှူး ဖာမီနိုအား လီဗာပူးခေါ်ယူ

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် အသက်(၂၃)နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး ဖာမီနိုအား ပြောင်းရွှေ့ကြေးပေါင် ၂၉ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

တိုက်စစ်မှူး ဖာမီနိုသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဟော်ဖန်ဟိမ်းအသင်းတွင် ကစားနေသူဖြစ်ပြီး လီဗာပူးအသင်းအနေဖြင့် ဖာမီနိုအား ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ခြင်းဖြစ်ပြီး လက်ရှိတွင် ဘရာဇီးအသင်းနှင့်အတူ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ပါဝင်ကစားလျက်ရှိသည်။

ဖာမီနိုသည် ဟော်ဖန်ဟိမ်းအသင်းနှင့်အတူ ပွဲပေါင်း ၁၅၁ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုး ၄၇ဂိုးအထိ သွင်းယူပေးထားသည်။ ၂၀၁၁ ခုနှစ်အတွင်းက နယူးကာဆယ်တိုက်စစ်မှူး အန်ဒီကာရိုးလ်အား ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့် ခေါ်ယူစာချုပ်ခဲ့ပြီး လက်ရှိအချိန်တွင် တိုက်စစ်မှူး ဖာမီနိုသည် လီဗာပူးအသင်းနှင့် ပြောင်းရွှေ့ကြေးပေါင် ၂၉ သန်းဖြင့် စာချုပ်ချုပ်ဆိုလိုက်ခြင်းကြောင့် လီဗာပူးအသင်း၏ ဒုတိယဈေးအကြီးဆုံးကစားသမားလည်း ဖြစ်လာခဲ့သည်။

လီဗာပူးအသင်းသည် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဒန်နီအင်ငို၊ ဘော့ဂ်ဒန်၊ ဂျိမ်းစ်မီနာတို့ကိုလည်း ခေါ်ယူထားခဲ့ပြီဖြစ်သည်။ ထို့ပြင် ပရီမီယာလိဂ်ပြိုင်ဘက် မန်စီးတီးအသင်းက နှစ်ကြိမ် ကမ်းလှမ်းထားခဲ့ပြီးဖြစ်သည့် တိုက်စစ်မှူး စတာလင်ကိုမူ ရောင်းချမည်မဟုတ်ကြောင်း ငြင်းပယ်ထားခဲ့ကြောင်းသိရသည်။

လီဗာပူးအသင်းသည် ဘရာဇီးတိုက်စစ်မှူး ဖာမီနိုအား ခေါ်ယူခဲ့ပြီးနောက် ဆီဗီလာတိုက်စစ်မှူးကာလို့ဘက်ကာအား ပြောင်းရွှေ့ကြေးပေါင် ၂၁ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိပြီး ကာလို့ဘက်ကာသည် ပြီးခဲ့သည့်ဘောလုံးရာသီအတွင်းက ဆီဗီလာအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်၌ ၂၈ ဂိုးအထိ သွင်းယူထားသူဖြစ်သည်။ [ငွေကြယ်]

# ဂျာရတ်လက်သစ်ဖြစ်လာရန် ရမ်ဆေးမျှော်လင့်



အာဆင်နယ်ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးက ၎င်းအနေဖြင့်လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ်ကဲ့သို့ကွင်းလယ်နေရာစုံ၌ ကစားနိုင်သည့် ကစားသမားတစ်ဦးသာဖြစ်လိုကြောင်း ဆိုခဲ့သည်။ ပြီးခဲ့သည့်ဘောလုံးရာသီတွင်အာဆင်နယ်ကွင်းလယ်တိုက်စစ်နေရာ၌ အိုဇေးလ်၊ ချိန်ဘာလိန်နှင့်ကာဇိုလာတို့ ရှိနေသောကြောင့် ရမ်ဆေးမှာကွင်းလယ်အဖျက်နေရာတွင်သာ ကစားခဲ့ရသည်။

သို့သော်ရမ်ဆေးမှာ ပြီးခဲ့သည့်ဘောလုံးနှစ်ရာသီအတွင်း စုစုပေါင်းသွင်းဂိုး ၂၆ဂိုးအထိသွင်းယူကာ တိုက်စစ်မှူးဂီရော့ဒ်ပြီးနောက် အာဆင်နယ်အတွက်ဒုတိယအများဆုံး ဂိုးသွင်းယူသူဖြစ်ခဲ့သည်။

အဆိုပါဝေလကွင်းလယ်ကစားသမားသည် လက်ရှိတွင် အာဆင်နယ်နှင့်ဝေလနှစ်သင်းလုံးအတွက် ကွင်းလယ်တိုက်စစ်နှင့် အဖျက်နေရာနှစ်ခုစလုံးတွင်သာမက ရံဖန်ရံခါ ကွင်းလယ်ဗဟိုနေရာအတွက် တာဝန်ယူကစားပေးသည့်ပွဲများလည်းရှိခဲ့သည်။

ယင်းသို့ကွင်းလယ်နေရာစုံတွင် တာဝန်ယူကစားနိုင်သည့်အပေါ် ရမ်ဆေးကကျေနပ်နေပြီး ၎င်းအနေဖြင့် သွင်းဂိုးများသွင်းယူနိုင်ရန်ထက် လီဗာပူးမှ ထွက်ခွာသွားသော စတီဗင်ဂျာရတ်ကဲ့သို့ ကစားကွက်အခင်းအကျင်းကို အကောင်းဆုံးထိန်းညှိပေးနိုင်သည့် ကစားသမားမျိုးသာ ဖြစ်လိုကြောင်း ဆိုခဲ့သည်။ “ထိပ်တန်းကွင်းလယ်ကစားသမားတစ်ဦးဆိုတာ ဘောလုံးဖျက်ထုတ်တာရော၊ကစားကွက် အတင်အချပြုတာအပြင် ဂိုးဖန်တီးမှုအပိုင်းနဲ့ ဂိုးသွင်း ယူနိုင်မှုတွေကိုပါ ပြုလုပ်နိုင်ရပါမယ်။ ကျွန်တော့်အနေနဲ့ပွဲတစ်ခုလုံးကို ထိန်းကျောင်းကစားတတ်တဲ့ နည်းစနစ်ကြွယ်ဝနေတဲ့ ကစားသမားတစ်ယောက်ဖြစ်ချင်ပါတယ်။ စတီဗင်ဂျာရတ် ဆိုရင် ခုနကပြောခဲ့တဲ့အရာတွေအားလုံးကို ပြုလုပ်နိုင်တဲ့ အရည်အသွေးတွေ သူ့မှာ အပြည့်ရှိနေသူပါ။ သူဟာ ကျွန်တော့်ရဲ့ စံထားရတဲ့ ကစားသမားလည်းဖြစ်ပါတယ်”ဟု ရမ်ဆေးက ပြောကြားခဲ့သည်။ [မေလွဲ့သင်း]

# လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်(ယင်းမာ)၏ တတိယရက်သတ္တပတ်လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးလုပ်ငန်းစီမံချက်(ယင်းမာ)ကို မူးယစ်ဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၁၅)တွင် အတည်ပြုခဲ့ပြီး လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ အဆိုပါယင်းမာစီမံချက်ကို ၂၆-၅-၂၀၁၅ ရက်မှ ၂၆-၆-၂၀၁၅ ရက်အထိ ဆောင်ရွက်လျက်ရှိပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန်သုံးဇုန်ခွဲ၍ ဆောင်ရွက်လျက်ရှိရာ မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် တတိယရက်သတ္တပတ်အတွင်း အောက်ပါအတိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည် -

### တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

(၁) ဆိုင်းဘုတ်ချိတ်ဆွဲခြင်းနှင့် စတေကာပိုစတာကပ်ခြင်း ၅၆ မြို့နယ်
(၂) အသိပညာပေးဟောပြောပွဲ (၄၈)ကြိမ်
(၃) စီမံချက်အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေး (၃)ကြိမ်
(၄) လက်ကမ်းစာစောင်ဖြန့်ဝေခြင်း ၁၆ မြို့နယ်

### သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့

(၁) နှစ်ခြင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း သုံးမြို့နယ်
(၂) နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း သုံးမြို့နယ်
(၃) စိုက်ပျိုးရေးနည်းစနစ် သင်တန်းပို့ချခြင်း တစ်မြို့နယ်
(၄) လက်ကမ်းစာစောင်ဖြန့်ဝေခြင်း တစ်မြို့နယ်

### မွေးမြူရေးအဖွဲ့

(၁) အခြေခံမွေးမြူရေးနှင့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးသင်တန်းဖွင့်လှစ်ခြင်း ၁၂ မြို့နယ်
(၂) ပျားအုံ ၂၅ အုံအား မျိုးစားကျက်ရှိရာသို့ ရွှေ့ပြောင်းမွေးမြူဝန်ဆောင်မှုပေးခြင်း တစ်မြို့နယ်
(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း ခြောက်မြို့နယ်
(၄) ငါးမျိုးစိုက်ထည့်ပေးခြင်း တစ်မြို့နယ်

### ဆေးကုသရေးအဖွဲ့

(၁) One Stop Service ဖွင့်လှစ်ထားသောနေရာများတွင် လူနာသစ် ၄၂ဦး တက်ရောက်ကုသခဲ့ပြီး မက်သာဒုန်းဆေးရည်သောက်သုံးသူ ၈၄၀၀
(၂) မူးယစ်ဆေးစွဲလူနာများ မက်သာဒုန်းဆေးကုသမှုခံယူနေသူများအား အသည်းရောင်အသားဝါ ဘီပိုးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်း ၂၂၈ ဦး
(၃) HIV ပိုး ရှိ/မရှိ စစ်ဆေးခြင်းနှင့် ART ဆေးသောက်သုံးနိုင်ရန် ညွှန်းပို့ပေးခြင်း ၁၀၈ ဦး
(၄) မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးနှင့် မက်သာဒုန်းဆေးသောက်သုံးမှု အသိပညာပေးဟောပြောခြင်း နှစ်မြို့နယ်

### ပြန်လည်ထူထောင်ရေးအဖွဲ့

(၁) မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း (၁၀)ကြိမ်

### ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့

(၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ဆောင်းပါး၊ စာစီစာကုံး ပြိုင်ပွဲ ခုနစ်မြို့နယ်
(၂) မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း (၃၉)ကြိမ်
(၃) မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကျင်းပခြင်း တစ်မြို့နယ်

### ပြည်သူများအား အသိပညာပေး၊ လှုံ့ဆော်ရေးအဖွဲ့

(၁) နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှုပြုလုပ်ခြင်း ၆၄ မြို့နယ်

### ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့

(၁) ထိန်းချုပ်ဓာတုပစ္စည်းများ ကွင်းဆင်းစစ်ဆေးခြင်း လေးမြို့နယ်
(၂) အသိပညာပေးဟောပြောခြင်း လေးမြို့နယ်

### တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့


(၁) ဘိန်း ၃၃ ဒသမ ၆၆၃၇ ကီလို
(၂) ဘိန်းဖြူ သုည ဒသမ ၂၈၆၄ ကီလို
(၃) စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၄၄၁ ပြား
(၄) ဆေးခြောက် သုည ဒသမ ၀၅၉၅ ကီလို
(၅) အိုက်စ် ၉၆ ဒသမ ၀၇၅ ကီလို
(၆) ဘိန်းဆီခဲ ၂ ဒသမ ၄၈၄ ကီလို
(၇) အမှုပေါင်း ၁၂၇ မှု
(၈) တရားခံ ၁၇၈ ဦး

### အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့

(၁) အခြေခံပညာမူလတန်းကျောင်းဆောင်သစ် နှစ်ဆောင်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခြင်း နှစ်မြို့နယ်

### မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)

(၁) ဘိန်းစာပင် ၁ ဒသမ ၈၅ ဧက ဖျက်ဆီးခြင်း တစ်မြို့နယ်




တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့



သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့



မွေးမြူရေးအဖွဲ့



တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့



အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့



ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့



ပြန်လည်ထူထောင်ရေးအဖွဲ့



ဆေးကုသရေးအဖွဲ့



ပြည်သူများအားပညာပေးလှုံ့ဆော်ရေးအဖွဲ့



ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့



## အခန်းဆက်ဆောင်းပါး

**သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်သည် ၁၉၉၉ ခုနှစ်က မန္တလေးနေ့စဉ်သတင်းစာတွင် ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်ဟူသော ခေါင်းစဉ်ဖြင့် မန္တလေးမြို့ရပ်ကွက် သမိုင်းများ၊ လေးပြင်လေးရပ်ရှိ ရပ်ကွက်ဝင်းများအကြောင်းကို ကွင်းဆင်းသုတေသန ပြုလုပ်ကာ အပတ်စဉ်ဆောင်းပါးများ ရေးသားခဲ့သည်။ တစ်နှစ်ကျော်ခန့် ရေးသားပြီး ၂၀၀၀ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန မန္တလေးနေ့စဉ် သတင်းစာတိုက်မှ လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်ခဲ့သည်။ တစ်နှစ်ကျော်အတွင်း အုပ်ရေ ၉၀၀၀ ကုန်သွားသည်။ ယင်းစာအုပ်သည် ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတပဒေသာ ဝိဇ္ဇာဘာသာရပ်) ဖြင့် ဆုရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ "ဖြိုး" စာပေမှ ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် တစ်ဖန် မန္တလေးမြို့ မင်းမဟော်စာပေတိုက်မှ တတိယအကြိမ် အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။**

**ဆရာနတ်မောက်ထွန်းရှိန်သည် သတင်းစာဆောင်းပါးများနှင့် အကျိုးပေးသည်ဟု ဆိုရပေမည်။ ၂၀၁၀ ခုနှစ်တွင် ရတနာပုံမန္တလေးနိပါတ်ပန်းချီကျော်များနှင့် ဗုဒ္ဓဝင်ပညာပေးမြန်မာ့နိပါတ်ပန်းချီလက်ရာများ ဆောင်းပါးပေါင်းချုပ်ဆက်လက် ရေးသားထုတ်ဝေခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု) ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဒုတိယအကြိမ် အမျိုးသားစာပေဆုရရှိခြင်းဖြစ်သည်။ ထို့နောက် မန္တလေးနေ့စဉ် သတင်းစာတွင် မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များအကြောင်း ဆက်လက်ရေးသားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရတနာစာပေမှ ထုတ်ဝေခဲ့ရာ ၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု (သုတပဒေသာဘာသာရပ်) စာပေဆု ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာတွင် လူ့တန်းကြ မန္တလေးမြို့က ကျောင်းအမများ ခေါင်းစဉ် ဖြင့် ဘာသာသာသနာဆိုင်ရာ လှူဒါန်းကြသူများ ပရဟိတ လုပ်ငန်းများတွင် ကြိုးပမ်းလှူဒါန်းနေကြသူ ကျောင်းဒကာ ကျောင်းအမများ ဘဝတစ်စေ့တစ်စောင်းအကြောင်းရေးသားလျက်ရှိသည်။**

**ဆရာ၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)**

# ဝင် တွေနဲ့ တည်ခဲ့သည် မင် နေပြည်

## နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

### အမရပူရ ရပ်ကွက်များ

မန္တလေးမြို့နှင့် ရပ်ကွက်တွေ တစ်ဆက်တည်းရှိနေသော အမရပူရတွင် သမိုင်းနှင့် ဆက်စပ်လျက်ရှိသော ရပ်ကွက်ဝင်းများလည်းခေါ်ဝေါ်သုံးစွဲမှု မပျောက်မပျက်ရှိသေးသဖြင့် အမရပူရယဉ်ကျေးမှု အငွေ့အသက်မပျက်သေးဟု ဆိုရပေလိမ့်မည်။ ဘိုးတော်မင်းတရားလက်ထက်ကစ၍ အစုအဝန်းတွေနှင့် စနစ်တကျနေရာချထားပေးသော မြို့ကွက်တည်နေမှုသည် နှစ်ပေါင်းများစွာကြာလာသောအခါ ပြောင်းလဲပျောက်ပျက်သွားခဲ့သည်များလည်းရှိသည်။ လက်ရှိတွင် အမရပူရသည် မြို့မရှစ်ရပ်ကွက်မှ မြို့မကိုးရပ်ကွက်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရသည်။ တိုက်နယ်ရပ်ကွက်ကြီးများပင်ဖြစ်သည်။

(၁) အိုးတော်ရပ်ကွက်၊ (၂) လေးစုရပ်ကွက်၊ (၃) ရွှေဂူမ်းထုပ်ရပ်ကွက်၊ (၄) ဆင်စွယ်ပွတ်ရပ်ကွက်၊ (၅) ငယ်တိုးရပ်ကွက်၊ (၆) တောင်ကြီးရပ်ကွက်၊ (၇) ကြံတန်းရပ်ကွက်၊ (၈) မှန်တန်းရပ်ကွက်၊ (၉) ရွှေကြက်ယက် တိုက်နယ်တို့ဖြစ်၏။ အမရပူရမြို့ နန်းမြို့ဟောင်း၏ ယဉ်ကျေးမှုသမိုင်းဆိုင်ရာ မှတ်တိုင်များအဖြစ် တွေ့နိုင်ကြ၏။ မန္တလေးကဲ့သို့ ဤရပ်ကွက်ကြီးများထဲတွင် ရပ်ကွက်ငယ်များ၊ အတန်းများလည်းရှိသည်။

**အိုးတော်ရပ်ကွက်ကြီး**တွင် ရပ်ကွက်ငယ် ရှစ်ရပ်ကွက်ရှိသည်။ အိုးတော်၊ သိမ်ကြီး၊ မိုက်စု(တောင်)၊ မိုက်စု(မြောက်)၊ ရက်ကန်းတော်၊ တမာကုန်း၊ ကြေးသွန်း၊ ပန်းချီရပ်ကွက်များဖြစ်ကြ၏။ လေးစုရပ်ကွက်ထဲတွင်လည်း မောင်းတန်း၊ ကန်တော်၊ အသည်စု၊ စစ်ကိုင်းတန်း၊ ရွာသစ်၊ ရေတွင်းညီနောင်၊ **ဆင်စွယ်ပွတ်ရပ်ကွက်**တွင် သံပုရာခြံ၊ ပန်းဘဲတန်း၊ သပွတ်ပင်၊ အလယ်ပန်းတိမ်၊ အရှေ့ပန်းတိမ်၊ **နန်းတော်ရာကွက်သစ်**တွင်လည်း မှန်တန်းရပ်၊ ကိုယ်ရံတော်ရပ်၊ ထန်းတစ်ပင်၊ **ရွှေဂူမ်းထုပ်ရပ်ကွက်**တွင် တရုတ်တန်းကြီး၊ တရုတ်တန်းလေး (မဟာဂန္ဓာရုံဘေးတွင်ရှိ)၊ **ကြံတန်းရပ်**၌ ပွဲတော်၊ ဆားချက်၊ ဖန်ချက်၊ တောင်ကြီးရပ်တွင်ဆင်တိုင်၊ မြင်းတိုင် စသည့်ရပ်ကွက်များ တွေ့ရသည်။ မဟာဂန္ဓာရုံအနီးတွင် ပန်းပဲစုရပ်၊ ပွတ်စုရပ်၊ အကျီတန်းရပ်များလည်း ရှေးကတည်းက ရှိခဲ့သည်။

ဤရပ်ကွက်အမည် အသုံးအနှုန်း၊ အခေါ်အဝေါ်များသည် မင်းမှုရေးရာလုပ်ငန်းများ အစုအဝေးနှင့် ချထားပေးရာ အမည်များကို အစွဲပြု၍ ခေါ်ဝေါ်နေခြင်းဖြစ်သည်။ အများအားဖြင့် အမည်သာကျန်ရစ်၍ လုပ်ငန်းများ ပျောက်ကွယ်ရွှေ့ပြောင်းကုန်ကြပြီဖြစ်သည်။

အမရပူရ ဘိုးတော်မင်းတရားလက်ထက်တွင် နေပြည်တော်ဝန်းကျင် ဆင်ခြေဖုံးရပ်ကွက်များ၌ လူမျိုးစုအလိုက် အစုအဝန်းများ ချထားပေးခဲ့သည်။ လေ့လာတွေ့ရှိရသမျှ ကုလားစု၊ ကသည်းစု၊ တရုတ်စု၊ မွန်စု၊ ယိုးဒယားစု၊ ယွန်းစု၊ ရခိုင်စု၊ ရှမ်းစု၊ လင်းဇင်းစုစသည်များဖြင့် စနစ်တကျချထား၏။ မြေဒူးမင်းလက်ထက်ကစ၍ ယိုးဒယား (ယခုအခေါ် ထိုင်း)အများအပြားခေါ်ဆောင်လာပြီး နေရာချခဲ့ပုံတွေ့ရသည်။ ထို့ကြောင့် ယိုးဒယားဈေး၊ တရုတ်တန်းဈေးများသည် အမရပူရခေတ်ကစ၍ ပေါ်ပေါက်ခဲ့သည်။

အမရပူရ၌ ရက်ကန်းလုပ်ငန်းကို ကသည်းလူမျိုးများက စတင်ပညာပြန့်ပွားခဲ့ကြသည်ဟု မှတ်သားကြသည်။ ယနေ့တိုင် ရက်ကန်းလုပ်ငန်းသာလျှင် လက်မှုစီးပွားရေးလုပ်ငန်းများအဖြစ် အရှည်တည်တံ့ကျန်ရစ်သည်။ အထူးသဖြင့် အမရပူရ လွန်းရာကျော်ချိတ်အထည်များသည် ရှေးဦးမဆွ ထင်ရှားသော လက်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည်။ အမရပူရသမိုင်းကို ပြောကြစတမ်းဆိုလျှင် လွန်းရာကျော်ချိတ် ရက်ကန်းကို ချန်ထား၍မရပေ။ ယခုတိုင်လည်း အမရပူရမြို့၌ လွန်းရာကျော်ချိတ်လုံချည်များ တွင်တွင်ကျယ်ကျယ်ရက်လုပ်လျက်ရှိသည်။ ယင်းတို့သည် ဘိုးစဉ်ဘောင်ဆက် ရက်ကန်းလုပ်ငန်းကို အမွေဆက်ခံလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ အမရပူရမြို့တော်ကို နောက်ပိုင်းခေတ်များ၌ ရက်ကန်းမြို့တော်ဟူ၍ တင်စားခေါ်ဆိုကြသည်။ လွန်းရာကျော် ချိတ်သမိုင်းကို လေ့လာလျှင် အမရပူရ ရက်ကန်းလုပ်ငန်းများနှင့် ဆောင်းဒါးရပ်ကန်းကျောင်းသို့ သွားရောက်လေ့လာရသည်။

အမရပူရ အိုးတော်ရပ်ကွက်တွင် ရှေးက ကသည်းလူမျိုးများ အများအပြားနေထိုင်ခဲ့ကြသည်။ ထိုင်းလူမျိုးများလည်း နေထိုင်ခဲ့ကြသည်ဟု အစဉ်အဆက်ပြောဆိုကြသည်။ ထိုင်းလူမျိုးများသည် လက်မှုလုပ်ငန်းများကို လုပ်ကိုင်စားသောက်ကြသည်။ ဆန်ရွှေချည်မုန့်၊ မုန့်တီ၊ ရွှေထမင်း၊ မုန့်လက်ဆောင်း စသည့်မုန့်များကိုလည်း ယင်းတို့ကပင် စတင်လုပ်ကိုင်ခဲ့ကြသည်ဟု အစဉ်အလာ ပြောဆိုမှတ်သားရသည်။

အမရပူရ ရပ်ကွက်ဝင်းများတွင် နန်းတော်ကိုအမှီပြု၍ လုပ်ကိုင်နေရာချထားခြင်းခံရသော အစုအဝန်းများဖြစ်သည့် ပန်းပဲ၊ ကြေးသွန်း၊ လက်သမား၊ ဆင်ထိန်း၊ မြင်းထိန်း၊ အချုပ်အလုပ်၊ ဆားချက်၊ ဖန်ချက်၊ မဲနယ်ချက် လုပ်ငန်းများကအစ နေရာတကျထားရှိခဲ့ပြီး ယခုတိုင်နာမည်များတိမ်မြုပ်ပျောက်ကွယ်ခြင်းမရှိသေးပေ။ ရက်ကန်းလုပ်ငန်းမှာမူ တစ်မြို့နယ်လုံး မြို့ပေါ်၊ ကျေးရွာများမှအစ လယ်ယာလုပ်ငန်းပြီးလျှင် ဒုတိယလုပ်ကိုင်စားသောက်ရသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းကြီးအဖြစ်တွေ့ရမည်ဖြစ်သည်။ ကျေးရွာအုပ်စုတွင် အစဉ်လိုက်ရေးပြနေလျှင် ရွှေနန်းတော်ရပ်ကွက်ဝင်းများနှင့် ဝေးကွာသွားနိုင်ပေသည်။ ဤနေရာတွင် ရွှေနန်းတော်ပတ်လည် ဝင်း၊ နေအိမ်၊ ရပ်ကွက်များ အညွှန်းမျှလောက်သာ တင်ပြခြင်းဖြစ်သည်။

အမရပူရသည် ရပ်ကွက်ကြီး (၄၈)ရပ်ကွက်ရှိသဖြင့် စည်ကားသော မြို့တစ်မြို့ဖြစ်သည်။ ရပ်ကွက်အမည်များကလည်း ရတနာပူရ အင်းဝက ရွှေ့ပြောင်းခဲ့သောအမည်အများဆုံးပါဝင်သည်။ ဈေးချိုအမည်သည် အင်းဝက ရွှေ့ပြောင်းလာခြင်းဖြစ်သည်။ ဤသို့ အများနှင့်သက်ဆိုင်သော ဈေးအမည်၊ ရပ်ကွက်အမည် တည်ရှိသကဲ့သို့ ထင်ရှားသောပုဂ္ဂိုလ်များ နေထိုင်သွားသော ရပ်ကွက်ဝင်းများလည်းရှိသည်။ ယင်းတို့အနက် ယောမင်းကြီးဝင်းမှာလည်း အပါအဝင်ဖြစ်သည်။

မင်းတုန်းမင်းလက်ထက် ယောအတွင်းဝန်သည် ရာထူးမှချ အရေးယူအပြစ်ပေးခြင်းခံရသည်။ အကြောင်းမှာ ယောအတွင်းဝန်က အရက်သောက်ခြင်းကိစ္စသည် မူးယစ်အောင် များစွာမသောက်လျှင် အပြစ်မရှိ။ ဆေးနှင့်ရော၍ ဆေးအဖြစ်မျှတရုံသောက်လျှင် အပြစ်မရှိဟုပြောလေ့ရှိသဖြင့် ဘုရင်မင်းမြတ်က လွန်စွာအမျက်ထွက်ပြီး မဟာမင်းခေါင်နော်ရထာကို ဖမ်းဆီးစေကာ မည်သို့မျှ စုံစမ်းစစ်ဆေးခြင်းမရှိဘဲ ရာထူးမှချကာ အမရပူရတွင် အကျယ်ချုပ်နှင့်ထားသည်။ ယောအတွင်းဝန်အား ချုပ်ထားသည့်နေရာကို ယောဝင်းဟုခေါ်ဆိုခြင်းဖြစ်သည်။ အမရပူရ သရက်နှစ်ပင်သချိုင်းတောင်ဘက်တွင်ရှိသည်ဟု အမှတ်အသားရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**


### ပြည်ထဲရေးဝန်ကြီးဌာန
### မြန်မာနိုင်ငံရဲတပ်ဖွဲ့
### ရခိုင်ပြည်နယ်၊ သံတွဲခရိုင်ရဲတပ်ဖွဲ့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်ရဲတပ်ဖွဲ့ဝင်း အတွင်းရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်အဆောက်အအုံအဟောင်း(၁)လုံး [လုံးချင်းနေအိမ်အမှတ်(၂)၊ ဗိုလ်ချုပ်လမ်း]အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ် (မြန်မာကျပ်ငွေ)ဖြင့် ရောင်းချလိုပါသည်။

၁။ လေလံပုံစံစတင်ရောင်းချမည့်ရက် - ၂၅-၆-၂၀၁၅ရက်
၂။ လေလံပိတ်မည့်ရက် - ၆-၇-၂၀၁၅ရက်
၃။ လေလံပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**သံတွဲခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ သံတွဲမြို့**
**ဖုန်း-၀၄၃-၆၅၂၄၄၊ ၀၄၃-၆၅၂၄၅**



**THE REAL LIVES REAL STORIES**
Volume 27, July 2015
ordinary people with extraordinary stories

volume - 27
ဇွန်လ ၂၅ ရက် ထွက်ပြီ
၀၉-၈၇၀၇၃၈၆၃၄
၀၉-၇၃၀၈၅၅၅၀

■ ၈၈ အင်းစိန်ထောင်အုံကြွမှု ပါဝင်ပတ်သက်ခဲ့သူများနှင့် ဘဝခရီးလမ်းကို ပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းနေကြသူများ

■ သူခိုးကြီးမြင့်သိန်း၏ သူခိုးတစ်ယောက်ဖြစ်လာခဲ့ပုံနှင့် ကျူးလွန်ခဲ့သော စိတ်ဝင်စားဖွယ် မောက်ထွင်းမှုများ ■ ငွေကလွဲပြီး ဘာမှမမြင်သည့်အမေနှင့် အမေကိုမုန်းသော သမီး ■ ပေါ်တာလိုက်ဖူးသူ မရှိသလောက်ရှိတဲ့ရွာ၊ တကယ့်ဘီလူးနှင့် နီးစပ်အောင် ဆွဲနိုင်တဲ့ ပန်းချီဆရာတွေဟုပြောသော ကြပ်ဌမှုဆရာတော်၊ ဆောင်းသပြေဝ့နှင့် ထူးဆန်းသော ကိုရင်ကြီး၊ ယိုးဒယားနယ်စပ်မျဉ်း ဘီဝီ ၁၄နှင့် ကျွန်တော်တို့၏ ကယားပြည်နယ် ခရီးစဉ် ■ စာပေကင်းပေတိုင်ဟု လူသိများခဲ့သော စာပေစီစစ်ရေးမှ အငြိမ်းစားအရာရှိတစ်ဦးနှင့် မွှင်မွှင့်လင်းလင်း ■ ဂျူးလူမျိုးဆိုလျှင် စိတ်အနာကြီးနာနေသည့် တိုးရစ်ဂိုက်တစ်ဦး၏ ကိုယ်တွေ့အဖြစ်များ



### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)
### 66 KV ဓာတ်အားလိုင်း
### သံလွင်မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးစီမံကိန်း
### မွန်ပြည်နယ်၊ မော်လမြိုင်မြို့
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

66 KV ဓာတ်အားလိုင်း၊ သံလွင်မြစ်ကျော် တာဝါတိုင်တည်ဆောက်ရေးစီမံကိန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးဆောက်လုပ်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

၁။ Bentonite
၂။ M.S Plate 8mm thick
၃။ တောသစ်(ကောင်းမှု)
၄။ 1.5mm thick M.S Plate (8'×4')
၅။ Chipping
၆။ မြစ်သဲ

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၃-၇-၂၀၁၅ရက်၊ ညနေ ၄း၀၀ နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၁၄-၇-၂၀၁၅ရက်၊ မွန်းလွဲ ၂း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့။

တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအရေအတွက်နှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၆-၆-၂၀၁၅ရက်မှ ၁၂-၇-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။



### အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်၊ ပလူကန်ကျေးရွာအုပ်စု၊ တာပွန်ကျေးရွာနေ ကျွန်တော်ဦးမြဝင်း[၁၂/ခရန(နိုင်) ၀၃၂၂၇၁]နှင့် ဒေါ်ထွေးရီ[၁၂/ခရန(နိုင်) ၀၃၂၂၇၀]တို့၏ သမီးဖြစ်သူ မရီရီဝင်း[၁၂/ခရန(နိုင်)၁၂၅၉၅၇]သည် မိဘများနှင့် ဆွေမျိုးညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ကြေညာပါသည့်နေ့မှစ၍ မရီရီဝင်းအား အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။


**ဦးမြဝင်း[၁၂/ခရန(နိုင်)၀၃၂၂၇၁]**



### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အဖ(ဦးမြ)(AA-၀၁၉၈၂၆)၊ အမိ ဒေါ်တင်လှိုင်(AA-၀၃၉၂၀၆)တို့၏ သမီးဖြစ်သူ မခင်သန့်ဇင်(SCG-၀၁၅၁၅)သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**(ဦးမြ)-ဒေါ်တင်လှိုင်**
**ထန်းတပင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး**


မှခင်းအန္တရာယ်
ကြိုတင်ကာကွယ်နိုင်ကြပြီး
မှခင်းအသိပညာရရှိစေဖို့
**မှခင်း** ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(၂/15)ယနေ့ထွက်ပြီ
Ph-01-397164, 01-9000017

★သီချင်းကျယ်လောင်အောင်ဖွင့်တဲ့ ပြဿနာကြောင့် လူသတ်မှုဖြစ်ပွား ★ညှော်သည် အိမ်ထောင်ရှင်အမျိုးသမီးကို ခြိမ်းခြောက်ပြီး ကာမဘီးလူးစီးသူရဲဖြစ်ရပ် ★ ငါးယောက်က တစ်ယောက်ကို ဓားနဲ့ထိုးလို့သေဆုံး ★ရဲစခန်းချင်းလွှဲပြောင်းပေးလိုက်ရတဲ့ လူသတ်မှုကျူးလွန်လာသူတွေရဲ့ဖြစ်ရပ် ★ရွှေပြည်သာ သာဓုကန် ခရေတန်းအနီးမှာ လူသတ်ပြီး ထွက်ပြေးသွားကြသူများကို ဖမ်းဆီးရမိ ★အရက်ဆိုင်မှာ ရန်ဖြစ်ကြတဲ့ လူတစ်စုရဲ့ဖြစ်ရပ် ★ ချစ်သူနဲ့ခိုးရာလိုက်ဖို့ ကုမ္ပဏီကငွေတွေခိုးယူမိတဲ့ မိန်းကလေးရဲ့ဖြစ်ရပ် ★ ပြစ်ချက်ဟောင်းရှိသူ လူလေးဦးက အတွဲကို ဓားနဲ့ထောက်ပြီး လုယက် ★ဘဝတူလုပ်သားချင်း အချင်းများထိုးကြိတ်ရာမှ လူသတ်မှုဖြစ်ပွား ★အချိန်မတော် ခေါ်ရာလိုက်မိလို့ ကိုယ်ကျိုးနည်းရသူ ★စက်ဘီးနဲ့ပြန်လာတဲ့မိန်းကလေးရဲ့ ရွှေဆွဲကြိုးကို ဆိုင်ကယ်စီးလူသုံးဦးက လုယူထွက်ပြေး ★ခွေးကိုက်ခံရတဲ့ သားအတွက် လူသတ်မှုနဲ့ အဖမ်းခံရ★အမွေကျင့်တဲ့ ယောက္ခမ ချွေးမလက်ချက်နဲ့သေဆုံး★အိမ်ပြန်မရောက်လာတဲ့သားကိုလိုက်ရှာတဲ့ဖခင် သားအလောင်းကိုပဲ တွေ့ခဲ့ရတဲ့ဖြစ်ရပ် ...စတဲ့သတင်းများနဲ့အတူ ဖတ်ရှုဖွယ်ရာများ စုံလင်စွာ ပါရှိမည်။

# မြသလွန်ဘုရားခြေတော်ရင်း ဧရာဝတီမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးဆောင်ရွက်

**မကွေး ဇွန် ၂၅**

မကွေးတိုင်းဒေသကြီးအတွင်း ဗုဒ္ဓသာသနာ အမွေအနှစ်များ တည်ထားရာ မြသလွန်စေတီတော်မြတ်ကြီး၏ ခြေတော်ရင်း၌ ဧရာဝတီမြစ်ရေလမ်းကြောင်း ပြောင်းလဲလာမှုကြောင့် မြေထိန်းနံရံများ အောက်ခြေသို့ ရေဦးထိုးနေသည့် အခြေအနေတစ်ခု ဖြစ်ပွားနေခြင်းကြောင့် ရေလမ်းကြောင်း ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြသလွန်ရေလမ်းကြောင်း ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများအား တိုင်းဒေသကြီးရေအရင်းမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဇွန် ၁၆ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"၂၀၁၁ ခုနှစ်လောက်ကစပြီး ရေလမ်းကြောင်းပြောင်းလာတယ်။ အရင်တုန်းက သဖန်းဆိပ်ဘက်ကနေ ရေကြောင်းလာတယ်။ ၂၀၁၁ ခုနှစ်လောက်က ဒီရေကြောင်းထဲ သဘော်နစ်မြုပ်သွားပြီးတဲ့ နောက်ပိုင်းမှာ နဂိုရေစီး Pattern မှန်လာရာကနေ ရေကြောင်း ကောသွားတဲ့ သဘောဖြစ်လို့ သဲအနည်ချမှုများလာတော့ ရေစွယ်ပြောင်းပြီး နိဗ္ဗာန်ကျွန်းဘက်က ရွာနေရာတွေလည်း နောက်ကိုတော်တော်ဆုတ်ပေးလိုက်ရတယ်။

"သဲနုန်းအနည်ချမှု များလာတဲ့အတွက် ရေကြောင်းက အရှေ့ဘက်ကိုပဲ ကပ်လာတယ်။ ကျွန်းတွေပြိုလာတယ်။ ကျွန်းတွေကလည်း အပေါ်ယံ သုံးပေလောက်ပဲ မြေကြီး၊ အောက်ကသဲတွေဖြစ်တဲ့အတွက် ရေလယ်ကျွန်းတွေပြိုတဲ့အပေါ်မှာ၊ ဘုရားရဲ့အခြေကို ရေဦးထိုးတဲ့အပေါ်မှာ စိုးရိမ်တဲ့သူတွေများလာတယ်။ လွန်ခဲ့တဲ့ နှစ် ၄၀ လောက်က မြသလွန်ဘုရားဘက်မှာ မြစ်ကြောင်းတစ်ခုဖြစ်ခဲ့ဖူးပါတယ်။



"နဂိုကတည်းက ဘုရားရဲ့အခြေမှာ ကျောက်စွယ်တွေရှိခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကအမြင်အရ လက်ရှိစိုးရိမ်စရာလို့ မမြင်ပေမယ့် ရေရှည်အကာအကွယ်ပေးနိုင်ဖို့ မြသလွန် ရေလမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ကျောက်ကြီးစီ Hard Point ရေလွှဲရေကာနှစ်ခု တည်ဆောက်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးဇော်လွင်က ပြောသည်။

၁၉၈၀ ပြည့်နှစ် ဝန်းကျင်က ဂေါပကအဖွဲ့မှ ဆောင်ရွက်ခဲ့သော ကျောက်ရိုးအပေါ်မှ Slope အပါအဝင် ပေအရှည် ၁၀၀ ခန့်ရှိ ကျောက်ကြီးစီခြင်းလုပ်ငန်းကို ရေကြီးရေတက်လျှင်လည်း ဆောင်ရွက်၍ရစေရန် ပင်လယ်ထဲတွင် အသုံးပြုသော နိုင်လွန်ပိုက်များဖြင့်ထုပ်၍ ကျောက်ချခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းနေရာကို အမြင့် ၁၀ ပေ၊ ထိပ်ဝအကျယ် ၈ ပေ၊ အောက်ထုအကျယ် ၄၈ ပေ၊ အလျားပေ ၁၀၀ ရှိ ရေလွှဲရေကာနှစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများအား မကွေး-ချောက် ရေလမ်းပိုင်း ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုငွေကျပ်သန်း ၁၁၆ ထဲမှ သုံးစွဲဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်များရှိလာပါက မကွေးတိုင်းဒေသကြီးအစိုးရက ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဦးစီးဌာနအနေဖြင့် မိုးဦးကာလ ရေတက်စကာလများတွင် ကမ်းပြိုမှုများဖြစ်တတ်သည့်အတွက် ဧရာဝတီမြစ်အထက်ပိုင်း သောင်တူးခြင်း၊ ရေကာဆောက်ခြင်းလုပ်ငန်းများ၊ ကမ်းပါးပြိုလုပ်ငန်းများကို အဓိကထား ဆောင်ရွက်နေရကြောင်း၊ ဆောင်ရွက်ပြီးစီးသည့် နေရာများတွင်လည်း ဝန်ထမ်းများတာဝန်ပေးကာ စောင့်ကြည့်ထိန်းသိမ်းရေးများ ဆောင်ရွက်ထားရှိကြောင်း အဆိုပါတိုင်းဒေသကြီး ဦးစီးဌာနမှူးက ပြောသည်။

ယခုဆောင်ရွက်လျက်ရှိသော ကျောက်ကြီးစီ Hard Point အား ရေလွှဲရေကာနှစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးပါကသဲ၊ ကျောက်၊နုန်းများ Slope ရှိသလောက် Stabality ဖြစ်သည်အထိ ဆင်းသွားမည်ဖြစ်ကာ ၁၀ ပေအမြင့်ထိ Base Slope ရရှိနိုင်မည်ဖြစ်ကြောင်း၎င်းကပြောသည်။

အဆိုပါမြသလွန်ဘုရားခြေတော်ရင်းသို့ ရေစွယ်ထိုးမှုကြောင့် မလိုလားအပ်သော ပျက်စီးဆုံးရှုံးနစ်နာမှုများကိုကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဇူလိုင်လကုန်တွင်အပြီး ဆောင်ရွက်ရန် လျာထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ဓေယျတု(မကွေး)**

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် မူးယစ်တိုက်ဖျက်ရေး ဟောပြောပွဲကျင်းပ

**မုံရွာ ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက လေရှီးမြို့ အခြေခံပညာအထက်တန်းကျောင်း ချယ်ရီဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရဲအုပ်မိုးကျော်အောင်က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများနှင့် လက်ရှိ တားဆီးကာကွယ်ရေး၊ နှိမ်နင်းရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေ အရာရှိ ဦးမျိုးအောင်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဥပဒေနှင့်ပတ်သက်၍လည်းကောင်း အသီးသီးအသိပညာပေးဟောပြောကြသည်။

**ဖိုးချမ်း(မုံရွာ)**

## ကန်နားတိုက်နယ်ဆေးရုံသစ် တည်ဆောက်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

**နွားထိုးကြီး ဇွန် ၂၅**

နွားထိုးကြီးမြို့နယ်တွင် တိုက်နယ်ဆေးရုံသုံးခုမြောက်အဖြစ် ကန်နားတိုက်နယ်ဆေးရုံသစ်ကို နွားထိုးကြီး အရှေ့မြောက်ဘက် ၂၁ မိုင်ကွာ ကန်နားကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနက တည်ဆောက်နေရာ ၇၅ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကန်နားတိုက်နယ်ဆေးရုံ၌ ၁၆ ခု တင် ဆံ့ဆေးရုံအဆောက်အအုံကို တံတားဦး-ပြင်စည် ခရိုင်ချင်းဆက် အမှတ် (၁)လမ်း၌ ယခင် ကျေးလက်ကျန်းမာရေးဌာနဝင်းအတွင်း တည်ဆောက်ခြင်းဖြစ်သည်။

အဆိုပါ ဒေသတွင် တစိုးတိုက်နယ်ဆေးရုံ၊ ဝက်လူးတိုက်နယ်ဆေးရုံအပြီး ယခုကန်နား တိုက်နယ်ဆေးရုံအဖြစ် နွားထိုးကြီးနယ်၌ ကန်နားကျေးလက်ဆေးခန်းကို အဆင့်မြှင့်တင်ခြင်းဖြစ်ကြောင်းသိရပြီး ကျေးလက်လူနာများကို တိုက်နယ်ဆရာဝန်စိုင်းကိုကိုဇော်က ကျန်းမာရေးစောင့်ရှောက်နေပြီဖြစ်ကြောင်းသိရသည်။

**ရွှေမြင့်မောင်**


**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)**
**သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးဆောက်လုပ်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

၁။ 1.5mm thick 8'×4' M.S Plate
၂။ Admixture Type G(200 Litter)
၃။ Chipping
၄။ River Sand
၅။ Bentonite
၆။ တောသစ်(ကောင်းမှု)၊ တောသစ်(ပန်းစုံ)
၇။ Welding Rod 20Kg
၈။ M.S Plate 8mm thick;
၉။ နုန်းသဲ

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၃-၇-၂၀၁၅ရက်၊ ညနေ ၄နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၁၄-၇-၂၀၁၅ရက်၊ မွန်းလွဲ ၂နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပ္ပန်ဘုရားအနီး၊ မော်လမြိုင်မြို့။

တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအရေအတွက်နှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၆-၆-၂၀၁၅ရက်မှ ၁၂-၇-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း သံလွင်တံတား (ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပ္ပန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။



**ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၃၄)၊ ကံ့ကော်လမ်းနှင့် စံပယ်လမ်းထောင့်တွင် ရုံးခန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော MobiTel Communication Co.,Ltd သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ် ၄/၇၃၀၀ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ "My Tel" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ( IT ထုတ်ကုန်ပစ္စည်း၊ မိုဘိုင်းဖုန်းများနှင့် ၎င်း၏ဆက်စပ်အပိုပစ္စည်းအမျိုးမျိုး)တို့ကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်ကို MobiTel Communication Co.,Ltd ၏ ခွင့်ပြုချက်မရဘဲ "My Tel" တံဆိပ်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ပုံတူဖြစ်စေရန် ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**MobiTel Communication Co.,Ltd** ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လေးလေးထိုက် (**LL.B, D.B.L, DIL**)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၀၇)
**KM2 & Partners Law Firm**
**အမှတ်-၅၁၄/၅၁၈၊ (အေ-၃လွှာ)၊ တိုင်းရင်းမေကွန်ဒို၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၃၃၉၈၉**



**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉**

ဦးမြတ်ဦး နှင့် ၁။ ဦးမြင့်အေး၊ ၂။ ဦးစိန်ဝင်း
၃။ ဦးဝင်းဌေး၊ ၄။ ဒေါ်စန်းနွဲ့
၅။ ဒေါ်လှမြင့်၊ ၆။ ဦးအေးဟန်
၇။ ဦးမြသန်း၊ ၈။ ဦးငွေ
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ ချင်းတွင်း(၂)လမ်းနှင့် ချင်းတွင်း(၄)လမ်း၊ အမှတ်(၆၂၂/၆၂၃)နေ (၈)တရားပြိုင် ဦးငွေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "နိုင်ငံတော်မှ တရားလိုဝယ်ယူခဲ့၍ အမည်ပေါက်လက်ရှိရရှိထားသော မြေကွက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ဆောက်လုပ်နေထိုင်ကြသည့်သူများအား ဖျက်သိမ်းဖယ်ရှားထွက်ခွာ၍ ခြံမြေကို လက်ရောက်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ရက် (၁၃၇၇ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇွန်လ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)၊**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**



ဝေါမြို့နယ်အပိုင်း ကျိုက်လတ်ကွေ့သည် ရန်ကုန်–မော်လမြိုင် မီးရထားလမ်းနှင့် ကားလမ်းဆုံနေရာဖြစ်ပြီး ယင်းလမ်းဆုံ၌ ယာဉ်ကြီးယာဉ်ငယ်များ ကွေ့ထွက်မောင်းနှင်ရာတွင် အလွန်ကျဉ်းမြောင်းနေသည့်အပြင် ကတ္တရာလမ်းများပဲ့ကျနေခြင်းဖြစ်ပေါ်လျက်ရှိ၍ သတိထားမောင်းနှင်နေရကြောင်း ယင်းလမ်းအသုံးပြုသူ ယာဉ်မောင်းတစ်ဦးက ပြောပြသည်။ သတင်းနှင့် ဓာတ်ပုံ - အောင်ကြီး(ပဲခူး)

# မကွေးမြို့ ချောင်းကူးတံတား ခြောက်စင်းအတွက် တင်ဒါများခေါ်ယူ

**ပခုက္ကူ ဇွန် ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ရုံးတည်ဆောက်ရေးအဖွဲ့(၂) တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅) ဆိပ်ဖြူမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တာဝန်ယူတည်ဆောက်မည့် ချောင်းကူးတံတားခြောက်စင်းအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူနိုင်ရန် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်းကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ပခုက္ကူခရိုင် လမ်းဦးစီးဌာန ခရိုင်ရုံး အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းနားတွင် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက လုပ်ငန်းသုံးပစ္စည်းများတင်သွင်းရာ တင်ဒါအောင်သူများ သတ်မှတ်ထားသည့် စံချိန်မီပစ္စည်းများတင်သွင်းရန်နှင့် တင်ဒါစည်းကမ်းချက်များကို ပြောကြားရှင်းလင်းခဲ့သည်။

ယင်းနောက် မြိုင်-တောမ-ဂန့်ဂေါလမ်းရှိ ကြက်ရင်းချောင်းတံတားနှင့် ကျောချောင်းတံတား၊ ဘွတ်ချောင်းတံတား၊ ကျောက်မစင်ချောင်းတံတား၊ ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းပေါ်ရှိ ကဇွန်းမချောင်းတံတား၊ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်-မတူပီလမ်းပေါ်ရှိ ဆင်လှကွေ့ချောင်းတံတားတို့၏ လုပ်ငန်းသုံး မြစ်ကျောက်စရစ်-မြစ်သဲ-သစ်ခွဲသား အိတ်ဖွင့်တင်ဒါ (Open Tender) ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး အဆိုပါအိတ်ဖွင့်တင်ဒါကို လုပ်ငန်းရှင်ခြောက်ဦးမှ လာရောက်တင်သွင်းခဲ့သည်။

အဆိုပါအခမ်းနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅) မှ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်လမ်းဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းသည့်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# ကလေးမြို့၌ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ သုံးလုံး ယခုလပိုင်းတွင် ဆောက်လုပ်ပြီးစီး

**ကလေး ဇွန် ၂၅**

ကလေးမြို့တွင် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် ၁၆ ခန်းပါ အဆောက်အအုံသုံးလုံးတို့အား ထွန်းလတ်အောင်နှင့် D-Day ကုမ္ပဏီတို့က ၂၀၁၄ ခုနှစ် ဇူလိုင်လက တာဝန်ယူဆောက်လုပ်လျက်ရှိကြရာ ယခုလလယ်ပိုင်းတွင် ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်း ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သန်း ၉၈၀ အကုန်အကျခံကာ သံကူကွန်ကရစ် အဆောက်အအုံအမျိုးအစားဖြင့် ကုမ္ပဏီနှစ်ခုက တာဝန်ယူဆောက်လုပ်ခြင်း ဖြစ်သည်။

ယင်းဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ နောက်ထပ် ဝန်ထမ်းအိမ်ရာ နှစ်လုံး ထပ်မံဆောက်လုပ်လျက်ရှိပြီး ယခုအချိန်တွင် အခြားမြို့နယ်မှ ကလေးမြို့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်လာကြသော အရာထမ်းများနှင့် အမှုထမ်းများမှ အိမ်ထောင်စု ၄၈ စုတို့အား နေရာချထားပေးပြီးဖြစ်ကာ ဇွန် ၂၄ ရက်တွင် အပြီးအစီး ပြောင်းရွှေ့ကြရာ အဆိုပါ နိုင်ငံ့ဝန်ထမ်းများ၏ နေထိုင်ရေးအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **ဂျိုးနက်**

# ထီးလင်းမြို့ ပျံကျဈေးသည်များ ထောက်ပံ့ငွေရရှိ

**ထီးလင်း ဇွန် ၂၅**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အသေးစားငွေကြေး ဝန်ဆောင်မှုလုပ်ငန်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ထုတ်ချေးပေးထားသည့် ချေးငွေအတွက် ထောက်ပံ့ကြေးငွေများကို ဇွန် ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ချေးငွေရယူကြသည့် ပျံကျဈေးသည်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းသို့ ထောက်ပံ့ငွေများရရှိကြရာတွင် ငွေကျပ်တစ်သိန်းချေးယူသူ ၂၀ နှင့် ငွေကျပ်ငါးသောင်းချေးယူသူ ၁၅ ဦးတို့အား အတိုးရငွေ ၁၂ ရာခိုင်နှုန်းဖြစ်သည့် စုစုပေါင်းငွေကျပ်နှစ်သိန်းကိုးသောင်းကို အချိုးကျ ခွဲဝေထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၄၆၅)**

# ပခုက္ကူမြို့ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ မော်တော်ယာဉ်လိုင်စင်များသက်တမ်းတိုးဆောင်ရွက်

**ထီးလင်း ဇွန် ၂၅**

ပခုက္ကူမြို့ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းနှင့် လိုင်စင်သစ်ထုတ်ပေးခြင်းတို့ကို ဇွန် ၁၇၊ ၁၈ ရက်တို့တွင် ဂန့်ဂေါခရိုင် ထီးလင်းမြို့ ကြယ်မင်းတည်းခိုဆောင်ရှေ့၌ ပြုလုပ်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းတွင် မော်တော်ယာဉ် သုံးစီး၊ မော်တော်ဆိုင်ကယ် ၁၂ စီး၊ နိဗ္ဗာန်ယာဉ် သုံးစီး၊ ယာဉ်မောင်းလိုင်စင် ၁၉၁ စောင်တို့ကို လိုင်စင်သစ်ဆောင်ရွက်ပေးကာ ယာဉ်မောင်းသက်တမ်းတိုး ၃၄ စောင်၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး ငါးစောင် တို့ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ထိုသို့ဆောင်ရွက်သည့်အတွက် အခွန်ရငွေမှာ ကျပ် ၁၄၉၂၆၀၀ ဖြစ်ကြောင်း သိရသည်။ **(၄၆၅)**

# မြန်မာစာအသံထွက်စနစ် Application အား အမြင်အာရုံမသန်စွမ်းသူများအတွက် လာမည့်ခြောက်လတာကာလအတွင်း အခမဲ့ဖြန့်ဝေမည်

**ရန်ကုန် ဇွန် ၂၅**

မြန်မာနိုင်ငံမျက်မမြင်များအသင်းမှဦးစီး၍ Solve Circle Software Development Team မှ မြန်မာစာအသံထွက်စနစ် Application အား ဖန်တီးပြုလုပ်လိုက်ပြီဖြစ်ရာ မြန်မာနိုင်ငံအတွင်းရှိ အမြင်အာရုံမသန်စွမ်းသူများမှာ ကွန်ပျူတာဖန်သားပြင်ပေါ်မှပေါ်လာမည့် မြန်မာစာများအား အသံနှင့်နားထောင်နိုင်ကြတော့မည်ဖြစ်ပြီး လာမည့်ခြောက်လတာကာလအတွင်း အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြန်မာစာအသံထွက်စနစ် Applicationudk NVDA Software နှင့် ချိတ်ဆက်အသုံးပြုထားသည့်အတွက် NVDA Software မှ အသံထွက်ဖတ်မပြနိုင်သည့် မြန်မာစာနေရာများတွင် မြန်မာစာအသံထွက်စနစ် Application က အသံထွက်ကောင်းမွန်စွာဖတ်ပြပေးမည်ဖြစ်သည်။ ယင်းကဲ့သို့ဖတ်ပြပေးမှုကြောင့် အင်္ဂလိပ်စာအခြေခံတတ်ကျွမ်းမှုအားနည်းခြင်းနှင့် ကျောင်းပညာသင်ယူခွင့်မရရှိကြသော အမြင်အာရုံမသန်စွမ်းသူများမှာကွန်ပျူတာအသုံးပြုနည်းကို အလွယ်တကူသင်ယူနိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံမျက်မမြင်များအသင်းမှဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က “မျက်မမြင်များအားလုံးအတွက် မြန်မာစာအသံထွက်စနစ် ဆော့ဖ်ဝဲလ်ကို မိတ်ဆက်လိုက်တာပါ၊ ဒီစနစ်က ကွန်ပျူတာဖန်သားပြင်ပေါ်မှာ မြန်မာလိုဖတ်ပြပေးတဲ့စနစ်ပါ။ မျက်မမြင်များဟာ အမြင်အာရုံမရကြပါဘူး။ သတင်းစာဖတ်ဖို့ကို သူများဖတ်ပေးမှသိကြရတာပါ။ ကွန်ပျူတာကိုသုံးနိုင်တယ်ဆိုရင်တော့ သူတို့က လွတ်လွတ်လပ်လပ်စာဖတ်လို့ရပါတယ်။ ကျွန်တော်တို့မှာ ဆော့ဖ်ဝဲလ်တစ်မျိုးရှိပါတယ်။ အဲ့ဒီဆော့ဖ်ဝဲလ်က ကိုရီးယားနဲ့ ဂျပန်နိုင်ငံအပါအဝင် အခြားတိုးတက်တဲ့နိုင်ငံတွေက စာတွေကိုဖတ်ပေးနိုင်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ဒီနေ့ထိမရသေးပါဘူး။လွန်ခဲ့တဲ့ ၁၇ နှစ်ကနေစပြီး ကျွန်တော်တို့အနေနဲ့ မြန်မာစာအသံထွက်စနစ် Application ရရှိဖို့ အိမ်မက်စတင်ကြိုးစားခဲ့ကြရတာပါ။ ဒီတော့ ဒီနေ့ကျွန်တော်တို့ နမူနာမိတ်ဆက်လို့ရပါပြီ။ နောက်ခြောက်လဆိုရင်တော့ ပိုမိုပြည့်စုံသွားမှာဖြစ်တဲ့ ဒီဆော့ဖ်ဝဲလ်ကို မြန်မာနိုင်ငံအတွင်းမှာရှိနေကြတဲ့ မျက်မမြင်များအားလုံးကို အခမဲ့ဖြန့်ဝေပေးတော့မှာဖြစ်ပါတယ်။ မြန်မာလူမျိုးမျက်မမြင်တဲ့ မည်သူမဆို ကွန်ပျူတာကနေ မြန်မာစာကို အသံနဲ့နားထောင်လို့ရနိုင်တော့မယ့် ဆော့ဖ်ဝဲလ်ဖြစ်တာကြောင့် တန်ဖိုးမဖြတ်နိုင်ပါဘူး” ဟု ရှင်းပြသည်။

အဆိုပါဆော့ဖ်ဝဲလ်ကို ရေးသားဖန်တီးသည့်သူများမှာ ကွန်ပျူတာအသိပညာရှင်၊ အတတ်ပညာရှင်များ၊မျက်စိ မမြင်ကြသူများ၊ အကြံပေးပုဂ္ဂိုလ်များပါဝင်သည်။

“ဘာကြောင့် ဒီလောက်အချိန်ကြာမြင့်ခဲ့ရသလဲဆိုရင် အချို့မြန်မာစာအရေးအသား၊ အဖတ်အပြောမှာ ‘မပါ’ နဲ့ ‘မ’ ပါနဲ့တူနေသလို ‘လမ်းလျှောက်’ တာ ‘လျှောက်ထား’ တာက တူနေပါတယ်။ ရေးတော့ အသံ ဖတ်တော့အမှန်ဆိုသလိုမျိုးဖြစ်နေတယ်လေ။ အဲ့ဒီ လိုစာလုံးပေါင်းတူ၊ အသံမတူလို့ ဒီဆော့ဖ်ဝဲလ်ဖန်တီးတဲ့အခါမှာ အခက်အခဲဖြစ်ခဲ့ရတာပါ။ ၁၉၉၈ ခုနှစ်က ကွန်ပျူတာပညာရှင်တစ်ဦးနဲ့တွေ့ဆုံခဲ့ပါတယ်။ သူက ဒီဆော့ဖ်ဝဲလ်ကို လုပ်ပေးနိုင်ပါတယ်။ ဒါပေမယ့် သူဘက်ကလိုအပ်တဲ့အတိုင်းအတာနဲ့ကျွန်တော်တို့ပံ့ပိုးနိုင်တာကမမျှလို့ အဆင်မပြေခဲ့ပါဘူး။ ခုတော့ ဒီ Team အဖွဲ့နဲ့ သဘောတူညီချက်ရပြီးလုပ်ခဲ့တာပါ။ ဒါကြောင့် အခက်အခဲဖြစ်ပြီး ကြာခဲ့ရတာပါ”ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါမြန်မာစာအသံထွက်စနစ်ဆော့ဖ်ဝဲလ်အား ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ စတင်စမ်းသပ်ခဲ့ကြခြင်းဖြစ်ပြီး လက်ရှိတွင် နမူနာစမ်းသပ်ပြသနိုင်ပြီဖြစ်သည်။

**(ကြေးမုံ)**

# စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် မုံရွာအကျဉ်းထောင်သို့စစ်ဆေး

**မုံရွာ ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်သည် ၁၇-၆-၂၀၁၅ ရက် ၉ နာရီ ၅ မိနစ်က မုံရွာအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ရာ မုံရွာအကျဉ်းထောင် ထောင်မှူး ဦးစီးအရာရှိ ဦးသိန်းလွင်က အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် စပ်လျဉ်း၍ အနိမ့်ဆုံးထားရှိအပ်သည့် အခြေခံစည်းကမ်းများ ( Standard Minimum Rule )နှင့်အညီ ထားရှိဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်သည် တရားရုံးများတွင် စစ်ဆေးဆဲအမှုများမှ အချုပ်သား များ ဥပဒေပါအခွင့်အရေးရရှိခြင်း ရှိ မရှိ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်မှုများ ရှိ မရှိ အကျဉ်းသားများနှင့် အချုပ်တရားခံများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ မရှိ သန့်ရှင်းမှု ရှိ မရှိ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ မရှိ ကျန်းမာရေးအတွက် ဆေးကုသရန် အခွင့်အရေး ရှိ မရှိ ကလေးသူငယ်အကျဉ်းသား ရှိ မရှိ စစ်ဆေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **ဖိုးချမ်း(မုံရွာ)**



ဇွန်၂၃ ရက်က လှိုင်သာယာမြို့နယ်အမှတ်(၈)ရပ်ကွက် မကွေးလမ်းမကြီးပေါ်တွင် မြို့နယ်အင်ဂျင်နီယာ ဦးအောင်မျိုးဦးနှင့် လျှပ်စစ်ဌာနကျွမ်းကျင်ဝန်ထမ်းများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကင်းဝေးစေရေးအတွက် စက်ယန္တရားကြီးများဖြင့်ဆောင်ရွက်နေကြစဉ်။ မင်းထက်ပိုင် (လှိုင်သာယာ)

**အခန်းဆက်ဝတ္ထုရှည်**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

" ဒီကောင်လေးအတွက်လည်း ငါ စိတ်မကောင်းဘူး မောင်။ သူက အခု နောင်တရတယ်ဆိုပြီး ကိုယ့်ကိုယ်ကို အပြစ်တင် ညှဉ်းဆဲနေတယ်။ ဒါပေမယ့် အချစ်ဆိုတာဟာ သတ်ပစ်လို့ မရဘူး။ မေ့ပစ်လို့လည်း မရဘူး။ မရှိချင်ယောင်ဆောင် လှည့်စားထားလို့ပဲ ရတယ် . . . "

"ငြိမ်းမောင် မင်းစကားတွေဟာ အဘိဓမ္မာဆန်လာပြန်ပြီ။ တို့ လက်တွေ့ကျကျ ပြောကြရအောင် "

ငြိမ်းမောင်သည် ရယ်၍ ကျွန်တော့်ပုခုံးကို လှမ်းပုတ်သည်။

"အမှန်ကို တွေးမိရင် အဘိဓမ္မာဆန်လာတယ် . . သူငယ်ချင်း။ အဟဲ . . . ဟဲ . . . အင့် . . . ဟင့် . . . ဟင့် . . . ။ မင်းပြောသလို လက်တွေ့ကျရေးအတွက်တော့ စောလွန်းပါသေးတယ်။ လက်တွေ့ကျချင်တဲ့လူဟာ အခြေအနေနဲ့ အချိန်အခါကို စောင့်ရတယ်။ အချိန်ကို စောင့်ရတာလည်း ရင်တခုန်ခုန်နဲ့ ပျော်ဖို့ ကောင်းပါတယ်။ အနည်းဆုံးတော့ အိုခြင်းတရားကို သတိမပြုမိဘူးပေါ့ကွာ။ ဟား . . . ဟား . . . ကဲ . . . နေဝင်တော့မယ် ပြန်ကြစို့။ ငါ့ကို တွဲထူပေးဦး မောင် . . . "

သန်လျင်တွင် မတင်မကျနှင့် ငြိမ်းမောင်၏ စကားကို မကျေနပ်စွာ ကြားခဲ့ရပြီးနောက် တောင်ကြီးမြို့သို့ မတက်ခင် ရန်ကုန်၌ တင်မောင်ညွန့်ကို ကျွန်တော် သွားတွေ့သည်။

ထူးဆန်းစွာ တင်မောင်ညွန့်သည် ခိုင်တို့အိမ်သို့ မလာတော့။

သူ့ကို သူ့မင်းကြီးရုံး၌ ကျွန်တော် သွားရှာသည်။ ရုံး၌ သူ့ကို မတွေ့။ တောင်ငူသို့ သစ်တောအရေးပိုင်အဖြစ် ပြောင်းတော့မည်ဖြစ်သောကြောင့် ပြင်ဆင်နေသဖြင့် ရုံးမတက်နိုင်ဟု ဆိုသည်။ ထို့ကြောင့်ရွှေလမ်းရှိ သူတို့အိမ်သို့ လိုက်သွားသည်။

သူက ကျွန်တော့်ကို စားပွဲတစ်လုံး၌ ဧည့်ခံသည်။ စားပွဲပေါ်၌ သောက်လက်စ ဝီစကီပုလင်းတစ်လုံးကို ထောင်ထားသည်။ သူ့ကြည့်ရသည်မှာလည်း အတော်လေးမူးနေသည်။

" လွန်လှချည်လား မောင်ညွန့်ရယ်၊ အစောကြီးရှိသေးတယ် "

ကျွန်တော်သည် ခပ်လှမ်းလှမ်းရှိ သူ့အိမ်သူအိမ်သားများကို လှမ်းကြည့်ရင်း အပြစ်ဆိုမိသည်။

တစ်သက်လုံး သူ့ကို အလိုလိုက်ထားသော သူ့မိဘများသည် ယခုလည်း ခွင့်လွှတ်ကြည့်နေဟန်တူသည်။

တင်မောင်ညွန့်သည် ဘာမျှပြန်မပြောဘဲ ဖန်ခွက်အသစ်တစ်လုံးထဲသို့ အရက်ငှဲ့ထည့်မည် လုပ်သည်။

"မထည့်နဲ့ မောင်ညွန့် ငါ မသောက်တတ်ဘူး "

တင်မောင်ညွန့်သည် ထိုအခါကျမှ သတိရဟန် ပုလင်းကိုချပြီး ရယ်မောဆို၏။

"ဟား . . . ဟား . . . ကျွန်တော် မေ့သွားလို့ အစ်ကိုမောင်မှ အရက်မသောက်တတ်ဘဲ၊ ဟုတ်တယ် . . . အစ်ကိုမောင်က အရက်သောက်ဖို့မှ မလိုဘဲဟာ "

" ဟ . . . ဘယ်သူကကော အရက်သောက်ဖို့လိုလို့လဲ"

" လိုတယ် အစ်ကိုမောင် . . . လိုတယ်။ အစ်ကိုမောင်က လောကကြီးအကြောင်း ဘာသိလို့လဲ . . . "

ကျွန်တော်က သူ့ကို စူးစိုက်ကြည့်မိသည်။ သူက မျက်တောင်စင်းလျက် အရက်ထပ်ငှဲ့ကာရေမရောဘဲ တစ်ကျိုက် ထပ်မော့၏။

"လောကကြီးအကြောင်း၊ အင်းလေ . . . လူတွေအကြောင်း ကျွန်တော် ပြောပြမယ်။ လူအမျိုးမျိုးရှိတယ် . . . အဲဒါကို အစ်ကိုမောင် သိလား "

ကျွန်တော်သည် သူ့ကို ရယ်ချင်လာ၏။ သနားလည်း သနားမိသည်။

"အေးကွာ . . . ဆိုစမ်းပါဦး "

"တချို့လူတွေက မွေးကတည်းက အောင်မြင်ဖို့ မွေးလာခဲ့ရတာ၊ ဥပမာ အစ်ကိုမောင်တို့လိုလူမျိုး၊ တစ်ချို့လူတွေက မွေးကတည်းက ဆုံးရှုံးဖို့ မွေးခဲ့ရတာ၊ ဥပမာ ကို . . . အယ် . . . ဆရာငြိမ်းမောင်တို့လို လူမျိုး . . . တချို့လူတွေကတော့ မွေးကတည်းက သူများကြား ကန့်လန့်ဝင်ပြီး ဒုက္ခပေးဖို့ မွေးလာခဲ့ရတဲ့လူမျိုး၊ ဥပမာကျွန်တော့်လိုလူမျိုး . . . "

"မောင်ညွန့် မင်းဘာတွေ လျှောက်ပြောနေတာလဲ။ သိပ်မူးနေပြီလားဟင် "

သူက ကျွန်တော့်ကို လက်ဝါးကာပြသည်။

"မူးတော့ မူးတယ် . . . ဒါပေမယ့် ကျွန်တော်က မူးရင် စကားကို သိပ်စဉ်းစဉ်းစားစားပြောတတ်တယ် "

စိတ်မချမ်းသာလျက်က သူ့စကားကြောင့် ရယ်မိပြန်သည်။

"ဟော အစ်ကိုမောင် ရယ်တယ်။ ကျွန်တော့်ကို သဘောကျလို့ မဟုတ်လား . . . ဟဲ . . . ဟဲ။

ကျွန်တော့်ကိုလည်း ကျွန်တော် သိပ်သဘောကျနေတယ်။ ကျွန်တော် လိမ္မာပြီ၊ သိလား အစ်ကိုမောင် "

လိမ္မာသူကြီးသည် အရက်ကို တစ်ကျိုက်မော့လိုက်ပြန်သည်။

" မင်း ဘာတွေဖြစ်နေရတာလဲ မောင်ညွန့်။ ငါ . . . အရက်သောက်တာကို ဆိုလိုတာ မဟုတ်ဘူး။ မင်း ဘာဖြစ်နေသလဲ ပြောစမ်း "

တင်မောင်ညွန့်သည် ငိုင်ကျသွားသည်။ အတန်ကြာမှ တစ်လုံးချင်း ဖြည်းလေးစွာ ဆိုသည်။

"ကျွန်တော် ပြောခဲ့ပါရောလား . . . ကျွန်တော်ဟာ လူတကာကြား ကန့်လန့်ဝင်တိုက်ပြီး ဒုက္ခပေးခဲ့ပါတယ်လို့။ အခု ကျွန်တော် ဘယ်သူ့ကြားမှ ကန့်လန့်ဝင်မတိုက်တော့ဘူး။ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေး တော့ဘူး။ ရှင်းပြီလား အစ်ကိုမောင် "

ကျွန်တော်က မဖြေသေးဘဲ သူ့ကိုသာ ကြည့်နေ၏။ သူကသာ အာလေးလျှာလေးဖြင့်ဆက်ပြောသည်။

"ကျွန်တော် လူတွေကြားမှာ မနေဘူး။ ကျွန်တော် အခု တောထဲတောင်ထဲ သွားနေမယ် . . . သိလား အစ်ကိုမောင်။ ကျွန်တော် တောထဲတောင်ထဲမှာပဲ နေမယ်"

ကျွန်တော်သည် သူ့ကို အထူးဘာမျှ ဆက်ပြောရန် မရှိတော့။ ဆက်ပြောနေ၍လည်း ဤအခြေအနေမျိုးတွင် ထူးမည်မဟုတ်။

"ကောင်းပါပြီကွာ . . . ။ အစ်ကိုမောင် မနက်ဖြန် တောင်ကြီးကို သွားတော့မယ်။ မောင်ညွန့်ကို လာနှုတ်ဆက်တာပါ။ အစ်ကိုမောင့်ဆီကို စာမှန်မှန်ရေးပေါ့ ဟုတ်လား . . . သွားမယ် "

ကျွန်တော်သည် နေရာမှ ဖွတ်ထထွက်ခဲ့သည်။ တင်မောင်ညွန့်က အရက်ဖန်ခွက်ကိုင်ရင်း တိုက်ပေါက်ဝအထိ လိုက်ပို့သည်။

"သွားတော့ အစ်ကိုမောင်။ အစ်ကိုမောင့်ဆီ စာရေးပါ့မယ် . . . ။ ကျွန်တော့်ဆီက စာမရရင်တော့ တောထဲတောင်ထဲရောက်နေပြီမှတ်။ ကျွန်တော် တောထဲတောင်ထဲမှာပဲ နေမယ်။ သိလား အစ်ကိုမောင် . . . "

ကျွန်တော့်စိတ်မှာ မချမ်းသာလှပါ။ စိတ်မချမ်းသာ၍လည်း ဘာကိုမျှ ကျွန်တော်က ပြုပြင်ပြောင်းလဲ ပေးနိုင်စွမ်းသူ မဟုတ်။

ကျွန်တော်သည် အေးအေးလူလူ စဉ်းစားလိုသောကြောင့် ရွှေလမ်းမှ ပုသိမ်လမ်းသို့ လမ်းလျှောက် လာခဲ့သည်။

ကျွန်တော်သည် ခိုင်တို့အိမ်၌ပင် တည်းသည်။ ကျွန်တော့်ကို ဘူတာရုံသို့ လိုက်ပို့ရန်အတွက် ဖေဖေနှင့် မေမေလည်း ရောက်နေကြသည်။ ငြိမ်းမောင်လည်း မင်္ဂလာဒုံမှ လာမည်ဖြစ်၏။

အိမ်သို့ရောက်သောအခါ ပန်းခြံတွင်း၌ တစ်ဦးတည်း ရပ်နေသော ခိုင့်ကို ကျွန်တော် လှမ်းတွေ့ရသည်။


ကျွန်တော်သည် အိမ်တွင်းသို့ မဝင်ဘဲ ခိုင်ရှိရာဘက်သို့ လျှောက်သွား၏။

ခိုင်နှင့် ကျွန်တော်တို့သည် ခုံတန်းရှည်တစ်ခုပေါ်၌ ထိုင်ကြသည်။ ဘေးတစ်ဝိုက်ရှိ စံပယ်ချုံကြီးတို့ဝယ် ငွေစံပယ်ကြုမွှေးတို့ ဖြူဖြူဖွေးနေသည်။ ရနံ့တို့လည်း ကြိုင်လှိုင်အေးမြနေ၏။ ခိုင့်ခေါင်းတွင်လည်း စံပယ်ပန်းတို့ ဝေနေ၏။ ကျွန်တော်သည် ငယ်စဉ် ကလေးဘဝက ခေါင်းတွင် စံပယ်ဖြူဖြူပန်လျက် မြရာပင်ကြီးအောက်မှ ကျွန်တော့်ကို စိတ်ကောက်လျက် ထွက်ပြေးသွားခဲ့ဖူးသော ခိုင့်အား အမှတ်ရမိသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


cosmobeauté
Myanmar 2015
Myanmar Hair Professionals' Association
(MHPA) အား အထူးကျေးဇူးတင်ရှိခြင်း



ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Center (MCC) ခန်းမတွင် ၂၀၁၅ ခု၊ ဇွန်လ (၁၁)ရက် မှ (၁၃)ရက်နေ့အထိ ဒုတိယအကြိမ်မြောက် မြန်မာနှင့် နိုင်ငံတကာ အလှကုန်၊ ဆံပင်နှင့် Spa အလှကုန်ပစ္စည်းများ ရောင်းချမိတ်ဆက်ပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပါသည်။

ယင်းပွဲတွင် နာမည်ကျော်အတတ်ပညာရှင်များ၏ အထူး မိတ်ကပ်လိမ်းခြယ်ပြသခြင်း၊ လက်သည်းအလှဖန်တီးခြင်း၊ Spa များအား အဆင့်မြှင့်တင်ပေးမည့် နည်းပညာများ ဖြန့်ဝေခြင်းများအပြင် ဗီယက်နမ်၊ ဂျာမဏီ၊ စင်္ကာပူ၊ ကိုရီးယား၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်နှင့် အိန္ဒိယစသည့် ပြည်ပနိုင်ငံများနှင့် ပြည်တွင်းမှဆိုင်ပေါင်း ၅၀ ခန့် ပါဝင်ကာ အလှကုန်ပစ္စည်းများနှင့် အလှအပဆိုင်ရာ ဝန်ဆောင်မှုများကို ပြသပေးသွားခဲ့ပါသည်။

ယခုကဲ့သို့ Cosmobeauté Myanmar 2015 ပွဲကြီး စည်ကားသိုက်မြိုက်စေရန် မြန်မာနိုင်ငံဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း Myanmar Hair Professionals' Association (MHPA)မှ အမှုဆောင်များနှင့် အတတ်ပညာရှင်များ၏ သရုပ်ပြတင်ဆက်မှုများ၊ နည်းပညာပေးဟောပြောမှုများနှင့် အတူ အသင်းသားများ အတူတကွ ပူးပေါင်းပါဝင်လာနိုင်စေရန် တာဝန်ယူဆောင်ရွက်ပေးခြင်းတို့အတွက် မြန်မာနိုင်ငံ ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း (MHPA) ကို အထူးကျေးဇူးတင်ရှိပါသည်။

ပွဲစီစဉ်ကျင်းပရေးကော်မတီ
Cosmobeauté Myanmar 2015



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဂမုန်းလမ်း၊ အမှတ်(၇၁)၊ ပေ(၂၀×၆၀)၊ အမှတ်(၆၉/ခ)၊ ပေ(၁၂×၆၀)နှင့် အမှတ်(၈၃)၊ ပေ(၂၀×၆၀)၊ မြေအကျယ်စုစုပေါင်း(၄၆×၆၀)ပေ မြေကွက်များကို ပိုင်ရှင်ဖြစ်သူ ဒေါ်ချို[၁၂/သဃက(နိုင်)၁၀၉၇၈၄]၊ ဒေါ်စိုးစိုးမြင့်[၁၂/သဃက (နိုင်)၀၆၄၄၇၁]၊ ဦးကျော်ဆန်းဝင်း[၁၂/လသန(နိုင်)၀၀၁၄၂၅]၊ ဦးထိန်လင်းကျော်[၁၂/သဃက(နိုင်)၁၄၈၇၄၀]၊ ဒေါ်ဖြိုးဖြိုးစံ[၁၂/သဃက (နိုင်)၁၆၃၅၂၅]၊ မောင်ကျင့်ကိုကိုတို့နှင့် ကျွန်ုပ်၏မိတ်ဆွေက ၄၂ တိုက်ဆောက်ရန် ၁၀-၆-၂၀၁၅ ရက်က စာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။

မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင် ကန့်ကွက်သူမရှိပါက တိုက်အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းကို အပြီးတိုင် ဆောင်ရွက်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-


ဦးရွှေလှိုင်တင်
**HA, HGP, Post Graduate**
**Diploma in Law (1st Batch) DBL** (စဉ်-၅၉၇၈)
**ရှေ့နေနှင့် စီးပွားရေးလုပ်ငန်းများဥပဒေအကြံပေး**
**ခေတ္တ-အမှတ်(၃၆)၊ ၅-လွှာ၊ ဘိုကလေးဈေးလမ်း၊ (၆)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉- ၉၇၅၂၀၇၀၉၇၊ E-mail:shwe Hlaing Tin @ gmail.com**



**FAIR & SQUARE** Travels and Tours Co.,Ltd.
၂၀၁၄- ၂၀၁၅ Tour ရာသီ နှုတ်ဆက်ခရီးစဉ် (ဇူလိုင် ၃၀ ရက်နေ့ထွက်ပါမည်)
July - 30 ရက်နေ့မှာ .... ၄ ည/ ၅ ရက် ပုဂံ-ညောင်ဦး-ပုပ္ပါး ခရီးစဉ် ကို အထူးဈေးနှုန်းဖြင့် ဆွဲပေးထားပါတယ် ......
***** မြန်မြန်စာရင်းပေးသွင်းဖို့ တော့လိုမယ်နော် *****
ပါဝင်သောဝန်ဆောင်မှုတွေကတော့ -
အဲကွန်းကား /ရေသန့်/စန်းတာဝါ/ဝင်ကြေး/စက်လှေခ/တောင်တက်ကားခများ ၊
- ရွှေပိုးအိမ် (၁) ဟိုတယ်တွင် ၂ ညတာ အနားယူတည်းခိုခွင့်
- ခရီးစဉ်တစ်လျှောက် မနက်/နေ့လည်/ ညစာ
* နေ့လည်စာ ကို ဘယ်Tour မှာမှ မကျွေးဘူးသေးတဲ့ ပုဂံရွှေနန်းတော်ထဲတွင် ဘူဖေး သုံးဆောင်ပါမည်။
* ညစာကို ဟိုတယ်ရှိ ရေကူးကန်ဘေးတွင် ဘူဖေး သုံးဆောင်ပါမည်။
အဲ့လို ဝန်ဆောင်မှုအပြည့်ပေးထားပေမဲ့ ကျသင့်ငွေကတော့ တစ်ဦးမှ...
စရိတ်ငြိမ်း 150000/- ကျပ် ထဲနော် ...
Tel : 01 377688, 01 245993, 09 7300 2211, 09 7300 5511



GRACE EDUCATION
Learning Center
No. 92, 51 St., Middle Blk, Yangon.
TOEFL TEST Preparation Course (Start on 27th June)
SAT + SUN - 2:00 - 5:00 PM - 2 Month
SAT English Preparation Course (Start on 1st July)
MON - WED - 3:30 - 5:00 PM - 3 Month
SAT Maths Preparation Course
MON + TUE - 5:15 - 6:45 PM - 3 Month
GENERAL EDUCATION DEVELOPMENT
( GED DIPLOMA = US GRADE 12 )



Year Gap
09 51 40 80 2
0925 880 5582
0979 18 22 665



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-စ၊ မြေကွက်အမှတ်-၆၆၇၃/၂၊ မြေကွက်တည်နေရာအမှတ်-၆၆၇၃/၂၊ သန္တာ(၆)လမ်း၊ ဒေါ်သိန်းကြွေ(ကေအိုင်တီ-၀၆၃၂၃၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းကြွေ အပျိုကြီးဘဝဖြင့်(ကွယ်လွန်)၊ အစ်ကိုအရင်းဖြစ်သူ ဦးထွန်းကြိုင်(ကွယ်လွန်)၊ ဇနီးဖြစ်သူ ဒေါ်စိန်(ကွယ်လွန်)၍ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မြင့်ကြည်[၁၂/ဥကမ(နိုင်)၀၆၅၀၁၁]က အမည်ပေါက်၏ တူမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# နွယ်ငြိမ်းရွာထွက်မြေအိုး မန္တလေး၌ လချီနေထိုင်ရောင်းချ

**မန္တလေး ဇွန် ၂၅**

ရွှေဘိုမြို့နယ် နွယ်ငြိမ်းရွာမှထွက်သော အိုးမျိုးစုံသည် မန္တလေးဈေးကွက်တွင် နာမည်ရပြီး နွယ်ငြိမ်းရွာထွက် စဉ့်အိုး၊ ပန်းအိုး၊ ဘုရားပန်းအိုးမှအစ အခြားအိုးမျိုးစုံကိုဝယ်ယူကာ မန္တလေးမြို့နှင့်အနီးထိ ကိုယ်ပိုင်စက်လှေများဖြင့် လချီနေထိုင်ရောင်းဝယ်သူများမှာ ယခုထက်တိုင်ရှိနေကြောင်း သိရသည်။

ကုန်စည်များ သယ်ယူပို့ဆောင်ရောင်းဝယ်မှုတွင် ရေလမ်းသည် အသုံးဝင်လှသောအစဉ်အဆက်လမ်းကြောင်းပင်ဖြစ်ပြီး စက်လှေ၊ သင်္ဘော၊ မော်တော်ရှပ်ပြေးမှအစ ကုန်တင်ယာဉ်များစွာကို ခေတ်နှင့်အညီ စက်စွမ်းအားမြှင့်ကာ သယ်ဆောင်လာကြ၍ ထိုသို့သယ်ဆောင်မှုများထဲတွင် ကိုယ်ပိုင်စက်လှေများကို အိမ်သဖွယ်ထားကာ ရောင်းဝယ်မှုပြုလုပ်သူများလည်း ရှိသည်။

ရေအတက်အကျပေါ်မူတည်၍ လွတ်လပ်သောနေရာများကို အချိန်ကြာမြင့်စွာဆိုက်ကပ်ကာ ကမ်းတွင်ချထားလေ့ရှိပြီး နွယ်ငြိမ်းမှသယ်ယူလာသော စက်လှေများသည် ရေကျသည့်ကာလတွင် ကမ်းစပ်ကပ်နိုင်ရေးအတွက် ရေနက်သည့်နေရာအထိ လှေဖြင့်ဝိတ်လျှော့ကာ သယ်ယူပြီးမှ တဖြည်းဖြည်းကမ်းကပ်ရလေ့ရှိသည်။

ကမ်းကပ်ပြီးသည်နှင့် စက်လှေပေါ်မှ အိုးမျိုးစုံကို ဂရုတစိုက်ကမ်းစပ်သို့ချထားကြရပြီး စက်လှေတစ်စင်းလျှင် မိသားစုငါးယောက်ခန့်ပါဝင်ကာ ရောင်းဝယ်လုပ်ကိုင်ကြရသည်။

စက်လှေတစ်စင်းလျှင် အိုးမျိုးစုံပါဝင်ပြီး မန္တလေးမြို့ပေါ်ရှိဈေးများသို့ တစ်ဆင့်သယ်၍ ရောင်းချကြကာ ပါလာသည့်အိုးများကုန်မှ ပြန်ကြရပြီး စက်လှေပေါ်တွင် နေထိုင်ရောင်းချလေ့ရှိသည်။

"စက်လှေတစ်စင်းလျှင် သုံးလခန့် ရောင်းချကြပါတယ်။ ပစ္စည်းများကုန်ရင်တော့ ရွှေဘိုနွယ်ငြိမ်းရွာကို ပြန်ပြီး အိုးများဝယ်ယူတင်ဆောင်၍ ထပ်ပြီး လာရောင်းချပါတယ်။ ဒီလိုပဲ ကုန်လိုက်ပြန်သယ်လိုက်နဲ့ တစ်နှစ်ပတ်လုံး လုပ်ကိုင်စားသောက်ပါတယ်။ လက်ရှိရောင်းဝယ်မှုတွေက နွယ်ငြိမ်းရွာထွက်အိုးတွေရဲ့ ဈေးနှုန်းမှာ ပန်းအိုးတစ်လုံးကျပ် ၅၀၀ ကနေ ၁၅၀၀၊ ၂၅၀၀၊ ၃၀၀၀ ကျော်အထိရှိပါတယ်။ စဉ့်အိုးတစ်လုံးကို ကျပ် ၄၅၀၀၊ ဘုရားပန်းအိုးတစ်လုံးကို အနည်းဆုံး ကျပ် ၅၀၀ အထိရှိပါတယ်။ စက်လှေတစ်စင်းလုံးမှာ ကျပ် ၁၅ သိန်းမှ သိန်း ၂၀ ဖိုးအထိ ရှိပါတယ်" ဟု အိုးရောင်းဝယ်သည့် စက်လှေပိုင်ရှင်တစ်ဦးက ပြောပြသည်။



**တိမ်တမန်**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရံ၊လက်သမားသင်တန်းဖွင့်

**ဟိုပန် ဇွန် ၂၅**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန် ရည်ရွယ်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဦးစီးဖွင့်လှစ်သည့် လက်သမား၊ ပန်းရံသင်တန်း အမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက ဟိုပန်မြို့ မြို့မမန်ကောင်းကျောင်းတိုက်၌ ကျင်းပခဲ့ရာ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အတွင်းရေးမှူးဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးကျော်ဇေယျာဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်ကြားပေးမည့်ဘာသာရပ်များအကြောင်း၊ မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက သင်တန်းဖွင့်လှစ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

သင်တန်းအား ဇွန် ၂၂ ရက်မှစ၍ မော်ဟွေ့ကျေးရွာအုပ်စု ဟင်းနားကျေးရွာတွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်ကာ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာငါးဦး၊ ပြင်ပကျွမ်းကျင်ပန်းရံဆရာနှစ်ဦး၊ လက်သမားဆရာနှစ်ဦးတို့က တစ်လတာ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်သည်။

ဖွင့်ပွဲသို့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင် ဦးစိုင်းလှဖေ၊ အဖွဲ့ဝင် ဦးသန်းလွင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဟင်းနားကျေးရွာမှ သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များပေးအပ်

**မိတ္ထီလာ ဇွန် ၂၅**

မိတ္ထီလာခရိုင်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်စဉ်ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံကိန်းဦးစီးမှူး ဦးဝင်းအောင်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များ၏ စီမံကိန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်နိုင်မှုများ၏ အားနည်းမှု၊ အားသာချက်များနှင့် အသားတင်ထုတ်လုပ်နိုင်မှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ယခုနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်သည် ပထမကာလငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သလို ဒုတိယကာလတို ငါးနှစ်စီမံကိန်း၏ အခြေခံနှစ်ဖြစ်ကြောင်းသိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဥယျာဉ်ခြံနှင့် ကိုင်းသီးနှံလုပ်ကိုင်သူများ အဆင်ပြေ

**မိတ္ထီလာ ဇွန် ၂၅**

မိတ္ထီလာမြို့နယ် ရှမ်းတဲ(စံပြ)ကျေးရွာတွင် ဥယျာဉ်ခြံနှင့် ကိုင်းသီးနှံဘက်စုံစိုက်ပျိုးတဲ့ဘက် လုပ်ကိုင်သူများ လူမှုစီးပွားဘဝအဆင်ပြေလျက်ရှိကြောင်း စိုက်ပျိုးမြေ ခုနစ်ဧကခန့်ဖြင့် လုပ်ငန်းလုပ်ကိုင်နေသည့် ဒေသခံတောင်သူ ဦးဘိုရွှေ ကပြောသည်။

"လယ်ယာစိုက်ပျိုးတဲ့လုပ်ငန်းက စိုက်ပျိုးရေအတွက် မိုးကိုမျှော်ပြီးစိုက်ပျိုးရပေမယ့် ဥယျာဉ်ခြံနဲ့ ကိုင်းသီးနှံစိုက်ပျိုးတာက ကိုယ်ပိုင်မြေအောက်ရေတွင်းတူးပြီး စိုက်ပျိုးတာဆိုတော့ မိုးကိုမျှော်စရာမလိုဘူး။ ပြီးတော့ နှစ်ရှည်လုပ်ကိုင်တဲ့လုပ်ငန်းမို့ ရင်းနှီးစရိတ်ရှုံးတာမျိုးမရှိဘူး။ အခု ကျွန်တော့်ဥယျာဉ်ခြံ နှစ်ဧကထဲမှာ သံပုရာ၊ သရက်၊ ပိန္နဲ၊ အုန်းကို အဓိကထားစိုက်ပျိုးထားတယ်။ သံပုရာအပင် ၅၀၀ စိုက်ပျိုးထားပြီးတော့ အဲဒီကနေ တစ်နှစ်ကို ၂၅ သိန်းကနေ သိန်း ၃၀ လောက်အထိ ဝင်ငွေရရှိပါတယ်။ အရင်ကဆို တစ်နှစ်ကို သံပုရာသီးက ရတဲ့ဝင်ငွေက သိန်း ၅၀ ၊ ၆၀ လောက်ထိရှိတယ်။ အခုနောက်ပိုင်း သံပုရာကို စိုက်ပျိုးတဲ့သူများလာလို့ ဈေးနှုန်းကျပြီး ၂၅ သိန်း၊ သိန်း ၃၀လောက်ပဲ ရရှိတော့တာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ရှမ်းတဲ (စံပြ) ကျေးရွာရှိ တောင်သူတစ်ဦးမှာ ဥယျာဉ်ခြံမြေ နှစ်ဧကနှင့်အတူ အခြားကိုင်းသီးနှံများဖြစ်သည့် ပြောင်းဖူး၊ ရုံးပတီ၊ ပဲတောင့်ရှည်၊ ခရမ်းချဉ်၊ ငရုတ်၊ မုန်ညှင်း၊ ဆလတ်ဘူး စသည်တို့ကိုလည်း စိုက်ပျိုးမြေငါးဧကခန့်ဖြင့် မိသားစုခုနစ်ဦးက ဝိုင်းဝန်းလုပ်ကိုင်လျက်ရှိသည်။

စိုက်ပျိုးမြေ တစ်ဧကအား ရင်းနှီးငွေကျပ် သုံးသိန်းခန့်ကုန်ကျပြီး သီးနှံအောင်မြင်ထွက်ရှိရောင်းချပြီးချိန်တွင် ရင်းနှီးငွေကျပ် သုံးသိန်းအပြင် အကျိုးအမြတ် လေးသိန်းကျပ်မှ ငါးသိန်းကျပ်အထိ စိုက်ပျိုးလုပ်ကိုင်သူအတွက် ကျန်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး
## ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် ဘားအံမြို့နယ် စုပေါင်းရုံးဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများနှင့် စည်းကမ်းချက်များကို ၂၆-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၈-၇-၂၀၁၅ ရက်တွင် တင်ဒါဖွင့်ဖောက်မည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ်အစိုးရ အဖွဲ့ရုံး**
**ဖုန်း-၀၅၈-၂၀၂၂၅**

## ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်/မြို့နယ်များတွင် စုပေါင်းရုံး ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများနှင့် စည်းကမ်းချက်များကို ၂၆-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၈-၇-၂၀၁၅ ရက်တွင် တင်ဒါဖွင့်ဖောက်မည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဖုန်း-၀၅၈-၂၁၁၈၁**

KMD
Education Services
ISO
NCC
SQA
Hot Line:
700895,220555
နယ်မှလာတက်မည့်သူများအတွက်နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အဆောင်များစီစဉ်ပေးထားပါသည်။
သင်တန်းကြေးကိုအရစ်ကျငွေပေးချေစနစ်ဖြင့်ပေးသွင်းတက်ရောက်နိုင်ပါသည်။
၂၀၁၄ – ၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သောကျောင်းသား/သူများအတွက်
KMD မှပေးအပ်ချီးမြှင့်သော ပညာတော်သင်ဆု
First Year Diploma in Computing (NCC, UK)
အခြေခံပညာအထက်တန်းဖြေဆို/အောင်မြင်ပြီးသူများအတွက် (UK)နိုင်ငံ၏ ကွန်ပျူတာဒီပလိုမာနှင့်ဘွဲ့လက်မှတ်များရရှိနိုင်မည့် ပညာတော်သင်ဆုများ -
တန်းခွဲသစ်များ
13 July 2015
11am to 2:30pm (M-F)
20 July 2015
1:00pm to 4:00pm (M-F)
Higher National Diploma (SQA, UK)
အင်္ဂလန်နိုင်ငံမှ တိုက်ရိုက်ပေးအပ်သောအဆင့်မြင့်ဒီပလိုမာသင်တန်းကို HND Star Award (ကျောင်းသား/သူများ ၏ အရည်အသွေးကို မြှင့်တင်ပေးသော အကောင်းဆုံး စင်တာဆု)ရရှိထားသော KMD Computer Centre တွင်တက်ရောက်နိုင်ပါပြီ။
ပညာတော်သင်ဆု ၅၀%
တန်းခွဲသစ်များ
29 June 2015
11:30am to 3pm (Tue-Fri)
11 July 2015
7am to 1pm (Sat & Sun)
01- 381035, 391286, 391287, 502233, 534170, 527436, 541328, 546600, 660887 .

# ShinShin® ရှင်းရှင်းကြာဆံချဉ်စပ်စားပြီးအပိတ်စဉ် ဖုန်းငွေဖြည့်ကဒ် ရရှိမည့် ကံစမ်းမဲအစီအစဉ်

## (၁၅-၆-၂၀၁၅) မှ (၂၁-၆-၂၀၁၅)ထိ ပါဝင်ကံစမ်းသူများထဲမှ ငွေဖြည့်ကဒ်ကံထူးသည့်ဖုန်းနံပါတ်များ

### 10,000 တန် ဖုန်းငွေဖြည့်ကဒ် ကံထူးရှင်များ

| | | | | |
|---|---|---|---|---|
| 959979232539 | 959260168860 | 959260245105 | 959798532350 | 959420271960 |
| 95936010222 | 95930572575 | 959970304810 | 959793961038 | 959421140233 |
| 959973781032 | 959262937569 | 95943164326 | 959799713458 | 959798433781 |
| 959792020846 | 959973840997 | 95973187279 | 959970510480 | 959799749964 |

### 5,000 တန် ဖုန်းငွေဖြည့်ကဒ် ကံထူးရှင်များ

| | | | | |
|---|---|---|---|---|
| 959795462713 | 959799981076 | 959788822869 | 959260180733 | 959798574964 |
| 959262244821 | 959794768799 | 959970787550 | 959260867713 | 959790570524 |
| 959260867713 | 959978582892 | 959261067766 | 959254138006 | 959258403842 |
| 959792838242 | 959971573933 | 959798100855 | 95943181219 | 959799399125 |
| 959260867713 | 959795619906 | 959797879773 | 959798377344 | 959256313643 |
| 959794719757 | 9595406682 | 959795200684 | 959791638714 | 959974982148 |

### 3,000 တန် ဖုန်းငွေဖြည့်ကဒ် ကံထူးရှင်များ

| | | | | |
|---|---|---|---|---|
| 959253516162 | 959252429293 | 959794036743 | 959250982329 | 959250287437 |
| 959251100775 | 959971878442 | 959420081388 | 959795470995 | 959979461497 |
| 959254149072 | 959972628351 | 959259483551 | 959793854187 | 959422538265 |
| 959797824573 | 959421718426 | 959263485343 | 959260503141 | 959792735857 |
| 959789338896 | 959260867713 | 959780647049 | 959799180135 | 959254789686 |
| 959798726879 | 959797524211 | 959974935528 | 959974331380 | 959975810116 |
| 959797348659 | 959794454536 | 959263485343 | 959253424762 | 959972654680 |
| 959798118702 | 959260867713 | 959420017236 | 959796261695 | 959794491132 |
| 959420174517 | 959788466756 | 959797929963 | 959794675837 | 95933033174 |
| 959975586632 | 959791870806 | 959793728796 | 959254109341 | 959254887748 |
| 959428139828 | 959789623892 | 959970087993 | 959795589571 | 959798712995 |
| 959798574324 | 95936319939 | 9599788929403 | 959792208055 | 959254887748 |
| 959421130267 | 959421077007 | 959973630593 | 959799193610 | 959795220865 |
| 959797883144 | 959794994527 | 959250662396 | 959795571925 | 959796502817 |

### 1,000 တန် ဖုန်းငွေဖြည့်ကဒ် ကံထူးရှင်များ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| 959979138732 | 959795277496 | 959252765402 | 959798298016 | 959797500767 | 959970830963 | 95977510096 | 959798885969 | 95931058687 | 959788948469 |
| 959799441581 | 959795953743 | 959796395434 | 959253031468 | 959974333152 | 959792513639 | 959970069658 | 959799667513 | 95943171402 | 959977313930 |
| 959974443316 | 959977371191 | 959260168860 | 959799924932 | 9595001140 | 959793728796 | 959257114151 | 959972619856 | 95930498904 | 959260867713 |
| 959798155121 | 959789902251 | 959973292921 | 959793468137 | 959795936641 | 959256555670 | 959253031264 | 959974302285 | 959795511228 | 959797883144 |
| 959250410143 | 959788239192 | 959970182290 | 959797642408 | 959974331380 | 959797929963 | 959798738705 | 959789746585 | 959795032885 | 959448017543 |
| 959972084146 | 959972453664 | 959970119204 | 959796799965 | 959794471735 | 959979196857 | 959795237194 | 959974476175 | 959793779631 | 959259291317 |
| 95931592307 | 959799718461 | 959796680644 | 959790150236 | 959257114151 | 959793444003 | 959799773384 | 959798449801 | 959795589571 | 959797104814 |
| 959975668352 | 959797882779 | 959974069236 | 959251100775 | 959257283137 | 959798919067 | 959256283891 | 959798886348 | 959793468137 | 95931930134 |
| 959973314116 | 959260867713 | 959795355673 | 959428037193 | 959799322093 | 959256210718 | 9973626508 | 959974980320 | 959970325960 | 959253031468 |
| 959973270752 | 959970087993 | 959798433565 | 959975155267 | 959975662160 | 959797528215 | 95973101646 | 95930659430 | 959780443326 | 95931930134 |







PARAMI General Hospital

Sister
- Diploma in Nursing (or) B.N.Sc ဘွဲ့ရဖြစ်ရမည်။

Staff Nurse
- Diploma in Nursing (or) B.N.Sc ဘွဲ့ရဖြစ်ရမည်။

(Human Resource Department)
Phone: (95-1) 651674, 660083, 657226-32
Email: hr@paramihospital.com

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်)မှ အောက်ဖော်ပြပါ ပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်းကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Computer Table | ၃၀ခု |
| ၂။ | Cupboard(Steel,glass door) (6'-3'-1.5') | ၄ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃-၇-၂၀၁၅ရက်၊ ၁၅း၀၀နာရီနောက်ဆုံးထား၍တင်ဒါတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) ဖုန်းနံပါတ်-၀၅၇-၂၇၆၀၄၊ ၀၉-၂၅၅၉၇၁၃၇၂ သို့စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H.4489 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**က. ည. နခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့။**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/5670 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**က. ည. န၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘဝ သစ်

ကြော်ငြာ

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တည်ဆောက်ခဲ့သော ဖြူးမြို့၊ မြို့နယ်ခန်းမ သစ်ကြီးအား ၂၁-၆-၂၀၁၅ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သဖြင့် ဖြူးမြို့နယ် အသင်း (ရန်ကုန်)မှ အထူးပင်လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဦးမောင်မောင်(ဥက္ကဋ္ဌ)**
**ဖြူးမြို့နယ်အသင်း(ရန်ကုန်)**
**နှင့် အသင်းသူ၊ အသင်းသားများ**

**Stanford University** နှင့် ရွှေဇနကအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် တို့ ပူးပေါင်းဆောင်ရွက်ဖွင့်လှစ်မည့်
**Advanced Emergency Medicine Training** သင်တန်းလျှောက်လွှာခေါ်ယူခြင်း

- Emergency Medicine for Physicians
- Faculty Members from the Department of Emergency Medicine, Stanford University
- 1. Live formal lectures, 2. Case based presentations, 3. Hands on skill training, 4. Observation in Emergency Departments, 5. Assessment of candidates, 6. Case studies from the show "ER"

First International Emergency Medicine Physician training program created by Stanford Emergency Medicine International Candidates who successfully complete the course will receive a Diploma from Stanford Emergency Medicine International, Stanford University

OPEN HOUSE DATE & TIME - 30th JUNE, 2015, 1:00 PM to 3:00 PM @ 12 Floor, Auditorium,
**Parami General Hospital, Yangon**

ဆက်သွယ်ရန်လိပ်စာ
Email: shwezaneka@gmail.com, ဖုန်း - ၉၅၁-၆၆၇၁၇၃
Email: leo.myatnoe@gmail.com

# ရွှေပဉ္စင်
# ရွှေပြည်သာ
# COMING SOON!

Building a Brighter FUTURE
Since 2007
**VALUESTAR**
EDUCATION CENTRE

- **Human Resource Management**
တနင်္ဂနွေနေ့ (နံနက် ၇း၃၀ မှ ၉း၃၀ ထိ) ၅.၇.၂၀၁၅စမည်။
- **Financial Management**
ကြာသပတေးနေ့ (ညနေ ၆း၀၀ မှ ၈း၀၀ထိ) ၂.၇.၂၀၁၅စမည်။

09-5043580, 5200547, 09-450001145

... Giordano ...
... For you & me Beauty Saloon ...

# UK Degrees

STI MYANMAR UNIVERSITY

www.stiedu.net

### School of Business
BA (Hons) Business Management
BA (Hons) Accounting and Finance

### School of Engineering
BEng (Hons) Civil & Architectural Engineering
BEng (Hons) Electronic Engineering

- **STI MU** အနေဖြင့် သင်တန်းသားများကို အရည်အသွေးပြည့်ဝပြီး ဘက်စုံထူးချွန်သူများဖြစ်စေရန်၊ မိမိကိုယ်ကိုယုံကြည်မှုရှိစေရန်၊ ခေါင်းဆောင်မှုစွမ်းရည်မြင့်စားစေရန်၊ စဉ်းစားချင့်ချိန်နိုင်စွမ်းရှိစေရန်၊ လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းအား အကျိုးပြုနိုင်သူများဖြစ်စေရန်နှင့် သက်ဆိုင်ရာဘာသာရပ်နယ်ပယ် အသီးသီးကို စာတွေ့နှင့်လက်တွေ့ချိတ်ဆက်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။
- ဘွဲ့ကြို ဘွဲ့လွန် **Degree** များကို **University of Bedfordshire** မှ တိုက်ရိုက်ချီးမြှင့်ပါမည်။
- သင်တန်းကာလတက်ရောက်နေစဉ်အတွင်း ထူးချွန်သူများအား **Scholarship** (ပညာသင်) ဆုများ ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ပါသည်။
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ Foundation Program ကို စတင်တက်ရောက်နိုင်ပါသည်။
- စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သောဘွဲ့၊ အဆင့်မြင့်ဒီပလိုမာရရှိပြီးသူများ၊ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူများ၊ **HND, ABE** အဆင့်မြင့် ဒီပလိုမာအောင်မြင်ပြီးသူများ **BA(Hons)** ဘွဲ့နောက်ဆုံးနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်ပါသည်။



Block-10, MICT Park
လှိုင်တက္ကသိုလ်၊ ရန်ကုန်
Ph: 507151, 507152
377988
Email: enquiry@stiedu.net

# ဇဝ အားတိုးဆေးရည်

ကိုယ်တွင်း ဩဇာဓာတ်များအားနည်း ကျန်ခမ်းနေပါသလား။

**"ဇဝအားတိုးဆေးရည်က သင့်ကျန်းမာရေးကို တာဝန်ယူပါရစေ"**

အစားမဝင် အိပ်မပျော် အလုပ်မလုပ် ဝမ်းမရှစ်

ပျောက်ကင်းစေပြီး အားပြည့်လန်းဆန်းစေသည်။

- နာတာရှည်ရောဂါသည်များအတွက် နလန်ပြန်ထစေနိုင်သည်။
- အထူးသဖြင့်ခုခံအားကျရောဂါဝေဒနာစိုးရိမ်ရသည့်အဆင့် ခံစားရသူများ သောက်သုံးလျှင်ပင်လူသာမန်များကဲ့သို့ လုပ်ငန်းခွင်ပြန်ဝင်နိုင်သည်။
- အထူးအသက်ရှည်ဆေးအဖြစ် သုံးစွဲနိုင်သည်။
- Anti oxidant Action ရှိကြောင်း လက်တွေ့သုတေသနပြုပြီး။
- Acute Toxicity Test ကိုလည်းစမ်းသပ်ပြီး သိပ္ပံနည်းကျ သုတေသနပြုလုပ်ထား၍ Side effect ဘေးထွက်ဆိုးကျိုး ကင်းကြောင်း သိရှိရပြီး ဖြစ်ပါသည်။
- From Experience ~ To Evidence






အုံဘာနန်းနော်

တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် - TMR 010126 (0216)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက (တနယ်ငင်း) ၀၃၂/၀၅၁၅

ပင်ရင်း ❖ ဇဝ ဆေးတိုက်
အောင်ဇေယျမြို့တော်၊ ကျန်စစ်သားလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
☎ ၀၉-၂၅၀၂၉၅၃၇၃၊ ၀၉-၇၉၇၅၅၅၄၂၁၊ ၀၉-၇၉၇၅၅၅၄၁၂၊ ၀၉-၇၉၇၅၅၅၆၂၁၊ ၀၉-၇၉၇၅၅၅၆၁၂၊ ၀၉-၄၉၇၄၂၇၄၉၊ ၀၉-ဂ၅၇၅၃၄၁

# အမြန်အလိုရှိသည်

တည်ဆောက်ဆဲ အထပ်မြင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် Civil Work လုပ်ငန်းများ(အုတ်စီလုပ်ငန်း၊ နံရံချောခြင်းလုပ်ငန်းအပါအဝင်) လုပ်ဆောင်ရန်အတွက် ကျွမ်းကျင်သော သန်လျက်ကိုင် ပန်းရံလုပ်သား(၂၀)အထက်ပါဝင်သော ကန်ထရိုက်တာ အဖွဲ့များ အလိုရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ-အထွေထွေမန်နေဂျာ

-အမှတ်(၂၃/စီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

-ဖုန်း-၀၁-၈၆၀၅၀၀၃၊ ၈၆၀၅၀၀၄၊ ၈၆၀၅၀၄၄၊ ၈၆၀၅၀၄၅

SEVEN စံ မင်္ဂလာ
မြေကွက်ရောင်းဝယ်ရေး
အုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511,
09-33 333 514, 09-33 333 644

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂

အာရှနဂါး
Asia Dragon ကျိက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770




ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊ Top Royal(စိန်ဂေဟာ-ပါရမီ)၊ Junction (Square & Maw Tin)
နဝဒေး (မရမ်းကုန်း)၊ မဟာမြိုင် (အင်းစိန်)၊ ရွှေဝဟိုရ် (တာမွေ)၊ မြရတနာ (သာကေတ)၊ မြဟံသာ (သန်လျင်)၊ တောင်ကြီး - မြသုခ၊ မြိတ် - မင်္ဂလာ
မန္တလေး - ဝင်းလိုက်၊ မြို့မ၊ နိုင်းမွန်း၊ JCGV၊ ပြည် - မင်္ဂလာထွန်းသီရိ၊ ပြင်ဦးလွင် - Movie Planet အဆင့်မြင့်ရုပ်ရှင်ရုံများတွင်တပြိုင်တည်းပြမြီ။

AIR KBZ

NAY PYI TAW ✈ YANGON
YANGON ✈ NAY PYI TAW

from USD 72$
* One Way
* All inclusive
* Terms & Conditions apply

နိုင်ငံ့ဝန်ထမ်းများအတွက် အထူးဈေးနှုန်း

from USD 33$
* One Way
* All inclusive
* Terms & Conditions apply

Daily Flight

| FLIGHT NO. | SECTOR | DEPERATURE | ARRIVAL |
|---|---|---|---|
| K7 234 | Yangon - Nay Pyi Taw | 07:00 | 08:00 |
| K7 235 | Nay Pyi Taw - Yangon | 08:15 | 09:15 |
| K7 236 | Yangon - Nay Pyi Taw | 16:45 | 17:45 |
| K7 237 | Nay Pyi Taw - Yangon | 18:00 | 19:00 |

" နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လေယာဉ်လက်မှတ်ဝယ်ယူသည့် အခါတွင် ဝန်ထမ်းကတ် မိတ္တူ(၁)စောင်နှင့်အတူ ဝန်ထမ်းကတ် မူရင်းအားပြသ၍ဖြင့် AIR KBZ ရန်ကုန်ရုံးချုပ်၊ နေပြည်တော်ရုံးခွဲ၊ အခြားမြို့များရှိ လက်မှတ်အရောင်းဌာနများတွင် လေယာဉ်လက်မှတ်များအား အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည် "



Hotline: (01) 373766, (09) 5280445, (09) 73177805
Tickets Available at
(1) 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
www.facebook.com/AIRKBZ
(2) Pa -184, Near Tha Pyay Gone Market, Ingine Street, Tha Pyay Gone Quarter
Nay Pyi Taw, Ph: (067) 432170, Mobile: (09) 977880320, (09) 73130196

We accept
VISA
www.airkbz.com

ကြော်ငြာ


# ရာပြည့် ကြက်လည်ဆံလက်ဖက်ခြောက် အဝန်ရည်

"ကြက်လည်ဆံလက်ဖက်ခြောက်၊ အဝန်ရည်အမြဲသောက်ပါက ...."

ရာပြည့်စေးဝါးထုတ်လုပ်ရေး yarpyaenine@gmail.com

Super One



# Gold Roast COFFEE MIX

ယနေ့ခေတ်တွင် Flavour ဟုခေါ်သော
အရသာတုများကို အစားအသောက်များတွင်
ထည့်သွင်းလာကြပါတယ်။
ဒီတော့ ကျန်းမာရေးအတွက် မကောင်းဘူးပေါ့...။
သောက်သုံးသူ မိတ်ဆွေများ
ယုံကြည်စိတ်ချစွာသောက်သုံးနိုင်ရန်
ဓါတုပစ္စည်း အရောအနှော လုံးဝမပါဝင်တဲ့...

သန့်စင်ရိုးရှင်းသဘာဝစစ်
Gold Roast ကော်ဖီမစ်

www.facebook.com/GoldRoastMyanmar

# CALIFORNIA UNITEC
Institute of Engineering

edexcel
Approved Centre No. 93845



15th July 2015 တွင်ဖွင့်လှစ်မည့် Civil Engineering တန်းခွဲသစ် အတွက် ကျောင်းသူ/ ကျောင်းသားများအားစတင် လက်ခံနေပါပြီ။

## BTEC HND Higher National Diploma in Civil Engineering

- ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ (အမေရိကန်၊ အင်္ဂလန်၊ နယူးဇီလန်၊ ဂျာမနီ၊ ဂျပန်၊ စင်ကာပူ၊ ထိုင်း) မှ Ph.D, Master of Engineering ဘွဲ့ရ ဆရာများကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၁၀တန်း၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level, တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma ပြီးပါက B.E (Hons) Civil Engineering ဘွဲ့ကို California Unitec တွင်ဆက်လက်တက်ရောက်နိုင်ပါသည်။

Block C နှင့် D ကြား။ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com www.facebook.com/californiaunitec



## မိဘအမည်မှန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅)၊ ဒုတိယတန်း တန်းခွဲ(က)တွင် ပညာသင်ကြားနေသော မအိအိဖြိုး၏ မိဘအမည်မှန်မှာ ဦးမြင့်ရွှေ၊ ဒေါ်ခင်ထွေးရီ ဖြစ်ပါသည်။
ဦးမြင့်ရွှေ၁၂/သကတ(နိုင်)၀၈၅၁၉၃
ဒေါ်ခင်ထွေးရီ၁၂/သကတ(နိုင်)၀၈၃၉၆၄

## ကျေးဇူးဆပ်ပါမည်

၂၂-၆-၂၀၁၅ ရက် ၁၄း၂၀ နာရီခန့် ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိ အိုယံပစ်ဟိုတယ်၌ တည်းခိုနေသူသည် ဟိုတယ်မှ ရွှေဘုံသာလမ်းရှိ "ဆင်းဘရားသား" ဆေးဆိုင်သို့ ဆေးဝယ်ရန် သွားရောက်စဉ် (Taxi)ယာဉ်ပေါ်၌ ရတနာပစ္စည်း (၈)မျိုးပါ ပလတ်စတစ်အိတ်တစ်အိတ် ကျကျန်ခဲ့ပါသဖြင့် တွေ့ရှိသူမှ ပြန်လည်လာရောက် ဆက်သွယ်ပေးပို့ပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။
ဆက်သွယ်ရန်ဖုန်း-
၀၁-၃၇၄၂၇၇၊ ၀၉-၅၀၁၇၁၀၄၊
၀၉-၇၈၅၀၁၇၁၀၄၊ ၀၉-၄၂၀၀၆၆၃၆၆

## ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်

ဖုန်း -0943075129

## စုစုအေးအောင်
လေးဖက်နာ
ပျောက်ဆေး

Hot Line No-0930500100

# အရေးပေါ်လူနာတင်ယာဉ်စနစ် ပေါ်ပေါက်ရေးသည် အလွန်အရေးကြီးပြီး အထူးလိုအပ်နေသည့် လုပ်ငန်းဖြစ်

စာမျက်နှာ - ၃

# ပြည်သူတို့၏ လူမှုစီးပွားဦးစားပေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရမည့်တာဝန်များ ထိရောက်အောင် ကြိုးပမ်းဆောင်ရွက်

စာမျက်နှာ - ၄

## ယနေ့ မာတိကာ


ရေဝတီမြစ်ရေတိုးလာသဖြင့် မြစ်ကြောင်းသွား ရေယာဉ်များအတွက် ရေလမ်းသတိပေးချက်ထုတ်ပြန်
စာမျက်နှာ - ၂

ဘင်္ဂလားဒေ့ရှ်လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦး ပြန်လည်လွှဲပြောင်းပေးအပ်
စာမျက်နှာ - ၈

အရိပ်ရသစ်ပင်များ ခုတ်လှဲမှု ပွင့်လင်းမြင်သာမှုရှိစေလို
စာမျက်နှာ - ၁၀

ကိုလံဘီယာတောအုပ်အတွင်း လေယာဉ်ပျက်ကျ ငါးရက်ကြာမှ သေကံမရောက် အသက်ရှင်သူသားအမိ တွေ့ရှိ
စာမျက်နှာ - ၁၂

ဒီမာရီယာအား ဘာစီလိုနာတွင် လာရောက်ကစားရန် မက်ဆီဆန္ဒရှိ
စာမျက်နှာ - ၁၃




တောင်ဥက္ကလာပတွင် ကား ၂၈၂ စီး ရပ်နားနိုင်မည့် ကားပါကင်နှစ်ခု ဖွင့်လှစ်

pmrsuEm - ၈

## ထူးကဲဒီရေ တက်မည်

**နေပြည်တော် ဇွန် ၂၅**

၂၀၁၅ ခုနှစ် ဇူလိုင် ၂ ရက်မှ ဇူလိုင် ၆ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၄၇ ပေခန့်မှ ၂၀ ဒသမ ၉၀ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၂ ပေခန့်ထိ တက်ဖူးခဲ့သဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

(ကြေးမုံ)

## မြန်မာ့လက်ရွေးစင်အသင်း

## ယူအေအီး၊ နယူးဇီလန်အသင်းတို့နှင့် ခြေစမ်းမည်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများနှင့် ၂၀၁၆ ခုနှစ်၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင်အသင်းသည် ယူအေအီးလက်ရွေးစင်အသင်း၊ နယူးဇီလန်လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၃ ရက်တွင် ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ်(၃)မတိုင်မီ တစ်ပွဲနှင့် ယင်းပွဲအပြီးတွင် တစ်ပွဲတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဩဂုတ် ၂၈ ရက်တွင် ယူအေအီးအသင်းနှင့် ယူအေအီးနိုင်ငံ၌ ခြေစမ်းမည်ဖြစ်ပြီး ကူဝိတ်လက်ရွေးစင်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားရန်အတွက် ကူဝိတ်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၇ ရက်တွင် စာမျက်နှာ ၈ ကော်လံ ၁ သို့



ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မြန်မာယူ-၂၀ ဘောလုံးအသင်းနှင့် ယူအေအီး ယူ-၂၀ အသင်းတို့ ခြေစမ်းခဲ့စဉ်က တွေ့ရစဉ်။






themirror.npt@gmail.com
www.facebook.com/themirrordaily